www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၁၆၉၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၂၀၀၆၁၁

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် (၆၃)၊ ၅–လွှာ၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ။

**အတွင်း၊နှင့်အဖုံးပုံနှိပ်**
ဦးကျင်ရင် (၀၅၄၁၇) ရွှေခြသေ့်ပုံနှိပ်တိုက်၊
အမှတ် (၁၂)၊ သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံ၊

**ထုတ်ဝေခြင်း**
၂၀၁၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်။
အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၁၀၀၀ ကျပ်။

**ဖြန့်ချိရေး**
**အကြွနုစာပေ**
အမှတ် (၂၄)၊ ၃လွှာ(အေ)၊ ထန်းတပင်လမ်း၊ ၃–ရပ်ကွက်၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
☎ – ၀၉၅၀၅၄၆၇၁

အတွင်းဖလင် – ကိုအောင်မင်းလွင်

ထုတ်ဝေသည့်စာအုပ်ကတ်သလောက်အညွှန်း (CIP)

ရ၉၅.ရ၃

ကလောင်စုံ
ပရသည်းဖို ပျောက်ဆုံးသွားသောတစ်ကျွန်းစံ / ကလောင်စုံ။
– ရန်ကုန်၊ သိန်းမင်းစာပေ၊ ၂၀၁၁။

၂၀၀ – စာ၊ ၁၂.၂ x ၁၇.၄ စင်တီ။
(၁) ပရသည်းဖို ပျောက်ဆုံးသွားသောတစ်ကျွန်းစံ

# အကြွနုစာပေမှ

## ထုတ်ဝေခဲ့သောစာအုပ်များ

(၁) ပရသည်းဖို မရဏာမောင်းသံနှင့် ဝတ္ထုတိုများ
(၂) ပရသည်းဖို ပုတ္တမြားကျိန်စာနှင့် ဝတ္ထုတိုများ
(၃) ပရသည်းဖို ဝိညာဉ်ပေးသောလက်ဆောင်နှင့် ဝတ္ထုတိုများ
(၄) ပရသည်းဖို တမလွန်မှသူသိစေနှင့် ဝတ္ထုတိုများ
(၅) ပရသည်းဖို အိမ်မည်းကြီးနှင့် ဝတ္ထုတိုများ
(၆) ပရသည်းဖို ဝိညာဉ်ရိုက်သံနှင့် ဝတ္ထုတိုများ
(၇) ပရသည်းဖို ဝိညာဉ်တောင်ကျိန်စာနှင့် ဝတ္ထုတိုများ
(၈) ပရသည်းဖို ပျောက်ဆုံးသွားသောအလောင်းကောင်နှင့် ဝတ္ထုတိုများ
(၉) ပရသည်းဖို အမုန်း၏ရောင်ပြန်နှင့် ဝတ္ထုတိုများ
(၁၀) ဗိုလ်ချုပ်အောင်ဆန်း၏ ဗိုလ်အောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

အချိန်ကာလက ၁၉၃၇ ခုနှစ် မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့တို့ စိုးမိုးအုပ်ချုပ်ထားစဉ်ကာလ. . .

နေရာက မြန်မာပြည်မြေလတ်ပိုင်း သရက်နှင့်အောင်လံ (မြေထဲ)မြို့ အကြား မြို့အုပ်မင်း ရုံးစိုက်သော'မြို့သာ'မြို့ကလေး။ မြို့သာမြို့ကလေးမှာ ဆောင်းအကြွင်း၏ နှင်းအကျန်အောက်တွင် သက်ဝင်စည်ကား လှုပ်ရှားလျက် ရှိနေချေ၏။

မြို့သာမြို့၏ အသည်းနှလုံးဖြစ်သော မြူနီစပယ် ဈေးဝန်းကျင်တဝိုက် ကြက်ပျံမကျ စည်းကားလို့နေသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ဒီလိုအချိန်မှာ ဈေးကွဲနေပြီ။ ယနေ့မှ ထူးထူးခြားခြား





စည်ကားနေသည်မှာ အကြောင်းထူး အဖြစ်အပျက်ထူးတစ်ခု ရှိနေ၍ပဲလား။

မြို့သူမြို့သားများနှင့် ဈေးသူဈေးသားတို့မှာ အလျဉ်းသင့်ရာ အုပ်စု ဖွဲ့၍ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြ၏။

"ယွန်းခင်ခင် အလောင်း မရှိတော့ဘူးတဲ့"

"ကန်ဦးကျောင်းက ကုလားတက်ခေါက်မှ အသုဘ စောင့်တဲ့သူတွေ သိကြရတာဆိုပဲ၊ ဘယ်အချိန်က ပျောက်သွားမှန်း မသိလိုက်ကြဘူး"

"ဒါကြောင့်. . .တညလုံးခွေးတွေအူ ငှက်ဆိုးတွေထိုးနေတာကိုး"

"သွေးရိုးသားရိုးကော ဟုတ်ရဲ့လား"

"အပမှီတာ. . .ဖုတ်ဝင်တာဆိုရင်တော့ ဒုက္ခပါပဲ"

"အလောင်းတွေ့တာက တောထဲမှာလေ၊ ထုံးစံကို ချိုးဖောက်ပြီး မြို့ထဲ အလောင်းပြန်သယ်လာတော့ အခုလိုဖြစ်ကုန်တော့တာပေါ့၊ ရွာတော်ရှင်လဲမကြိုက်၊ အိမ်တွင်းမောင်နှမလဲ မကြိုက်ဘူးမဟုတ်လား"

"တို့မြို့လေးတော့ အကုသိုလ်ဝင်ပါပြီတော်"

တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ပြောဆိုနေကြသော



www.burmeseclassic.com

www.burmeseclassic.com



သတင်းကား ဤသို့။

မြို့မျက်နှာဖုံး လယ်ပိုင်ရှင် ဆန်စက်ပိုင်ရှင် သူဌေးကြီး ဦးဖေအောင် ဒေါ်မိမိခင်တို့၏ တစ်ဦးတည်းသော ချစ်သမီးချော ကလေး 'ယွန်းခင်ခင်' သူ တစ်ပါးလက်ချက်ဖြင့် ရက်စက်စွာ အသတ်ခံခဲ့ရသည်။

အခင်းဖြစ်လျှင်ဖြစ်ချင်း မြို့အုပ်မင်း ဌာနအုပ်မင်း အင်စပိတ်တော်မင်းတို့ အထူးတလည် အလုပ်ရှုပ်သွားရ၏။ အမှု အသွား အလာကို စစ်ဆေးစုံစမ်းပြီး လူသတ်မှုဟု ဌာနအုပ်မင်းက အတည်ပြုလိုက်သောအခါ တစ်မြို့လုံး ယောက်ယက်ခပ်သွားရ တော့၏။

ယွန်းခင်ခင်လို နုနယ်လှပ သိမ်မွေ့လွန်းသော ကွမ်းတော်ကိုင် လုံမပျိုအား မည်သူကများ ရက်ရက်စက်စက် သတ်သွားရတာ လည်းဟူသော မေးခွန်းကို တစ်မြို့လုံးမေးပြီး အဖြေရှာကြ၏။

ထိုအဖြေကို အသိချင်ဆုံးသူက အင်စပိတ်တော်မင်း ဦးဘဒင် ဖြစ်သည်။ အေးချမ်းသာယာပြီး ဆယ်စုနှစ်ပေါင်းများစွာ ကြီးကြီးမားမား ရာဇဝတ်မှုများ ကင်းရှင်းခဲ့သော ဤမြို့ကလေးသို့ သူရောက်ရှိ တာဝန်ယူပြီးသည့် ကာလတစ်လျှောက်လုံးတွင် ပထမဆုံးကြုံရသော လူသတ်မှုဖြစ်သည်။





မြို့အုပ်မင်းက အမှုမှန်ဖော်ထုတ်၍ တရားခံကို အမြန်ဆုံး ဖမ်းရန် ညွှန်ကြားထားသလို ဌာနအုပ်မင်းကလည်း ဖိအားတွေ ပေးနေသဖြင့် တရားခံ ဖော်ထုတ်နိုင်ရေးတာဝန်မှာ သူ့ခေါင်းပေါ် စုပုံကျနေ၏။

ထို့ကြောင့် သေဆုံးသူယွန်းခင်ခင်၏ အနီးအနားမှ လူများ ကို သူအာရုံထားကာ ဂရုတစိုက် လေ့လာကြည့်သည်။ ထိုအထဲ တွင်မှ ယွန်းခင်ခင် နှင့် စေ့စပ်ထားသူ 'ကိုစောဖေ' နှင့် မြို့ဘုရားပွဲ တွင် ရုံသွင်းပြသနေသော မျက်လှည့်ဆရာ ဟိန္ဒူက အမည်ခံ 'ဟံမင်းညို' တို့အား အထူးတလည် စိတ်ဝင်စားမိရသည်။

ကိုစောဖေမှာ ခရိုင်ဝန်ထောက်မင်း ဦးဘဖေ၏သားဖြစ်ပြီး ဖခင်၏အရှိန်အဝါနှင့် ဆိုးသွမ်းချင်သော လူငယ်တစ်ဦးဖြစ်သလို နဖူးစာရှာလည်ကာ ယွန်းခင်ခင်နှင့် တွေ့ဆုံခဲ့ရာမှ မေတ္တာသက်ဝင် ချစ်ခင်စုံမက်လွန်းလှသဖြင့် မိဘများကို နားပူနားဆာတိုက်၍ အတင်းကာရော စေ့စပ်ကြောင်းလုမ်းကာ တောင်းရမ်းခဲ့သူဖြစ်သည်။

ကိုစောဖေနှင့် ယွန်းခင်ခင်ကို အကြောင်းပြု၍ ပြန်လည် ဆုံတွေ့ခဲ့ကြရသော နှစ်ဖက်မိဘများဖြစ်သည့် ဝန်ထောက်မင်း ဦးဘဖေ၊ ဇနီးသည် ဒေါ်တင်တင်လေးနှင့် ယွန်းခင်ခင်၏ မိဘများ ဖြစ်ကြသော ဆန်စက်ပိုင်ရှင် ဦးဖေအောင်၊ ဒေါ်မိမိခင်တို့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပေါင်းမိတ်ဆွေများ ဖြစ်နေကြ၍ သားရေးသမီးရေးကိစ္စ ရွှေလမ်းငွေလမ်း ဖောက်မှုမှာချောမွေ့သာယာ ဖြောင့်ဖြူးခဲ့သည်ဟု ဆိုနိုင်သည်။

သို့သော် ယွန်းခင်ခင်က ကိုစောဖေအပေါ် နှစ်နှစ်ကာကာ မရှိလှဟု မြို့ခံများက ပြောပြကြသည်။ ထိုကိစ္စမှာ မြို့သာမြို့လည်ကြေးသွန်းရုပ်ပွားတော်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်စ၍ ဟိန္ဒူက၏ မျက်လှည့်အဖွဲ့ ရောက်လာသောအခါ ပို၍သိသာ ထင်ရှားလာသည်ဟုလည်း ဆိုကြသည်။

အဘယ်ကြောင့်ဆိုသော ဟိန္ဒူက ခေါ် ဟံမင်းညိုနှင့်ယွန်းခင်ခင်မှာ ငယ်ချစ်များဟု အရပ်သတင်းများက ညွှန်းဆိုနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ကိုစောဖေနှင့် ဟံမင်းညိုတို့ကိုအင်စပိက်တော်မင်း ဦးဘဒင်က စိတ်ဝင်စားမိခြင်း ဖြစ်လေသည်။

*အခင်းဖြစ်သည့်နေ့က ပျောက်ဆုံးနေသော ယွန်းခင်ခင်ကို* လိုက်လံ ရှာဖွေကြရာတွင် မြို့သာပုလိပ်အဖွဲ့သားများ ယွန်းခင်ခင်၏ မိဘအသိုင်းအဝိုင်းအပြင် ကိုစောဖေနှင့် ဟံမင်းညိုတို့ပါ ပါဝင်ခဲ့ကြောင်း ဦးဘဒင်က မှတ်မှတ်ရရ ပြန်မြင်ယောင်နေမိသည်။

မြို့သာမြို့အနောက်ဖက် တောကြီးတန်းအတွင်း ဖြတ်သန်းစီးဆင်းနေသော ယောချောင်းလက်တက်တစ်ခု၏ ရေစပ်တွင်





မှောက်တင်နေသည့် ယွန်းခင်ခင်ကို တွေ့လိုက်ကြရပြီးနောက် ပထမဆုံးသက်ဝင်လှုပ်ရှားလာသူမှာ ဟံမင်းညိုသာဖြစ်သည်။

'ယွန်း'ဟု အသံနက်ကြီးဖြင့် ဟစ်အော်ရင်း ပြေးသွားကာရေစပ်မှ ဆွဲတင်ပွေ့ထူလိုက်သူမှာလည်း ဟံမင်းညိုသာဖြစ်သည်။ ဒုတိယ ရောက်ရှိသွားသူက အင်စပိတ်တော်မင်း ဦးဘဒင်။

လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အသက်ခံရကြောင်း အတည်ပြုပြီးသည့်အခါမှာ သည်းသည်းလှုပ်လှုပ်ဝမ်းနည်းပူဆွေးစွာနှင့် ငိုကြွေးသူမှာလည်း ဟံမင်းညိုသာဖြစ်သည်။

ဦးဘဒင်က ရေစပ်တဝိုက် သဲလွန်စရှာဖွေရင်း မသိမသာအကဲခတ် ကြည့်မိရာတွင် ဟံမင်းညိုနှင့် ကိုစောဖေတို့ တစ်ယောက်နှင့်တစ်ယောက်မျက် လုံးချင်းဆိုင် အကြည့်ချင်း အားပြိုင်နေကြတာကိုလည်း သတိပြုမိသေး၏။

သည်မှာတင် သည်နှစ်ယောက်က ဦးဘဒင်အတွက် အနီးစပ်ဆုံး သံသယ တရားခံများ ဖြစ်လို့လာသည်။ ရည်းစားလုဘက်နှစ်ယောက်ကြားမှ ကံဆိုးစွာ သေဆုံးသွားရရှာသော ယွန်းခင်ခင်အသက်ခံရမှုက စိတ်ဝင်စားဖွယ်ရာအတိ။

ထို့နောက်ပိုင်းတွင်မတော့ အလောင်းကို မြို့တွင်း ပြန်သယ်ရေး မသယ်ရေးကိစ္စနှင့် ပတ်သက်ပြီး အချင်းများကြရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ခံလူကြီးသူမများက မြို့ပြင်တောထဲမှာ သေသည့်အပြင် အစိမ်းသေမို့ မြို့ထဲသို့အဝင်မခံကျချေ။

သူဌေးကြီး ဦးဖေအောင်က သူ့သမီးကို တောကြီးမျက်မည်းထဲမှာ လေးတိုင်စင်နှင့် မထားခဲ့လိုပါဟု အရေးဆိုလာသည်။ ကိုစောဖေကလည်း အဓိပ္ပါယ်မရှိ အယူသည်းစရာ မလိုကြောင်း။ မြို့ထဲ ပြန်သယ်၍ အသုဘ အခမ်းအနားကို ကြီးကျယ်စွာကျင်းပမည်ဖြစ်ကြောင်း တစ်ချက်လွှတ် ဆုံးဖြတ်လိုက်သောအခါ ကန့်ကွက်မည့်သူမရှိတော့။

မြို့ခံလူကြီးသူမများကတော့ မျက်နှာမကောင်းကြ။ သို့သော်လည်း မြို့မျက်နှာဖုံး ဂုဏ်ကြီးရှင်သူဌေးသမီး၏ အသုဘဖြစ်နေသည့်အပြင် မတော်လိုက်ရသော ယောက္ခမလောင်းကလည်း ခရိုင်ဝန်ထောက်မင်း ဖြစ်နေပြန်တော့ မြို့ခံတို့အဖို့ ဘာများကော တတ်နိုင်ပါဦးမလည်းလေ။

သည်လိုအဖြစ်တွေ ဖြစ်ပွားခဲ့ပြီးနောက် သူဌေးမင်း ဦးဖေအောင်၏ ခြံဝင်းအတွင်း တခမ်းတနား ပြင်ဆင်ထားသော ယွန်းခင်ခင်၏ ရုပ်အလောင်း ပျောက်ဆုံးသွားသည့် အခါမှာတော့ အင်စပိက်တော်မင်း ဦးဘဒင်အဖို့ ဘူးလေးရာဖရုံဆင့်ပြီး ရေနစ်ရာဝါးကူထိုးသလို ဖြစ်ခဲ့ရသည်။





ထို့ကြောင့် သံသယ တရားခံနှစ်ဦးနှင့် စကားစမြည်ပြောဆိုအစ် အောက်ကြည့်ရန် စိတ်ကူးပေါ်လာရခြင်းဖြစ်၏။ ဟံမင်းညိုနှင့် ကိုစောဖေတို့ နှစ်ယောက်တွင် တစ်ယောက်က အာဏာအရှိန်အဝါအောက်မှလူ၊ တစ်ယောက်က သဘင်သည်စာရင်းဝင်။

သို့ဖြစ်၍ ဦးဘဒင်တစ်ယောက် မြို့စွန်ဘုရားပွဲဈေးတန်းသို့ အေးအေးသက်သာ လျှောက်လှမ်းလို့လာခဲ့သည်။ နယ်ဘုရားပွဲက ထုံးစံအတိုင်း တစ်လကိုးသတင်း ကြာမြင့်တတ်သည်။ ရှာနီးချုပ်စပ်သာမက အလှမ်းဝေးသော တောနယ်များမှပင် လှည်းတန်းကြီးများဖြင့် ဘုရားပွဲသို့လာကြသည်။

ဘုရားဖူးသက်သက်ပင် မဟုတ်ဘဲ ဒေသထွက်ကုန်စည်များပါ ဖလှယ်ရာ ဈေးတန်းကြီးလဲဖြစ်သည်။ ဟိုနားတစ်စု သည်နားတစ်စု ကိုယ့်ရွာ ကိုယ့်လူများ အလျဉ်းသင့်သလို ဝိုင်းဖွဲ့ရပ်နားထားသော လှည်းဝိုင်းများကလည်း မျက်စိတဆုံး။

လူတွေကလည်း တအုန်းအုန်း။ ကလေးတွေကလည်း တရုန်းရုန်းနှင့် တကယ့်ကို ပျော်စရာ ပျော်စရာကြီးပါပေ။

ထိုပျော်စရာများကို အာရုံမထားနိုင်သော ဦးဘဒင်တစ်ယောက် ကျူထရံမိုး ကျူထရံကာ မျက်လှည့်ရုံရှေ့ ရောက်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှုတွင် ပိတ်စပေါ် အရုပ်ဆွဲ၍ ပြသမည့်ပြကွက်များကို [illegible] ညီး လူအရှင်အား အခေါင်းထဲထည့်၍ လွှနှင့်တိုက် [illegible] များသော ခေါင်းပြတ်ကြီးစသည်ဖြင့် အသည်း [illegible] ဖွယ်ကောင်းလှသော ပြကွက်ဆန်းများကြောင့် ဦးဘဒင်လို [illegible] ခါတ်တော့ချင်း ခုနစ်တန်း အောင်သောပုဂ္ဂိုလ်ပင် သို့လော သို့လော တွေးတောသွားရ၏။

ကလေးဆန်ဆန် ကြက်သီမ်းထသွားသောစိတ်ကို ထိန်းချုပ်ရင်း မှုံအတွင်းသို့ ဝင်လာခဲ့သည်။ အတွင်းပိုင်း အပြင်အဆင်ကလည်း ရှာဘုရားပွဲ နှင့်မလိုက်အောင် ခမ်းနားနေပြန်သည်။ ကြည့်လိုက်ရုံနှင့် ဟိန္ဒူက၏ ခေတ်မှီ တိုးတက်အမြင်ကျယ်မှုကို ခံစားလိုက်ရ၏။

ထိုအခိုက်မှာပင် စင်ပေါ်၌လူတစ်ယောက် လှုပ်ရှားနေတာကို သတိပြုလိုက်မိသည်။ ထိုလူက သူ၏ရင်စို့လော်က်မြင့်သော ခွေးခြေခုံပေါ်မှ ဖန်လုံးစိမ်းကြီးကို ပွတ်သပ်ကိုင်တွယ်ချိန်ရွယ်ရင်း လေထဲမှ စွမ်းအင်တစ်ခုကို ဖမ်းဆုပ်ယူလိုက်ပြီး ဖန်လုံးကြီးထဲ ထည့်သွင်းသလို ပြုမူလိုက်သည်။

ထို့နောက် လက်များဖြင့်မထိဘဲ ထိုဖန်လုံးကြီး ကြွတက်လာအောင် စွမ်းဆောင်နေပြန်သည်။ တဖြေးဖြေးနှင့် ဖန်လုံးကြီး





ကြွတက်လာကာ လေထဲတွင် မျောလွင့်လို့နေ၏။

ဦးဘဒင်လည်း ပြကွက်ကို စိတ်ဝင်တစား ကြည့်ရှုအံ့ဩမင်သက်မိနေရင်း ထိုလူမှာ မျက်လှည့်ဆရာ ဟိန္ဒူကခေါ် ဟာ်မင်းညို မှန်းရိပ်မိကာ လာရင်းကိစ္စကို သတိရသွားခဲ့ရသည်။

ဟာ်မင်းညိုကတော့ သူ၏ပြကွက်ကို စိတ်နှစ်၍ လေ့ကျင့်လျက် ရှိလေသည်။ ဦးဘဒင်မှာ ဟာ်မင်းညို လက်ညှိုးညွှန်စေစားရာသို့ လူးလာ လွင့်မြောသွားလာနေသော အမိန့်နာခံသည့် ဖန်လုံးကြီးကို စူးစိုက်ကြည့်ရင်း စိတ်ညို့ခံထားရသူပမာ ဖတ်စင်ရှေ့သို့ တစ်လှမ်းချင်း တိုးသွားနေမိသည်။

ဖန်လုံးကြီးက အထက်အောက် တောင်မြောက်ဝဲယာ လူးလာတဲ့ပြန် လှုပ်ရှားနေရင်း ဟာ်မင်းညို၏ လက်များဖြင့် စေစားသည့်အတိုင်း မူလကရွှတ်ခွေပေါ်သို့ ဖြေးညှင်းစွာ ပြန်ကျလာကာ ငြိမ်သက်သွားတော့၏။

ထိုအခါမှ အိပ်ရာမှ လန့်နိုးလာသူပမာ ဖြတ်ခနဲ အသိဝင်လာကာ ဟာ်မင်းညိုကို ဂုဏ်ပြုအားပေးသည့်အနေနှင့် လက်ခုပ်တဖြောင်းဖြောင်းတီး၍ ချီးကျူးမိသည်။

ဟာ်မင်းညိုလည်း လက်ခုပ်သံကြောင့် လှမ်းကြည့်ကာ ခေါင်းညိတ်ပြုံးပြရင်း စင်အောက်သို့ ခုန်ဆင်းလာသည်။ ဦးဘဒင်



www.burmeseclassic.com

www.burmeseclassic.com



လက်ကမ်းပေးလိုက် သဖြင့် အပြန်အလှန် လက်ဆွဲနှုတ်ဆက်မိကြ၏။ နှုတ်ဆက်ရင်း ဟံမင်းညိုက…

''ကျွန်တော်တို့အချင်းချင်း ယွန်းခင်ခင်ကို လိုက်ရှာကြတဲ့နေ့က ဆုံဖူးကြတယ် ထင်ပါရဲ့''

''ဟုတ်ပါတယ် ဆရာဟိန္ဒက''

''ကျွန်တော့်ကို ဟံမင်းညိုလို့ပဲ ခေါ်နိုင်ပါတယ်ဗျာ''

အလ္လာပ သလ္လာပ စကားပြောရင်း ဦးဘဒင့်ဟံမင်းညိုကို သေချာစူးစမ်းအကဲခပ် ကြည့်မိ၏။ ဟံမင်းညိုမှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကြည့်ကောင်းသော ကိုယ်လုံးကိုယ်ပေါက်ရှိသည့်အပြင် ကြေးနီရောင် အသားအရည်ကို ပိုင်ဆိုင်ပြီး ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင်နိုင်သည့် ရုပ်ရည်ကိုလည်း ရရှိထားသဖြင့် ယောကျ်ားအချင်းချင်းပင် မနာလိုဖြစ် လောက်စရာ ချောမောသည့် ရုပ်ဆင်းရူပကာ ပိုင်ရှင်ဖြစ်သည်။

အထူးခြားဆုံးက ဟံမင်းညို၏ မျက်လုံးများပင်ဖြစ်သည်။ ထူထဲ ဖြောင့်စင်းသော မျက်ခုံးများအောက်မှ ညိုမှောင်သော မျက်ဝန်းအစုံမှာ တစ်ဖက်သားအပေါ် လွှမ်းမိုးညို့ယူဖမ်းစားနိုင်သော အစွမ်းသတ္တိတို့ ယိုဖိတ်လျှံ ကျနေသလား ထင်မှတ်မှားရ၏။

ဖြောင့်စင်းပေါ်လွင်သော နှာတံနှင့် ပိရိသေသပ်သော





နှုတ်ခမ်းဖျားမှ လွန်စွာနားထောင်ကောင်းသော အသံသြဇာတို့ကိုလဲ ထုတ်လွှင့်နိုင်စွမ်းရှိသေးရာ ခြုံငုံကောက်ချက်ချရပါက မိန်းမများကျ လောက်သည့် လွန်စွာစန်းပွင့်မည့် လူချောလူခန့်တစ်ဦးဆိုလျှင်လည်း မမှားချေ။ ခေတ္တခဏ တိတ်ဆိတ်သွားမှုကို ဟံမင်းညိုက ဖြိုခွင်းလိုက်၏။

''ဟိုတစ်နေ့က ယူနီဖောင်းဝတ်နဲ့ မြင်လိုက်ရလို့ ပုလိပ်အင်စပက်တော်မှန်း သိရပါပြီ၊ နာမည်လေးတဆိတ်လောက် သိပါရစေ၊ ပြီးတော့ ဘာကိစ္စနဲ့ တကူးတက ရောက်လာရသလဲဆိုတာပါ သိချင်ပါတယ်''

စကားပြောရာတွင်လည်း တိကျပြတ်သားသူ ဖြစ်မှန်းသိလိုက်ရသဖြင့် ဦးဘဒင်လည်း သွယ်ဝိုက်မနေတော့ဘဲ…—

''ဒီလိုပါ…ကိုဟံမင်းညို၊ ခင်ဗျားနဲ့ အသတ်ခံရသူ ယွန်းခင်ခင်တို့ရဲ့ ပတ်သက်ဆက်နွယ်မှုနဲ့ အမှုမှန်ပေါ်ဖို့အတွက် အထောက်အကူရမယ့် သတင်းအချက်အလက်များ ရနိုင်မလားလို့ လာခဲ့တာပဲ''

ဟံမင်းညိုက သဘောကျနှစ်မြို့ကြစွာ ပြုံးလိုက်ရင်း…

''တာဝန်အရဆိုပါတော့ ဟုတ်လား၊ ယွန်းခင်ခင်ကို ရက်ရက်စက်စက်သတ်သွားတဲ့ လူသတ်တရားခံနဲ့ အလောင်းကို ခိုးသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ တရားခံကိုမိဖို့ဆိုတာ ပုလိပ်အဖွဲ့ရဲ့တာဝန်ပါ''

''ဟုတ်တယ့်ဒီလိုဖမ်းဆီးရမိဖို့ ဖြစ်စဉ်ရဲ့ နောက်ခံသမိုင်း ဆက်နွယ်သူတွေရဲ့ လူမှုရေးပတ်သက်မှု လူသက်သေ၊ ပစ္စည်း သက်သေကို ထောက်လှမ်းဖော်ထုတ်ရတာလဲ ပုလိပ်အဖွဲ့ကြီးရဲ့ တာဝန်ပါ''

''ကျွန်တော် ဒီမြို့ကို ကျွန်တော့်ရဲ့ မျက်လှည့်အဖွဲ့နဲ့ ရောက် လာတာ ဆယ်ရက်ရှိပါပြီ၊ တကယ်တော့ ကျွန်တော့်ဘဝရဲ့ ငယ်စဉ်ကာလကို ဒီမြို့လေးမှာ ကုန်ဆုံးခဲ့တာပါ၊ ကန်ဦးကျောင်း ဆရာတော်နဲ့ ကပ္ပိယကြီး ဦးဖြူသီးတို့ဟာ ကျွန်တော့်ကို မွေးစား ခဲ့ကြတဲ့ ကျေးဇူးရှင်တွေပေါ့''

ညိုမှောင်သော မျက်ဝန်အစုံက ဝေသီသွားပြီး မမြင်နိုင် သော အဝေးတစ်နေရာဆီသို့ အကြည့်ကို ပို့လွှတ်ထားရင်း···

''ကျွန်တော့်ရဲ့ ငယ်ဘဝမှာ ယွန်းခင်ခင် အတိုင်းအတာ တစ်ခုထိ ပါဝင်ပတ်သက်ခဲ့တယ်၊ အပြန်အလှန် သံယောဇဉ် ရှိခဲ့ကြတယ်၊ ယွန်းခင်ခင်ရဲ့ မိဘတွေကြောင့် ကျွန်တော်တို့ ဝေးခဲ့ ကြရတယ်၊ အဲဒီနောက် ဆယ်နှစ်ဆိုတဲ့ ကာလတစ်ခုကို ဖြတ်သန်းပြီး အခုဒီမြို့ကိုပြန်ပြီး ခြေချခဲ့တာ ဆယ်ရက်ပဲ ရှိသေးတယ်''

စကားစဖြတ်လိုက်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာ···





''ဒီမှာ မျက်လှည့်ပြလို့ သုံးရက်မြောက်တဲ့နေ့မှာ ယွန်းတို့ မိသားစု မျက်လှည့်လာကြည့်ရင်း ပြန်ဆုံကြရတယ်လေ၊ ဒါပေမယ့် ယွန်းက ဝန်ထောက်မင်းရဲ့သား ကိုစောဖေနဲ့ စေ့စပ်ပြီးသားဖြစ်နေပြီ၊ ကျွန်တော် ပြန်လာတာ နည်းနည်းလေး နောက်ကျသွားတယ်၊ ကျွန်တော် သူ့ကိုသိပ်ချစ်တယ်ဗျာ၊ အခုလို အလောင်းတောင် သင်္ဂြိုလ်ခွင့်မရတဲ့ အဖြစ်မျိုးနဲ့ ခွဲခွာရလိမ့်မယ်လို့ ကျွန်တော် ထင်မထားခဲ့ဘူး''

ဆွေးမြေ့ ကြေကွဲသံနှင့် လွမ်းမောစဖွယ် ရှင်းပြသွားပြီး နောက် ဦးဘဒင်က···

''ယွန်းခင်ခင် အသက်မခံရခင် အတောအတွင်း ခင်ဗျားနဲ့ နှစ်ယောက်ထဲ ဆုံတွေ့မှု ဘယ်နှစ်ကြိမ်ရှိခဲ့သလဲ''

ဟံမင်းညိုက စဉ်းစားသလို တွေဝေသွားရင်း···

''အင်း···နှစ်ကြိမ်တော့ တွေ့ခဲ့ပါတယ်''

''ဘယ်တုန်းကလဲ''

''သူအသက်မခံရခင် သုံးရက်အလိုက နောက်ဆုံးတွေ့ခဲ့ တာပါ''

''ဘာတွေများ ပြောဆိုတိုင်ပင်ခဲ့ကြသလဲ''

မေးခွန်းကို ညိုမှောင်သော မျက်ဝန်းများနှင့် အေးဆေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ရူးစိုက်ကြည့်ရင်း တုံ့ပြန်သည်။ မလုံမလဲဖြစ်သွားသော ဦးဘဒင်တ…

"ကိုယ်ရေးကိုယ်ဘောကို ဝင်စွက်ဖက်တဲ့သဘော မဟုတ်ပါဘူး အမှုအတွက် အထောက်ဖြစ်မဖြစ် သိချင်ရုံပါ"

"ပထမတစ်ကြိမ်က ကျွန်တော်တို့ရဲ့ ငယ်ကျွမ်းဆွေဇာတ်လမ်းကို ဆက်ကဖို့ ကျွန်တော်က တောင်းဆိုတာ၊ ဒုတိယအကြိမ်က မိဘတွေလက်နဲ့ ရေးထားတာကို ခြေနဲ့ဖျက်ပြီး ယောင်းမငြိုးစီး မထွက်ပါရစေနဲ့ လက်မထပ်သေးဘဲ အချိန်ဆွဲပြီး နည်းလမ်းရှာကြရအောင်လို့ တုံ့ပြန်တာ…ဒါပဲ"

သံပြတ်နှင့် မာမာထန်ထန် အဆုံးသတ်သွားသော စကားများအတွက် ကြေကွဲခံပြင်းမှုတို့ အထင်းသား ပေါ်လွင်နေသဖြင့် လူသတ်သမားတော့ မဖြစ်နိုင်ဟု ယူဆလိုက်မိသော်လည်း လက်လှည့်မျက်လှည့် အနုပညာရှင်တစ်ယောက်၏ ပီပြင်စွာ ဟန်ဆောင်မှုများလားဟုလည်း ပုလိပ်ပီပီ ကောက်ချက်ချမိသေး၏။

လောလောဆယ် ဒီလောက်သိရလျှင်ပင် တော်လောက်ပြီဟု ယူဆကာ…

"ကျေးဇူးပဲ ကိုဟံမင်းညို ခင်ဗျားရဲ့ တာဝန်သိသိ ပူးပေါင်းကူညီမှုကို အသိအမှတ်ပြုပါတယ်၊ ကဲ …ကျုပ်လဲ အလုပ်





တွေရှိသေးလို့ သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ…ဦးဘဒင်"

လှည့်ထွက်ရန် ဟန်ပြင်ပြီးမှ ရုတ်တရက်ကောက်ကာငင်ကာ မေးလိုက်သော ဦးဘဒင်စကားကြောင့် ဟံမင်းညို စိတ်အနှောင့်အယှက် ဖြစ်ဟန်တူ၏။

"ပြန်ပေါင်းထုတ်ပြီး အချစ်လမ်း ဆက်လျှောက်ဖို့ သဘောမတူတဲ့အတွက် ယွန်းခင်ခင်ကို သတ်လိုက်တာလား ဟံမင်းညို"

ဒေါသတကြီး တုံ့ပြန်ရန် ဟန်ပြင်ပြီးမှ စိတ်ထိန်းလိုက်ရင်း…

"အင်စပက်တော်ကြီး ဦးဘဒင်…ကျွန်တော်သာ ခင်ဗျားနေရာမှာ ဆိုရင် အကျိုးမဲ့ အချိန်ဖြုန်းနေမှာမဟုတ်ဘူး။ ဝန်ထောက်မင်းရဲ့သားကိုဖမ်းပြီး သက်သေခံ လူသတ်ပစ္စည်း ဘယ်မှာဝှက်ထားသလဲလို့ မေးနေမှာ"

တုံ့ပြန်စကားကြောင့် ဦးဘဒင်တစ်ယောက် သဘောကျသွားကာ ရယ်လိုက်ရင်း…

"ဟား…ဟား…ဟား…ကောင်းပြီ ကိုဟံမင်းညို သိပ်မကြာခင် ရက်ပိုင်းအတွင်းမှာပဲ ယွန်းခင်ခင်ကိုသတ်တဲ့ လူသတ်သမား ဖမ်းမိတဲ့သတင်းကောင်း ခင်ဗျားကြားရမှာပါ…သွားပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဒင်က လှမ်းအော်ပြောရင်း လက်ပြနှုတ်ဆက် ထွက်ခွာသွားတော့၏။ ဦးဘဒင် ထွက်သွားရာသို့ မျက်စိတဆုံး လိုက်ကြည့်ရင်း ပျောက်ကွယ်သွားမှ အနီးရှိဂုံနီဖျင်တပ် သစ်သား ပက်လက် ကုလားထိုင်တစ်လုံးကို လှမ်းဆွဲကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ထို့နောက် ကျို့တို့ကျဲတဲ မိုးထားသော ကျူထရံများကို စိုက်ကြည့်ရင်း အတွေးနယ်ချဲ့နေမိ၏။ စိတ်မောလူမော ဖြစ်သွားဟန် တူသော ဟံမင်းညိုတစ်ယောက် မျက်ခွံများကိုပိတ်ကာ သက်ပြင်း ရှည်ကြီးတစ်ချက် ချလိုက်လေတော့သည်။

▲ ▲ ▲

## နှသစ်သောအတိတ်သမိုင်းစာမျက်နှာ (၁)

ပေရေစုတ်ပြတ် ညစ်ပတ်နေသော ခြောက်နှစ်သားအရွယ် ကောင် ကလေးတစ်ယောက် မြို့လယ်ဈေးအတွင်း ဦးတည်ရာ





မဲ့စွာဖြင့် လျှောက်သွား နေသည်မှာ ဘယ်နှစ်ပတ်ပတ်ပင် မရေတွက် နိုင်တော့။

ကောင်လေးက ကောက်ညှင်းလုပ်သည်နှင့် အကြော်သည် နားရောက်တော့ လွန်စွာဆာလောင် မွတ်သိပ်နေဟန်နှင့် ရောင်းချ နေသည့် စားစရာများကိုကြည့်ရင်း ရပ်လိုက်ပြီး ဗိုက်ကိုပွတ်နေ ရှာသည်။

ပိုက်ဆံတစ်ပြားပေးကာ အကြော်တွေကို အင်ဖက်နှင့်ထုပ် ယူသွားသော ကောင်မလေးကို လှမ်းကြည့်ရင်း တံတွေးကို ဂလုကနဲ မြည်အောင် မျိုချလိုက်ရပြန်၏။ ဆာလောင်မွတ်သိပ်သည့်ဒဏ်ကို မခံနိုင်တော့ဟန်နှင့် ကောင်လေး အကြော်ဗန်းနား တိုးကပ်သွားပြီး ရုတ်တရက်ဆိုသလို အကြော်နှစ်ခုကို နှိုက်ယူလိုက်ရင်း သုတ်ခနဲ ထွက်ပြေးလေတော့၏။

ထိုအခါမှ အကြော်သည် မိန်းမကြီး မြင်တွေ့သွားပြီး ရုတ်ရုတ်သဲသဲ အော်ဟစ်တော့၏။

“သူခိုးလေး. . .သူခိုးလေး. . .အကြော်တွေနှိုက်ပြေးလို့ ဆီးပြီးဖမ်းထား လိုက်ကြစမ်းပါ. . .သူခိုး. . .သူခိုး”

ကျယ်လောင်စွာ အော်ဟစ်လိုက်သံကြောင့် ဈေးအတွင်းမှ လူများ အလန့်တကြား ဖြစ်သွားကာ ပြေးသွားသော ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်မိကြသည်။

ဈေးမှာ အင်္ဂလိပ်အစိုးရက ဆောက်လုပ်ပေးထားသော မြူနီစပယ်ဈေးရုံကြီးဖြစ်သဖြင့် ကုလားအစောင့်များလည်း ရှိနေရာ ကလေးနောက်သို့ အစောင့်ကုလားတစ်ယောက် အပြေးလိုက်သွားတာ မြင်လိုက်ကြရသည်။

သျှောင်ပေစူးလေးနှင့် ညစ်ပတ်နေသော ကောင်လေးမှာ အထိတ်တလန့် အမောတကော ပြေးလွှားနေရင်းမှပင် ငါ့ဝမ်းပူဆာမနေသာ ဆိုသည့် စကားအတိုင်း အကြော်တစ်ခုကို ပါးစပ်ထဲ ထိုးသွင်းကာ ကျန်တစ်ခုကို လက်မှကိုင်ထားရင်း နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ဈေးပြင်သို့ရောက်ရန် အားစိုက်ခြေကုန် သုတ်နေရှာ၏။

အစောင့်ကုလားမှာလည်း ကုလားလိုဆဲရေးတိုင်းထွာပြီး ဗမာလို မပီမသနှင့် 'ဟရေး. . .ကောင်လေး. . .မပွေးနဲ့' ဟု ဟစ်အော်ကာ အပြေးလိုက်နေသည်၊

ကြည့်နေစဉ်အတွင်းမှာပင် ကောင်ကလေးမှာ ဈေးကြီး အပြင်ဘက်သို့ ရောက်ရှိသွား၏။ ကောင်လေးက လွတ်ပြီအထင်နှင့် ပြေးလာသည့်အရှိန်ကို လျှော့လိုက်စဉ်မှာပင် အစောင့်ကုလား မိသွားကာ ဂုတ်မှ လှမ်းဆွဲထားလိုက်သည်။





"ကန်ကလေး နှင်နော် တအားသေးသေးလေး ရှိသေးတယ်၊ ဘာလို့ သူခိုးလုပ်သလဲ. . .မကာန်းဘူးရှိတယ်နော်"

ဟု မပီကလာ ပီကလာနှင့်ပြောရင်း မောနေစဉ်မှာပင် ကောင်ကလေးက အတင်းဆောင့်ရုန်းပြီး ထွက်ပြေးပြန်လေသည်။ ကုလားကလဲ နောက်မှလိုက်ရပြန်တော့၏။

ကောင်ကလေးမှာ အဆက်မပြတ် ပြေးနေရသဖြင့် မောလာဟန်တူ၏။ ပြေးစကလောက် ခြေလှမ်းတွေ မသွက်တော့ဘဲ တဖြေးဖြေးနှေးလာ၏။ ခြေမခိုင်ဘဲ ယိုင်နဲ့လာ၏။ ကံဆိုးချင်တော့ ပြေးရင်းလွှားရင်း ခလုတ်တိုက်ကာ မှောက်ရက် လဲကျသွားရှာတော့သည်။

ကိုင်လာသော အကြော်တစ်ခုမှာလဲ ဖုန်တော သဲတောထဲ လွင့်စင်သွားသဖြင့် ဘာကိုမှ ဂရုမစိုက်အားဘဲ ဖုန်တောထဲမှ အကြော်ကို ကောက်ယူလိုက်စဉ် အကြော်နားသို့ ခြေထောက်တစ်ဖက် ရောက်လာသဖြင့် အလန့်တကြား မော့ကြည့်လိုက်မိသည်။

ကြေးစည်ကိုကိုင်ကာ လျှောက်လာသော ကပ္ပိယကြီး တစ်ယောက်ကို တွေ့လိုက်ရသဖြင့် အားကိုးတကြီး ဖက်တွယ်ကာ ခြေထောက်နှစ်ဖက်ကြား ပြေးဝင်ပုန်းကွယ်နေရှာ၏။ ကပ္ပိယကြီးက မိမိခြေထောက်ကြားမှ ကောင်လေးကို ငုံ့ကြည့်ရင်း အစောင့်ကုလား



www.burmeseclassic.com

www.burmeseclassic.com



အား . . .

"ဟဲ့ . . . ကုလား ဘာဖြစ်လာတာလဲ"

"ဟာရေ . . . ဘုရားဆပ် . . . ဒီကန်ကလေး မကန်းဘူး **ရှိတယ်နော်၊** အကြော်တွေနိုးပြေးတဲ့ သူခိုးလေး . . . ဆပ်"

"ဆာလို့ဖြစ်မှာပေါ့ကွ၊ အကြော်ဘယ်နှစ်ခုယူသွားလို့လဲ"

ကုလားကမသိ၍ မဖြေနိုင်ဘဲဖြစ်နေစဉ် ကောင်ကလေး က . . .

"နှစ်ခုထဲပါ ဘဘကြီးရယ်၊ သားဆာလွန်းလို့ပါ၊ တစ်ခုကို စားတောင် မစားလိုက်ရပါဘူး"

ကပ္ပိယကြီးလဲ ကောင်လေးကို သနားသွားကာ အဖြူရောင် သင်းပိုင်ခါးကြားထဲ လိပ်ထားသော အကြွေစေ့များထုတ်ယူပြီး ကုလားကို ပဲစေ့တစ်စေ့ပေးရင်း . . .

"အကြော်က နှစ်ခုထဲတဲ့၊ ရော့ . . . တပဲယူသွား၊ အကြော် သည်ကို ပေးလိုက်သွားတော့"

"ကန်းပါပြီ . . . ဘုရား ဆပ်"

ကုလားက ကပ္ပိယကို ဆလံပေးကာ ထွက်သွားမှ ကောင် ကလေးလဲ ခြေထောက်ကြားက ထွက်လာခဲ့ဝံ့တော့၏။

ဤတွင် ကပ္ပိယက နောက်မှရပ်ကာ စူးစမ်းနေသော





ဆရာတော်အား . . .

"အရှင်ဘုရား ဒီသူငယ်လေးကို ဘယ်လိုလုပ်မလဲ ဘုရား"

ဟု မေးမြန်းလျှောက်ထားလိုက်ရာ ဆရာတော်က . . .

"ကျောင်းကိုသာခေါ်ခဲ့ ကပ္ပိယကြီး . . . ကျောင်းရောက်မှ မေးမြန်းစုံစမ်းကြတာပေါ့၊ အခုတော့ ဆွမ်းခံနောက်ကျနေလိမ့်မယ်"

"တင်ပါ့ဘုရား"

မျက်လုံးပြူးလေးနှင့် အခြေအနေကို စောင့်ကြည့်နေသော ကောင်လေးမှာ စိတ်အေးသွားဟန်တူ၏။

"ဟဲ့ . . . ကောင်လေး . . . နောက်ဆုံးကိုရင်နောက်က လိုက်လာခဲ့ . . . ကြားလား"

"ဟုတ်ကဲ့"

ကပ္ပိယကြီးက ပြောပြီးသည်နှင့် ကြေးစည်လေးကို တနောင်နောင်ထုရင်း ရှေ့ဆက်လျှောက်သွားတော့သည်။

ကပ္ပိယကြီးနောက်မှ ဝါစဉ်အလိုက် စီတန်းကြွသွားသော သံဃာများကို လက်အုပ်ချီရင်း ကောင်လေးစောင့်နေရာ၏၊ နောက် ဆုံးကိုရင်ကြွလာမှ ကိုရင်နောက်မှကပ်လိုက်ရင်း သံဃာတော်များ ဆွမ်းခံကြွရာသို့ လိုက်သွားရှာလေတော့သည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



# နှသစ်သော အတိတ်သမိုင်း စာမျက်နှာ (၂)

"ဒိန်း...တ တပ် တပ်...ဒိန်း...ချလွမ်း"

ဘင်သံတဒိန်းဒိန်းနှင့် လကွင်းသံ တခြိမ်းခြိမ်းပေးကာ လှုစုနေသော ကုလားကြီး သားအဖရှိရာသို့ လူအများ စုဝေးရောက်ရှိလာကြပြီး ဝိုင်းထိုင်လိုက်ကြသည်။

တဖြေးဖြေးနှင့် လူများလာတော့ ကုလားကြီးက မျက်လှည့်ပညာနှင့် မြွေအလမ္ဘာပညာရပ်များကို ပြသမည်ဖြစ်ကြောင်း လွန်စွာ ရှင်းလင်း ပီသသည့် မြန်မာစကားဖြင့် ပြောဆိုလိုက်ရာ ဝိုင်းအုံနေသော မြို့ခံလူထုနှင့် တောသူ တောင်သားတို့မှာ များစွာ သ...ဘကျ နှစ်ခြိုက်သွားကြလေတော့၏။

"ဟား...ဗမာစကားကို တော်တော်ပြောတတ်တဲ့ ကု...ပါလား"

"ဟုတ်ပဲ့...ဒီအတိုင်းဆို မကြာခင် ကမ္ဘာဝါဖတ်ပြလိမ့်မယ်"

"ဝါး...ဟား...ဟား...ဟား"

အပြန်အလှန် ပြောလိုက်သော လူနှစ်ယောက်၏စကားကြောင့် ဝိုင်းကြည့်နေသော ပရိသတ်ကြီးမှာ လွန်စွာသဘောကျသွားလေတော့၏။





ထိုအချိန်တွင် ဘုန်းကြီးကျောင်းသားလေးနှစ်ယောက် လျှောက်လာကြရင်း ဘင်ထုသံကြားရပြီး လူအုပ်ကြီးဝိုင်းနေသဖြင့် ကလေးသဘာဝ စပ်စုလိုစိတ်နှင့် လူအုပ်ထဲ အတင်းဝင်တိုးပြီး ကြည့်ကြလေ၏။

ကုလားကြီးက ဘာမှမရှိသော သေတ္တာနက်လေးကို တုတ်ကလေးတစ်ချောင်းနှင့် တီးခေါက်ပြီး အံ့ဝှက်မရှိကြောင်းပြသရင်း အများမြင်သာအောင် အဖုံးပိတ်လိုက်သည်။ ထို့နောက် လေထဲမှ တစ်ခုခုကိုယူ၍ ထည့်လိုက်ဟန်ပြုပြီးနောက် အဖုံးကိုပြန်ဖွင့်ပြသည်။ ထိုအခါ ဘာမှမရှိသော သေတ္တာလေးထဲမှ ရောင်စုံနှင်းဆီပန်းများ ဖြတ်ကနဲ ပေါ်ထွက်လာတာ တွေ့လိုက်ကြရ၏။

ပရိသတ်ကြီးနှင့်တကွ ဘုန်းကြီးကျောင်းသားလေး နှစ်ယောက်လုံး အကြီးအကျယ် သဘောကျသွားကာ လက်ခုပ်သြဘာ ပေးလိုက်ကြသည်။ ဘုန်းကြီးကျောင်းသား နှစ်ယောက်ဖြစ်သော ဟံမင်းညိုနှင့် သံလုံးတို့လည်း လွန်စွာသဘောကျသွားကာ မတ်တပ်ရပ်ကြည့်ရာမှ ငုပ်တုတ်ထိုင်သည့်ဘဝသို့ပင် ရောက်သွားရ၏။

ဤတွင်ကုလားကြီးက အဖြူရောင် လက်ကိုင်ပုဝါကို လက်သီးဆုပ်ထဲ ထိုးထည့်ပြီး ပြုံး၍ကျွန်ုရစ်သော အစလေးကို တဖြေးဖြေးချင်း ပြန်ဆွဲထုတ်လိုက်သောအခါ ရောင်စုံလက်ကိုင်ပုဝါ



www.burmeseclassic.com

www.burmeseclassic.com



အတန်းရှည်ကြီး ထွက်လာပြန်သည်။ ဟံမင်းညိုမှာ သဘောကျနှစ်ခြိုက်မဆုံးတော့။

ဆက်လက်၍ ပြသနေသော ကုလားကြီး၏ ပြကွက်များမှာ ဖယောင်းတိုင်မီးကို ဝါးစားပြခြင်း၊ ဘာမှမရှိသော သံပုံးအလွတ်ထဲမှ ဘဲအရှင် တစ်ကောင် ထုတ်ယူပြခြင်း၊ ဘူးသီးခြောက်ပုလွေကိုမှုတ်၍ ပခြုပ်ထဲမှ မြွေဟောက်ကြီးကို ကခိုင်းခြင်းတို့ဖြစ်၏။

သူတို့နှစ်ယောက်မှာ မြို့တောင်ဘက် စာသင်တိုက်ကျောင်းမှ နာယကဆရာတော်ကို ဆွမ်းစားကြွရန် ပင့်ဖိတ်ရမည့်တာဝန်နှင့် ကပ္ပိယကြီး စေလွှတ်၍ ထွက်လာရခြင်းဖြစ်သည်။

သံလုံးက သတိရသွားပြီး…

"ဟေ့ကောင် ဟံမင်းညို၊ ငါတို့ တောင်ကျောင်းကို သွားရဦးမှာလေ"

ဟံမင်းညိုက မသွားချင်တော့။ ဤမျက်လှည့်ဝိုင်းမှ လုံးဝမထလိုတော့ချေ။ ထို့ကြောင့်…

"မင်းဘဲ သွားလိုက်ပါ…သံလုံးရာ၊ ငါမျက်လှည့်ပြတာ အရမ်းစိတ်ဝင် စားလို့ပါ၊ မင်းပြန်လာမှ ငါ့ကိုဝင်ခေါ်"

"အေး…မင်းကို ကပ္ပိယကြီး ဆော်ပလော်တီးလိမ့်မယ်"

"တီးပစေကွာ"





"ဒါဆိုပြီးရော…ငါသွားပြီ"

သံလုံး ပြေးထွက်သွားတော့ ဟံမင်းညို မျက်လှည့်ဝိုင်းကိုပြန်ပြီး အာရုံစိုက်လိုက်၏။ ကုလားကြီးက ဘူးသီးခြောက်ပုလွေကိုမှုတ်နေပြန်ပြီ။ ဒီတစ်ခါ ပခြုပ်ထဲက ထွက်လာတာ မြွေမဟုတ်၊ ထိပ်တွင် ထုံးထားသော ကြိုးတစ်ချောင်းသာဖြစ်သည်။

ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးမှာ အကြီးအကျယ်အံ့အားသင့်ပြီး မယုံကြည်နိုင်အောင် ဖြစ်သွားကြရပြန်သည်။ ကြိုးကြီးက တကယ့်သက်ရှိ မြွေတစ်ကောင်ပမာ ထိုးထိုးထောင်ထောင်နှင့် လူးလွန့်လှုပ်ရှားနေ၏။

"ဒီကုလားကြီးက လူမဟုတ်ဘူး…မှော်ဆရာကြီးပဲဖြစ်မယ်"

"ဟုတ်မလားကွ…စုန်းကဝေကြီးပဲဖြစ်မှာ"

"ဟုတ်တယ်…ပညာသည်ကြီး"

ဘယ်သူတွေ ဘာပဲပြောပြော ဟံမင်းညိုကတော့ ထိုကုလားကြီးကို အထင်ကြီးလေးစားသည်။ သူပြသသွားသော မျက်လှည့်ပညာကို စိတ်ဝင်စားသွားသည်။ ဖြစ်နိုင်လျှင် ထိုပညာများကိုပင် သင်ယူလိုက်ချင်သည်အထိ ပြင်းပြစွာ စိတ်ဝင်စားနေမိသည်။

ကြိုးက မြွေလိုကပြသော ပြကွက်အပြီးမှာတော့ ကုလား



www.burmeseclassic.com

www.burmeseclassic.com



လေးက လင်ဗန်းတစ်ချပ်ဖြင့် မြွေကြီးအစာကျွေးရန် လှူပါဟု ပြောကာ လိုက်၍အလှူခံတော့၏။ တပဲတစ်ပြားစသည်ဖြင့် တတ်နိုင်သလောက် ထည့်ဝင်ကြရာ ဝိုင်းတပတ်လည်တော့ တစ်ကျပ်ခန့်ရရှိသွားသည်။

***(ထိုခေတ် ထိုအခါက စာရေးတစ်ယောက် ပုလိပ်တစ်ယောက် လစာမှာ တစ်လခုနစ်ကျပ်ခန့်သာရှိ၏။***

***စာရေးသူ)***

ကုလားကြီးသားအဖမှာ မျက်လှည့်ဝိုင်း ပစ္စည်းပစ္စယများကို သိမ်းဆည်းနေကြပြီ။ လူအုပ်ကြီးလည်း တဖြေးဖြေးရှဲသွားပြီ။ သို့သော်လည်း ဟံမင်းညို တစ်ယောက်သာ ငုတ်တုပ်ကလေး ကျန်ခဲ့၏။

''ပွဲပြီးပြီလေကွာ၊ မင်းဘာလုပ်နေတာလဲ''

သားကလှမ်းပြောလိုက်သဖြင့် အဖေကပါ သတိပြုမိပြီး သူ့ကိုလှမ်းကြည့်နေသည်။ သူရုတ်တရက် ဘာပြောရမှန်းမသိ။ သို့သော် မျက်လှည့်ပညာကို လွန်စွာစိတ်ဝင်စားကာ သင်ယူလိုနေသည်မို့ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိသော သတ္တိများနှင့် ရဲရဲစွာ ပြောချလိုက်၏။

''ဘာဘူကြီး…ကျွန်တော် ဘာဘူကြီးရဲ့ပညာကို အရမ်း





မြတ်နိုးတယ်၊ ဒီမျက်လှည့်ပညာကို အရမ်းလည်း တတ်ချင်ပါတယ်၊ ကျွန်တော့်ကို တစ်ကွက်နှစ်ကွက်လောက် သင်ပေးပါဗျာ''

ပြောပြီးသည်နှင့် ဘုန်းကြီးကျောင်းသားလေး ဟံမင်းညိုက ကုလားကြီးကို မြေပြင်တွင် ပြားပြားဝပ်ကာ သုံးကြိမ်ဦးချ ကန်တော့[illegible]ကျက်၏။

ကုလားကြီးလည်း တအံ့တသြနှင့် လွန်စွာပီတိဖြစ်သွားကာ အနားသို့ လျှောက်လာပြီး ဟံမင်းညို၏ ခေါင်းပေါ်ရှိ ဆံထုံးလေးကို ကယုတယ ပွတ်ပေးရင်း…

''လူကလေး…မင်းက ဘာကိုသင်ချင်တာလဲ''

''မျက်လှည့်ပြကွက် တစ်ခုခုကို သင်ပေးပါ ဘာဘူကြီး ကျွန်တော် ကြီးလာရင် ဘာဘူကြီးလို မျက်လှည့်ဆရာကြီးဖြစ်အောင် ကြိုးစားမှာပါ''

ကုလားကြီးမှာ လွန်စွာသဘောကျသွားဟန်နှင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း…

''ဟား…ဟား…ဟား…ကောင်းတယ်၊ လူကလေး ကောင်းတယ်၊ မင်းစိတ်ဓာတ်ကို သဘောကျတယ်၊ မင်းလို လူငယ်လေးတွေ ဟောဒီ မြန်မာပြည်မှာကော ကျွန်ုပ်တို့ရဲ့ အိန္ဒိယမှာပါ အများကြီးရှိဖို့လိုအပ်တယ်၊ ဒါမှ ကိုယ့်တိုင်းပြည် ကိုယ်အုပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ''

''ကျွန်တော် ဒါတွေကို နားမလည်သေးပါဘူး၊ ရှေလာသော ဆယ်တော့ မျက်လှည့်ပညာသင်ပေးပါ ခင်ဗျာ''

''ကောင်းပြီ လူကလေး မင်းကို အလွယ်ဆုံးပြကွက်နှစ်ခု သင်ပေးလိုက်မယ်''

သင်ပေးမည်ဆိုသဖြင့် ဟံမင်းညို လွန်စွာဝမ်းသာသွားပြီး ကုလားကြီးအား မျက်လှည့်ပြစဉ်ကလုပ်သလို ဆလံပေးလိုက်တော့၏။

ကုလားကြီးက ဟံမင်းညိုလုပ်သမျှ ပြုံးပြုံးကြီးကြည့်ရင်း မျက်လှည့်သေတ္တာကြီးကို ဆွဲဖွင့်ကာ လက်ကိုင်ပုဝါတစ်ထည်နှင့် ဖဲထုပ်တစ်ထုပ်ကို ထုတ်ယူပြီး ဟံမင်းညိုအား စတင်သင်ပြလေတော့၏။

စိတ်ဝင်စားမှုဓာတ်ခံနှင့် ထက်သန်သောစိတ်ဓာတ် ပြင်းပြသောဆန္ဒနှင့် ဖြတ်ထိုးဉာဏ်ကောင်းသော ဟံမင်းညိုမှာ သင်ပြသမျှကို ချက်ချင်းပင် ပြန်လည်လုပ်ပြနိုင်သဖြင့် ကုလားကြီးသားအဖမှာ ဟံမင်းညိုကို ချီးကျူးနေကြလေတော့သည်။

လက်သီးဆုပ်ထဲ လက်ကိုင်ပုဝါထိုးသွင်း၍ လက်ကိုင်ပုဝါ ရောင်စုံလေးများ တဆက်ထဲ ပြန်ဆွဲထုတ်ပြသောပြကွက်နှင့် ဖဲချပ်





လေးများ အပွင့်ပြောင်းအောင် လက်လှည့်ပညာ သုံးရသည့်ပြကွက်တို့ကို သွက်လက်စွာ လုပ်ဆောင်ပြလိုက်ရာ ကုလားကြီးက များစွာ သဘောကျသွားပြီး လက်ကိုင် ပုဝါများနှင့် ဖဲသုံးချပ်ကို လက်ဆောင်ပေးလေ၏။

''ကျေးဇူးတင်ပါတယ် ဆရာဘာဘူကြီး···ဘာဘူကြီးဟာ ကျွန်တော့်ရဲ့ ပထမဆုံး သင်ဆရာအဖြစ် တစ်သက်လုံး အမှတ်ရ ကျေးဇူးတင်နေမှာပါ''

ကုလားကြီးက ဟံမင်းညိုအား နွေးထွေးကြင်နာစွာပြုံးပြရင်း···

''မိဘနဲ့ ဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို သိတတ်တဲ့သူဟာ ဘယ် တော့မှ မဆင်းရဲဘူး လူကလေး···ကြားလား''

''ဟုတ်ကဲ့ပါ ဆရာဘာဘူကြီး။ ကျွန်တော့်ကို ခွင့်ပြုပါဦး''

''ကောင်းပြီ လူကလေး၊ သွားပေဦးတော့ ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့''

လက်ဆောင် ရလာသော မျက်လှည့်ပစ္စည်းကလေးများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဟံမင်းညို ကျောင်းသို့ အပြေးပြန်လာခဲ့သော်လည်း နေစောင်း၍နေပြီ။ ယခုမှပင် ကပ္ပိယကြီး၏ ကြိမ်လုံးကိုသတိရမိပြီး ကျောတွန့်လို့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲရောက်တော့ ကျောင်းသားလေးများနှင့် ကိုရင်အားလုံး တံမြက်စည်း လှည်းသူလှည်း၊ သောက်ရေဖြည့်သူ ဖြည့်၊ ကုဋီ ဆေးသူဆေးနှင့် တာဝန်ကိုယ်စီ ထမ်းရွက်နေတာ တွေ့လိုက်ရ၏။

ဟံမင်းညိုက ပါလာသော ပစ္စည်းများကို ကျောင်းရှေ့ အုတ်လှေခါးအောက်တွင် ဖွက်လိုက်ပြီးမှ သံလုံးတို့အုပ်စု ရေခပ်သွား ရာသို့ ပြေးသွားလိုက်၏။ ထိုအခိုက်မှာပင် . . .

''ဟိတ်ကောင် . . . ဟံမင်းညို ဒီကိုလာခဲ့စမ်း''

ဘယ်အချိန်က မြင်သွားမှန်းမသိသော ကပ္ပိယကြီး လှမ်း ခေါ်လိုက်သံကြောင့် ဟံမင်းညို ဆတ်ခနဲ တုန်သွားရ၏။ မလွန်ဆန် နိုင်တော့လည်း လက်ကလေးပိုက် ခေါင်းငိုက်စိုက်ချကာ ကုပ်ကုပ် လေး လျှောက်လှမ်းသွားရင်း ကပ္ပိယကြီးရှေ့မှာ ရှိုရှိုလေးရပ်လိုက်၏။

''မင်း . . . ဘယ်လျှောက်သွားနေတာလဲ''

''ဟို . . . ဟို . . . လမ်းဘေးမှာ မျက်လှည့်ပြလို့ ဝင်ကြည့် နေတာပါ ခင်ဗျာ''

''အဲဒါ မင်းအလုပ်လား။ ငါနိုင်းလိုက်တဲ့ဆီ မင်းမရောက်ခဲ့ ဘူးပေါ့။ ဟုတ်တယ်မို့လား''

''ဟုတ် . . . ဟုတ်ကဲ့''



''ကိုင်း . . . ဒါဆို ထုံးစံကိုသိတယ်မဟုတ်လား''

ဟံမင်းညို ခေါင်းငြိမ့်ပြရင်း မျက်နှာငယ်လေးနှင့် ကျောင်း အောက်က တိုင်တစ်တိုင်ကို ဖက်ထားလိုက်၏။ ကပ္ပိယကြီးက ကြိမ်လုံးကို လေထဲတွင် ဝှေ့ယမ်းရင်း အသံပေးလိုက်သည်။

''ဗိုး . . . ဝှစ် . . . ဝှစ်''

လေတိုးသံကြားရုံနှင့်ပင် ဟံမင်းညို တစ်ကိုယ်လုံး ဆတ် ဆတ်တုန် သွားရရှာသည်။ မျက်စိစုံမှိတ်ကာ တိုင်ကို တင်းတင်း ကြပ်ကြပ် ဖက်တွယ်ထားရင်း နသယ်စပ်မှချွေးတို့ ယိုစီးကျလာ၏။

''ဘုန်းကြီးကျောင်းသားလုပ်ပြီး လမ်းမှာ အချိန်ဖြုန်းချင် တဲ့ကောင်''

''ရွှမ်း''

''အား''

''ဆွမ်းကျန် ကွမ်းကျန်စားပြီး ကျောင်းဝေယျာဝစ္စ မလုပ် ချင်တဲ့ကောင်''

''ရွှမ်း''

''အား''

''စာမကျက်ဘဲ အဆော့မက်တဲ့ကောင်''

''ရွှမ်း''



www.burmeseclassic.com

www.burmeseclassic.com



"အား"

**စကားတစ်ခွန်း** ကြိမ်တစ်ချက်နှုန်းနှင့် သုံးချက်အရိုက်ခံပြီး တော့ ဟံမင်းညို ပုံရက်သား လဲကျသွားတော့၏။ ကပ္ပိယကြီးက သံလုံးနှင့်ကျောက်ဖြူအား . . .

"သံလုံးတို့ ဒီကောင့်ကိုမသွားပြီး ဆနွင်းသိပ်ပေးလိုက်ကြ"

"ဟုတ်"

▲ ▲ ▲

## "အား"

"နာလိုက်တာကွာ . . . စပ်ကလဲ စပ်သေးတယ်၊ ဖြေးဖြေး လုပ်ပါဟ သံလုံးရ"

"အရိုက်ရာက တော်တော်နက်တယ်ကွ၊ ဒါကြောင့် စပ်တာ၊ မင်းကိုငါ ပြောသားပဲ၊ ကပ္ပိယကြီးတုတ်စာမိမယ်နော်လို့၊ မျက်လှည့်ပွဲ ဝင်ငေးတာ ဘာအကျိုးရှိလဲ၊ အခုအရိုက်ရာထင်တာပဲ အဖတ်တင် တယ်"





သံလုံးနှင့်ကျောက်ဖြူက ဟံမင်းညို တင်ပါးမှ ဒဏ်ရာကို ဆနွင်းသိပ် ပြုစုပေးရင်း အပြစ်တင်နေကြခြင်းဖြစ်သည်။

ဟံမင်းညိုတစ်ယောက် ဈေးထဲတွင် အကြော်ခိုးစားရာမှ ကပ္ပိယကြီးနှင့်ဆုံပြီး ဘုန်းကြီးကျောင်းသို့ပါသွားကာ ဆရာတော်၏ အမိန့်နှင့် ဘုန်းကြီးကျောင်းသား ဖြစ်လာခဲ့သည်။

သူ့ထက် အရင်စော၍ ရောက်နေသော သံလုံးနှင့် ကျောက်ဖြူမှာလည်း ဟံမင်းညိုကဲ့သို့ပင် မိဘမဲ့များဖြစ်ကြသည်။ ဆွမ်းခံထွက်ရင်း ကျောင်းဝေယျာဝစ္စလုပ်ရင်း တကယ့်ညီအစ်ကိုရင်း ပမာ ခင်မင်လာခဲ့ကြသည်။

ယခုလည်း သူ့အတွက် စိုးရိမ်စိတ်နှင့် ပြောနေကြမှန်း ဟံမင်းညို သိသည်။ ထို့ကြောင့် သူငယ်ချင်းများကို စိတ်မပူစေ လိုသဖြင့် အာရုံပြောင်းသွားအောင်လုပ်ရန် စိတ်ကူးပေါက်သွားပြီး အားယူထထိုင်လိုက်ရင်း . . .

"ကျောက်ဖြူ ကျောင်းရှေ့အုတ်လှေကားအောက်မှာ ငါ ထားခဲ့တဲ့ပစ္စည်းတွေ သွားယူပေးပါကွာ"

ကျောက်ဖြူက . . .

"ဘာပစ္စည်းတွေလဲကွ"

ကျောက်ဖြူနှင့်သံလုံးက ဟံမင်းညိုကို နားမလည်သလို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသဖြင့် ဟံမင်းညိုက…

"အဲဒီအောက်မှာ တွေ့တဲ့ဟာ အကုန်သာယူခဲ့ပါကွာ၊ မင်းတို့အံ့ဩအောင် ငါပညာပြမလို့…မြန်မြန်သွား"

ကျောက်ဖြူ အူကြောင်ကြောင်နှင့် ထွက်သွားသည်။ သံလုံးက…

"မင်းဘာတွေလုပ်ဦးမလို့လဲကွာ၊ ကပ္ပိယကြီး လက်သံနဲ့ ဆရာတော်ရဲ့ ဒေါသကိုလဲ သိသားနဲ့ကွာ"

"သူတို့မသိအောင် လုပ်မှာပါကွာ မပူပါနဲ့"

"မင်းအစား ကျောတွေယားလိုက်တာကွာ"

"ဟား…ဟား…ဟား…ဒီမှာ သံလုံး ကြံကြောက်လည်းအောက်မအိပ်နဲ့တဲ့"

"ဘာလဲကွ"

"ကြံဖန်ပြီး ကြောက်တတ်တဲ့ လူအဖို့ ဘယ်အခြေအနေမျိုးမှာမှ မလုံခြုံနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်လေကွာ"

"တော်စမ်းပါကွာ၊ ဂ ကို့ဘဝက နီးရာဓားမကြောက်ရဘဲ နီးရာ ကြိမ်လုံးကြောက်ရတဲ့ဘဝကွ"

ထိုအခိုက် ကျောက်ဖြူက ဟံမင်းညို ထားခဲ့သည့်ပစ္စည်းများသယ်လာပြီး သူတို့အခန်းလေးထဲ ပြန်ဝင်လာသည်။ ကျောက်ဖြူ





မျက်နှာမှာ သိချင်စိတ် စပ်စုချင်စိတ်ကို မဖုံးနိုင်မဖိနိုင်အောင် ရှန်းထင်းလို့နေ၏။

"ဟေ့ကောင်…ဒါဘာတွေလဲ၊ ဘာလုပ်တဲ့ဟာတွေလဲ"

ပစ္စည်းများကို အောက်သို့ချလိုက်ရင်း ကျောက်ဖြူကမေး၏။

"ဘာတွေလဲဆိုတာ အခုမင်းတို့ကို လက်တွေ့ပြမယ်ကွာ"

ဟံမင်းညိုက ပြောပြောဆိုဆို လက်ကိုင်ပုဝါအဖြူကို ကောက်ယူပြီး သံလုံးနှင့် ကျောက်ဖြူအား မြင်သာအောင် ဖြန့်ခါပြလိုက်သည်။ ထို့နောက် ဆရာဘဘူကြီး သင်ပြလိုက်သည့်အတိုင်း လက်သီးဆုပ်ထဲသို့ ထိုးထည့်လိုက်သည်။

ပြူထွက်နေသော လက်ကိုင်ပုဝါအစလေးကို ဆွဲထုတ်မည့်ဟန်ပြုရင်း လေထဲမှ ဘာမှန်းမသိသည့် အရာများကိုလှမ်း၍ ဆွဲယူလိုက်ပြီး လက်သီးဆုပ်ထဲသို့ မန်းမှုတ်သွင်းလိုက်သည်။

သံလုံးကော ကျောက်ဖြူပါ မျက်လုံးအဝိုင်းသားနှင့် ကြည့်နေကြ၏။ ဘာများဖြစ်လာလေမလဲဟူသော သိချင်စိတ် မျှော်လင့်ချက်များနှင့် ပါးစပ်လေးများပါ အဟောင်းသား ပွင့်ဟနေကြ၏။

တဖက်သား၏စိတ်ကို ညှို့ယူဖမ်းစားနိုင်ပြီမှန်း သိလိုက်ရသည့် အခါမှာတော့ ပြူထွက်နေသော လက်ကိုင်ပုဝါအစလေးကို တဖြေးဖြေး ဆွဲထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သံလုံးတို့၏ မျက်လုံးလေးလုံးက ဟံမင်းညို၏ လက်ကိုသာ မျက်ခြေမပြတ် လိုက်ကြည့်နေကြ၏။ လက်ကိုင်ပုဝါ အဖြူလေး၏ နောက်မှ အဝါ အစိမ်း အနီ အပြာစသော ရောင်စုံလက်ကိုင်ပုဝါ လေးများမှာ အနားဒေါင့်ချင်းဆက်၍ တန်းစီထွက်လာကြလေ၏။

သံလုံးက မယုံနိုင်သလိုကြည့်ပြီး ကျောက်ဖြူကမူ အံ့ဩ လွန်းလှစွာဖြင့်...

"ဟာ...ဟံမင်းညို...မင်း...မင်း...မှော်အောင် သွားပြီ၊ မှော်ဆရာကြီး ဖြစ်သွားပြီလား"

ဟုလွန်စွာထိတ်လန့်အံ့ဩဟန်နှင့် အလန့်တကြား ထအော် တော့၏။

"ဟာ...ဟေ့ကောင် ကျောက်ဖြူ၊ ဘာတွေ လျှောက်ပြော နေတာလဲ၊ ငါက ဘာလို့မှော်အောင်ရမှာလဲ၊ ဒါ မျက်လှည့်ပညာကွ၊ မင်းတို့ကို မျက်လှည့်ပြနေတာ"

ထိုအခါ သံလုံးက...

"ဩော်...မင်းက မျက်လှည့် ထိုင်ကြည့်နေရုံတင်မကဘူး မျက်လှည့်ပညာပါ သင်ခဲ့တာကိုး၊ တော်လိုက်တဲ့ကောင်ကွာ"

"မျက်လှည့်ပညာကို ငါအရမ်းဝါသနာပါလို့ ဒီလောက် မြန်မြန်တတ်လာတာပါ၊ ကဲ...ဒီဖဲသုံးချပ်နဲ့ မင်းတို့ကို ငါလုပ်ပြ





ဦးမယ်"

ဟံမင်းညိုက ဖဲသုံးချပ်ကို ကျွမ်းကျင်စွာ ကိုင်တွယ်ရင်း ဆရာ ဘာဘူကြီး သင်ပေးသမျှ ဖဲမျက်လှည့်ကို သွက်လက်စွာပြသ လိုက်ရာ သံလုံးနှင့် ကျောက်ဖြူ လွန်စွာ သဘောကျသွားကြ လေတော့၏။

ဤသို့ဖြင့် ဘုန်းကြီး ကျောင်းသားလေးများ ဖြစ်ကြသော ဟံမင်းညို၊ သံလုံး၊ ကျောက်ဖြူတို့မှာ ရတနာရွှေချိုင့်၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ပရိတ်ကြီးစသော သင်ရိုးများ သင်အံလေ့ကျက်၍ရင်း၊ ဆွမ်းခံ ထွက်ကြ၍ရင်း၊ ကျောင်းဝေယျာ ဝစ္စများ လုပ်ကိုင်ကြရင်းဖြင့်ရင်း အချိန်များကို ပျော်ရွှင်စွာ ဖြတ်သန်း လာခဲ့ကြ၏။

ဟံမင်းညိုကတော့ သူများထက်ထူးပြီး မျက်လှည့်ပညာကို ကိုယ်တိုင် ကြံဆတီထွင်နေလေတော့၏။ ပင်ကိုဉာဏ်ကောင်း သည့်အပြင် ဝါသနာ အရင်းခံ၍ ဇွဲနဘဲနှင့်ကြိုးစားမှုကြောင့် သံလုံးတို့ တသိုက်တင်မကတော့ဘဲ ကပ္ပိယကြီးမှအစ အနီးအနားမှ လူများပါ မကျန် ဟံမင်းညို၏ ပြကွက်များကို အံ့ဩဘနန်း ကြည့်ရှုရင်း ဟံမင်းညိုအား လေးစားချစ်ခင်နေကြတော့၏။

တစ်နေ့တွင် ကျောင်းသို့ သူဌေးကြီးဦးဖေအောင် ရောက်လာခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သမီးယွန်းခင်ခင်တို့ ဆွမ်းကျိုင့်လာပို့ကြလေ၏။ ဆရာတော်နှင့် သူဌေးကြီး လင်မယား စကားပြောနေခိုက် ယွန်းခင်ခင် ကျောင်းအောက်ဆင်းကာ ဟိုနားဒီနားလမ်းလျှောက်ရင်း ခရေပွင့်များ လွှန်စွာကြွေသည့် ခရေပင်ကြီးကို တွေ့လိုက်သဖြင့် ဝမ်းသာအားရ ပြေးသွားကာ မြင်မြင်သမျှ ခရေပွင့်များကောက်ကာ ပျော်ရွှင်နေလေ၏။

တမြက်စီးလှည်းနေသော ဟံမင်းညို လှဲလက်စတံမြက်စီးကိုကိုင်၍ ထိုမြင်ကွင်းကို နှစ်ခြိုက်စွာ ငေးကြည့်နေမိ၏။ ယွန်းခင်ခင်ကတော့ ဘာမှအမှု မထားမိဘဲ ကြွေနေသော ခရေပွင့်များကိုသာ လောဘတကြီး ကောက်ယူကာ လက်ကိုင်ပုဝါလေးထဲထည့်၍ ထုပ်နေ၏။

ခရေပွင့်ကောက်ရင်း ဟံမင်းညိုအနားရောက်မှ ရုတ်တရက် သတိပြုမိလိုက်ပြီး လန့်သွားရှာ၏။

"အမလေး"

နောက်မှ ရယ်ကျဲကျဲနှင့်...

"လန့်လိုက်တာဟယ် အသံမပေး ဘာမပေးနဲ့၊ နင်က ဒီကျောင်းကလား"

"ဟုတ်ပါတယ်၊ လန့်သွားရင် တောင်းပန်ပါတယ်၊ နင်က





ကော ကျောင်းပေါ်ရောက်နေတဲ့ သူဌေးကြီးလင်မယားနဲ့ ပါလာတာလား"

"အေး...ဟုတ်တယ်၊ အဲဒါ ငါ့အဖေနဲ့အမေလေ"

"သြော်...ဒါကြောင့် နင်ကတခြားမြို့သူတွေနဲ့ မတူဘဲ တသွေးတမွေး ဖြစ်နေတာကိုး"

"အံမယ်...ငါကဘာတွေများ ထူးခြားနေလို့လဲ"

"ထူးခြားတာပေါ့ဟ၊ အဝတ်အစားကအစ စကားပြောပုံ အဆုံး အားလုံးက အဆင့်မြင့်မြင့်နဲ့ အမြင်တင့်နေတာကို"

"အံမယ်...ဘုန်းကြီးကျောင်းသားကလဲ အလာကြီးပါလား"

"ဘုန်းကြီးကျောင်းသားလဲ လူပါပဲဟာ"

"ဟုတ်ပါတယ်၊ ငါက အဲဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး၊ နင့်အပြောကို သဘောကျလို့ ချီးကျူးတာပါ"

"ဒါနဲ့ တို့တွေဆွမ်းခံထွက်ရင် နင်တို့အိမ်ရောက်တာပဲ နင့်ကိုမတွေ့မိပါဘူး"

"မတွေ့ဆို မေမေက ဘုရားတရား သိပ်ကြည်ညိုတာလေ၊ ဆွမ်းလောင်းတာကအစ သူကိုယ်တိုင်လောင်းရမှ စိတ်တိုင်းကျတာ၊ ငါ့ကိုဘယ်တော့မှမခိုင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…ဒါနဲ့ နှင့်နာမည်က ဘယ်သူတုန်း"

"ယွန်းခင်ခင်တဲ့"

"နာမည်လေးက လှလိုက်တာဟာ၊ ငါ့ကိုလဲ မှတ်ထားပါ၊ ဟံမင်းညိုလို့ခေါ်တယ်"

"အမယ်…နှင့်နာမည်လဲ လှတာပါပဲ၊ ကဲ…တို့နှစ်ယောက် သူငယ်ချင်း ဖြစ်သွားကြပြီနော်"

"အေးပါ…နှင် ခရဲပန်းကြိုက်ရင် ငါကောက်ထားပေးမယ်လေ"

"နှင်ကောက်ထားတော့ကော ငါက လာယူနိုင်မှာမှ မဟုတ်တာ"

"ဟုတ်သားပဲ၊ ဘာပဲဖြစ်ဖြစ် သတိတရနဲ့ ငါကောက်ထားလိုက်ပါ့မယ်၊ ဆွမ်းခံရင်းဆုံဆုံ ကျောင်းကိုပဲလာလာ ပေးလို့ရတာပေါ့"

"နှင့်သဘောပဲ"

ထိုသို့ စကားကောင်းကာ ခင်မင်သွားစဉ်မှာပင် ကျောင်းပေါ်မှ သူ့ဒွေးကြီးလင်မယားဆင်းလာပြီး ယွန်းခင်ခင်ကို လှမ်းခေါ်သဖြင့် ဟံမင်းညို နားမှပြေးထွက်ကာ သူ့မိဘများနှင့်အတူ ပြန်ပါသွားတော့၏။





ဟံမင်းညိုမှာ ယွန်းခင်ခင်ကို မျက်စေ့တဆုံး လှမ်းကြည့်ရင်း အဖိုးထိုက် ရတနာတစ်ပါး ကျပျောက်သွားသည့်အလား ခံစားမိရလေတော့သည်။

ရှစ်နှစ်သားအရွယ် ကောင်လေး ကောင်မလေး နှစ်ယောက်၏ ဆုံဆည်းမှုအစသည် လွန်စွာဆွတ်ပျံ့ ကြေကွဲလွမ်းမော ရင်ခုန်ကြည်နူးစရာ ကောင်းလှသော အဖြစ်အပျက်တို့၏ နိဒါန်းပျိုးမှုသာ ဖြစ်ကြောင်း သူတို့နှစ်ဦး စလုံး ဂရုမပြုမိခဲ့ကြပေ။

အခါအားလျော်စွာ ယွန်းခင်ခင် ဆွမ်းကျိုင့်ပို့သည့်နေ့များ၊ ဥပုသ် သီတင်းဆောက်တည်သည့် အခါကြီးရက်ကြီးများတွင် သူတို့နှစ်ဦး အကြိမ်ကြိမ် ဆုံတွေ့ခွင့်ရပြီး တဖြည်းဖြည်းနှင့် သံယောဇဉ် ရင့်သန်လာခဲ့ကြရသည်။

ဆုံမိတိုင်း ဟံမင်းညိုပြုသသော မျက်လှည့်ပြကွက်များကို ယွန်းက သဘောကျနှစ်ခြိုက်နေခဲ့မိသည်။ ဤသို့ဖြင့် ယွန်းခင်ခင်မှာလဲ ရွှေရင်သိမ်းသစ် အလှဆင့်၍ ဆံနွယ်များ အုပ်လုံးသိမ်းသည့် အပျိုဖော်ဝင်စအရွယ်ပင် ရောက်လာခဲ့သည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



## နှသစ်သော အတိတ်သမိုင်း စာမျက်နှာ (၃)

တစ်နေ့ . . .

ထိုနေ့သည် အဖိတ်နေ့ဖြစ်ပြီး နောက်တစ်နေ့မှာ ဝါဆို လပြည့်နေ့ ဖြစ်သည်။ တစ်မြို့လုံးရှိ ကလေးသူငယ် လူရွယ် လူလတ်မကျန် ဝါဆိုပန်းခူး ထွက်ကြသောနေ့ဖြစ်၏။

ရပ်ရွာဓလေ့ ဖြစ်သည့်အားလျော်စွာ ယွန်းခင်ခင်နှင့် အပျိုတသိုက်လည်း ဝါဆိုပန်းခူးထွက်ကြသည်။ သူ့ထက်ပါ ပန်းလုလု ပန်းကောင်းကောင်း ရဖို့အရေး တောထဲတိုးဝင်ရှာဖွေ ခူးယူကြ၏။ ဟံမင်းညိုတို့ ဘုန်းကြီးကျောင်း သားတသိုက်လဲ ထိုအခွင့်အရေးကို လက်လွှတ်မခံကြ။ အားတက်သရော ပါဝင် ဆင်နွှဲကြလေသည်။

ပန်းခူးရင်း တောတိုးရင်း ယွန်းခင်ခင်နှင့် ဟံမင်းညိုတို့ ဆုံမိကြသောအခါ နှစ်ဦးသား ပျော်ရွှင်မဆုံးတော့။ ဟံမင်းညိုက ယွန်းခင်ခင် အတွက် လှပဆန်းပြားသော အရောင်စုံအသွေးစုံပန်း များကို ရှာဖွေခူးဆွတ်ပေးရင်း လူကွဲ၍နှစ်ယောက်ထဲ ကျန်ရစ်ခဲ့ ကြသည်။

လူငယ်များပီပီ ကြောက်ရမှန်း လန့်ရမှန်းမသိ။ တောတိုး





လျှောက် သွားကာ ပန်းများရှာဖွေရင်းနှင့် အတော်အချိန်လင့် သွားကြ၏။ ထိုအခါကျမှ ယွန်းခင်ခင် သတိရလာကာ . . .

"ဟယ် . . . ဟံမင်းညို တစ်တောလုံး တို့နှစ်ယောက်ထဲ ပါလား၊ အဖော်တွေလဲ ဘယ်ရောက်ကုန်မှန်းမသိဘူး၊ ပန်းတွေလဲ အတော်ရနေပါပြီ၊ ပြန်ကြရအောင်ဟယ်"

"အေး . . . အေး . . . ပြန်ကြမယ်လေ"

ဟံမင်းညိုလဲ ထိုအခါကျမှ ပြန်ထွက်ရန် သတိရပြီး နောက် ကြောင်းလှည့်တော့ လမ်းကိုကောင်းစွာ မမှတ်မိချင်တော့။ ဒါကို ဖွင့်ပြောလိုက်လျှင်လည်း မိန်းမသားဖြစ်သော ယွန်းခင်ခင် အားငယ်သွားမည်စိုး၍ ဘာမှဖွင့်မပြောဘဲ လမ်းမှန်တွေ့အောင် ရှာရင်း ချွေးဒီးဒီးကျနေတော့၏။

မှန်းဆလမ်းစရှာရင်း တိုးထွက်သွားလိုက် ဟန်ပုံမပေါက် သဖြင့် ပြန်ထွက်ခါ လမ်းသစ်ရှာလိုက်နှင့် ကြာတော့ ယွန်းခင်ခင် ရိပ်စားမိသွားလေ၏။

"ဟံမင်းညို၊ တို့တွေလမ်းပျောက်နေပြီ မဟုတ်လား၊ ဒုက္ခပါပဲ၊ တဖြည်းဖြည်းနဲ့ မှောင်လာတော့မှာ ဘယ်လိုလုပ်ကြ မလဲဟင်"

ပန်းရလိုဇောနှင့် တိုးဝင်ခဲ့ကြစဉ်က လွယ်ကူသလောက်



www.burmeseclassic.com

www.burmeseclassic.com

ပြန်အထွက်မှာ လမ်းစရှာမရ ဖြစ်နေရသည်။ စိုးရိမ်စိတ်ကြောင့် ဦးနှောက်များ ဆွံ့ပွက်ကာ ချင့်ချိန် ဆုံးဖြတ်နိုင်စွမ်းတို့ပါ ကျဆင်းလာသဖြင့် လမ်းမှန်ကို မတွေ့နိုင်ဘဲ တဝဲလည်လည် ဖြစ်နေကြရလေသည်။

ကြာတော့ ယွန်းခင်ခင် မဟာန်နိုင်တော့။ ဖိနပ်ပေါက်ပြီး လမ်းမလျှောက်နိုင်အောင် ဖြစ်လာသဖြင့် မဖြစ်မနေ ခေတ္တနားလိုက်ကြရသည်။ နားလိုက်တော့မှ ဗိုက်ဆာခြင်း၊ ရေငတ်ခြင်းဝေဒနာတို့က နှိပ်စက်လာပြန်သည်။

ဟံမင်းညိုက ကျောက်တုံး ကျောက်ဆောင်များကြားမှ စီးဆင်းစိမ့်ကျလာသော တောင်ကျစိမ့်ရေကို ပိန်းရွက်ကန်တော့ထိုး၍ ခပ်တိုက်ပြီး တောငှက်ပျောမှည့်တစ်ဖီးကိုပါ ရှာကျွေးကာ နှစ်သိမ့်အားပေးရ၏။

အစာဝင်ကာ ရေသောက်လိုက်ရသဖြင့် အနည်းငယ် အားပြည့်လာတော့မှ ခရီးဆက်ခဲ့ကြပြန်သည်။ ဒီတစ်ခါတော့ ဝေဝေဝါးဝါး မဖြစ်စေရန် တောကြီးအလယ်တွင် တစ်ပင်တည်း ဖြောင့်တန်းမြင့်မားစွာ ပေါက်နေသော ကညင်ပင်ကြီးပေါ်တက်ခါ လှမ်းမျှော်ကြည့်ရင်း လမ်းမှန်ကို ရွေးချယ်ပြီးမှ ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။





လမ်းမှန်တွေ့၍ ခရီးဆက်ခဲ့ကြသော်လည်း ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလို ဝါဆိုမိုးက အညှိုးနှင့် သွန်းဖြိုးရွာချလိုက်ပြန်တော့သည်။ ညနေစောင်းကာမှ အုံ့မှိုင်းညို့ဆိုင်း ရွာသွန်းလိုက်သော မိုးကြောင့် နဂိုကမှ နေပြောက်မထိုးသော တောကြီးမှာ မှောင်ချည်းဆိုသလို မှောင်အတိ ကျသွားပြန်တော့၏။

ယွန်းခင်ခင်မှာလည်း မိုးရေများရွှဲစိုကာ ခိုက်ခိုက်တုန်နေပြီမို့ ဟံမင်းညိုလည်း ခရီးမဆက်နိုင်တော့ပဲ ခိုနားစရာ ရှာရတော့သည်။ ကံအားလျော်စွာ မီးသွေးဖုတ်၊ အုတ်ဖုတ်သူများ တူးထားခဲ့သော ကမ်းပါးဇောင်းမှ ဂူသဏ္ဌာန်မြေကျင်းကြီးထဲ ဝင်ခိုနေကြသဖြင့် မိုးဒဏ်မှ သက်သာခွင့်ရခဲ့သည်။ မျက်နှာငယ်လေးနှင့် အိမ်ပြန်မရောက်မည်ကို စိုးရွံ့ထိတ်လန့်နေသော ယွန်းခင်ခင်က…

''ဒုက္ခပါပဲ ဟံမင်းညိုရယ်၊ အိမ်ကလူတွေ အရမ်းစိတ်ပူနေတော့မယ်၊ တို့တွေ ပြန်ရောက်ပါ့ဦးမလားဟင်''

''သိပ်လဲ ပူမနေပါနဲ့ ယွန်းလေးရယ်၊ ငါအပင်ပေါ်တက်ကြည့်ပြီး လမ်းမှန်ရှာတွေ့နေပြီပဲဟာ၊ မိုးစဲတာနဲ့ စထွက်ရင် မှောင်စပျိုးလောက်ကျရင် မြို့ကိုပြန်ရောက်မှာပါ''

''ငါသိပ်ကြောက်တာပဲ ဟံမင်းညိုရယ်၊ ချမ်းလဲအရမ်းချမ်းတယ်''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောနေခိုက်မှာပင် ကျယ်လောင်ပြင်းထန်စွာ ပစ်ချ လိုက်သော မိုးကြိုးသံကြောင့် ထိတ်လန့်နေသော ယွန်းခင်ခင်မှာ ကြောက်အားပိုစွာနှင့် ဟံမင်းညို့ရင်ခွင်ထဲ တိုးဝင်ပြီး ဖက်ထားမိလိုက် တော့သည်။

ဟံမင်းညိုကလဲ ပိုက်ထွေးနှစ်သိမ့်ပြီး ယွန်းခင်ခင်၏ ပခုံးစွန်းလေးကို ပြန်လည်ဖက်ထားကာ ပွတ်သပ်အားပေး ချော့မြူ လိုက်ရာလေ၏။ ထိုအထိ အတွေ့လေးမှာ ရင်ခုန်တတ်စ ရွှေရင် သိမ်းသစ်တို့အဖို့ လွန်စွာမှပြင်းထန်သော ဆွဲအားတစ်ရပ်ဖြစ်၏။

ခဏနေသောအခါ မိုးစဲသွားသဖြင့် ယွန်းခင်ခင်ကို ယုယစွာ ထွေး ပွေ့ဖေးမရင်း သိင်္ဂါရတောအုပ်ကို ကျော်ခိုင်းထွက်ခွာလာခဲ့ ကြ၏။ လားရာ မှန်သော်လည်း စိုးမိုးလာသော အမှောင်ထုကြောင့် ခရီးမတွင်လှ။ နုနယ် ချောမောလှပလွန်းသော ယွန်းခင်ခင်အတွက် တစ်နေ့တာ ခရီးကြမ်းက မမှန်းဆနိုင်လောက်အောင် ပင်ပန်းနွမ်းလျ စေခဲ့ပြီ။

အမှောင်ထု ကြီးစိုးလာသည်နှင့်အမျှ ပရစ်သံ၊ ဖားသံ၊ ညှက်သံ၊ ဂျေဟောက်သံတို့နှင့် ညကပီပြင်လာခဲ့သည်။ အမှောင်ကြောင့် ကြောက်အား ပိုလာသော ယွန်းခင်ခင်မှာ ဟံမင်းညို ကို အားကိုးတကြီး ဖက်တွယ်ထားရင်း တစ်လှမ်းချင်း ခရီး





ဆက်ခဲ့ကြရာ တစ်နေရာအရောက်တွင် သစ်မြစ်ဆုံကို ခလုပ်တိုက်၍ ချောက်ထဲ ပြုတ်ကျသွားကြလေတော့၏။

မောပန်းထိတ်လန့် ကြောက်ရွံ့မှုများကြားထဲ နာကျင်မှု ဝေဒနာပါ တိုးပြီး ယွန်းခင်ခင် ပြန်မထနိုင်တော့သဖြင့် ဟံမင်းညိုက အလိုက်သင့် ထွေးပွေ့ ဖက်သိုင်းထားရင်း ငြိမ်သက်စွာ အနားယူ နေမိကြသည်။

ထိုစဉ်အခိုက်မှာပင် လူသံများသဲ့သဲ့ ကြားလိုက်ကြရသဖြင့် နှစ် ယောက်လုံး လူးလဲထကာ အသံလာရာ မှန်းဆရှာဖွေမိကြ၏။ အသံများမှာ တဖြည်းဖြည်းနီးလာ၏။ မကြာမီ မီးတုတ်အလင်း ရောင်များကိုပါ လှမ်းမြင်လိုက်ကြရလေသည်။

ထို့ကြောင့် သူတို့ရောက်နေသော ချောက်ထဲမှတက်ရန် ကြိုးစားကြ သော်လည်း မိုးရေကြောင့် ချောနေသဖြင့် တက်မရဖြစ် နေရာ အပေါ်တက်ရန် ကြိုးစားမှုကို လက်လျှော့ပြီး ဝေးဝူးနှင့် အသံပြန်ပေးလိုက်ကြရသည်။ လိုက်ရှာ သော လူအုပ်လဲ ပြန်ထူးသံ ကြားရ၍ အားတက်သွားပြီး သူတို့ရှိရာသို့ လျှင်မြန်စွာ ရောက်ရှိ လာကြသည်။

''ယွန်းခင်ခင်···ယွန်းခင်ခင်''

''ရှင်···ကျွန်မဒီမှာ အမြန်လာကြပါ''



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန် အသံများ ပေးပြီးနောက် ဂျောက်ကမ်းပါး ထိပ်တွင် မီးရောင်များပေါ်လာကာ လူအများဝိုင်းအုံရောက်ရှိ လာကြ၏။

မီးတုတ်အလင်းရောင်နှင့် အပေါ်မှလူများကို သဲကွဲစွာ မမြင်ရသော်လည်း ဂျောက်ထဲမှ သူတို့ကို ပြတ်သားရှင်းလင်းစွာ အားလုံးက မြင်တွေ့နေ ကြရ၏။

ဟံမင်းညိုက အခြေအနေကို ရိပ်မိ၍ ယွန်းခင်ခင်အား ဖေးမထားသောလက်ကို ဖြေချလိုက်သည်။ ယွန်းခင်ခင်လဲ သတိပြန်ဝင် သွားကာ ရှက်ရွံ့စွာ နှင့် လက်ကို ဖြေချလိုက်သော်လည်း သူတို့၏ ရင်းနှီးမှုအတိုင်းအတာကို အားလုံးသတိပြုမိသွားစေခဲ့သည်။

ပါလာသော လူအုပ်၏ ဝိုင်းဝန်းဆယ်ယူမှုနှင့် ဟံမင်းညို ယွန်းခင်ခင်တို့ ချောက်ထဲမှ တက်လာခဲ့ကြပြီးနောက် ဦးဖေအောင်၏ ဒေါသပေါက်ကွဲမှုကို ဟံမင်းညို ခံစားသိရှိလိုက်ရသည်။ ဖြစ်ချင်တော့ လိုက်ရှာသည့် လူအုပ်ထဲမှာ ကပ္ပိယကြီး ဦးဖြူသီးပါ,ပါလာခဲ့လေ၏။

''နေစမ်းပါဦး···မင်းနဲ့ငါ့သမီးက ခုချိန်ထိ ဘာလို့အတူတူ ရှိနေရတာလဲ၊ မင်းကဘယ်သူလဲ''

ဦးဖြူသီးက···

''ဒီကောင်လေးက ကျုပ်ကျောင်းက ကျောင်းသားလေးပါ သူ့ဒွေးမင်းရယ်၊ ပန်းခူးထွက်ရင်း ဆုံကြတာဖြစ်ပါလိမ့်မယ်''

''ခင်ဗျားကို ကျုပ်မမေးဘူး ဦးဖြူသီး၊ ဟေ့ကောင် မင်းကို မေးနေတာ ဖြေလေကွာ''

ဟံမင်းညိုဖြေရန် အားယူလိုက်စဉ်မှာပင် ယွန်းခင်ခင် ကြားဝင်ဖြေရှင်းရန် ဟန်ပြင်လိုက်ရာ ဦးဖေအောင်က သမီးကို ဆောင့်ဆွဲကာ နောက်မှ အထိန်းတော်များလက်သို့ လွှဲပေးလိုက်၏။

ဟံမင်းညိုက အထိတ်တလန့်ဖြင့်···

''ဒီ···ဒီလိုပါ ဦးရယ်၊ ကျုပ်နဲ့ယွန်းခင်ခင်က ပန်းခူး ရင်း တောထဲမှာ ဆုံကြတာပါ၊ သူ့အတွက် ပန်းလှလှလေးတွေ ရှာခူးပေးရင်း တောနက်ထဲ ရောက်ပြီး လမ်းပျောက်သွားလို့ အခုလို အချိန်မတော်အထိ အတူရှိနေကြတာပါ ခင်ဗျာ''

ဒါကိုပင် ဦးဖေအောင်က လက်မခံ။ သူ့သမီးက ဟံမင်းညို ကို ဖက်တွယ်ထားတာ မြင်လိုက်ရသူမို့ သူ့ဒေါသက ဟံမင်းညို အပေါ် ပုံကျလို့နေ၏။

''မင်းလို ဆွမ်းကျန်ကပ်စားနေရတဲ့ ကောင်ကများ ရာရာ စစ၊ နောက်တစ်ခါ ငါ့သမီးနဲ့ အတူရှိနေတာတွေ့လို့ကတော့ မင်းကို အရေခွံခွာပစ်မယ် ကြားလား၊ ဟေ့ကောင်တွေ ပြန်ကြမယ်''

ပြောပြောဆိုဆို ဦးဖေအောင်တို့အုပ်စု ထွက်သွားကြတော့






www.burmeseclassic.com

www.burmeseclassic.com



ယွန်းခင်ခင်က အထိန်းတော်များလက်မှ အတင်းရုန်းထွက်ပြီး ဟံမင်းညိုထံပြေးလာကာ ဖက်တွယ်ထားတော့၏။

ဦးဖေအောင် မျက်နှာကြီးမည်းသွားကာ သူ့လူများကို မျက်စပစ် ပေးဆတ်ပြလိုက်ရာ လူကြီးနှစ်ယောက် ပြေးလာပြီး ယွန်းခင်ခင်ကို ဆွဲဖယ်၍ ဟံမင်းညိုအား ထိုးကြိတ်ကြတော့၏။

ထိုနေ့ညက ကပ္ပိယကြီးသာ မကယ်ခဲ့လျှင် ယနေ့ထိ သူအသက်ရှင်နေနိုင်မည် မဟုတ်ချေ။

ထိုအဖြစ်အပျက်မှာဖြစ်ပြီးတော့ ယွန်းခင်ခင်မှာလဲ အိမ်ထဲမှ အိမ်ပြင် ထွက်ခွင့်မရဘဲ စောင့်ကြည့်ထိန်းသိမ်းခြင်းအောက်တွင် ပိပြားစွာ နေရရှာသည်။

ဟံမင်းညိုမှာလည်း အမြီးပြတ်သော အိမ်မြှောင်ကဲ့သို့ ဆောက်တည်ရာမရ။ နေမထိ ထိုင်မသာနှင့် လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင် ဖြစ်နေရရှာတော့သည်။





ဤသို့ဖြင့် တစ်ရက်တွင် ဟံမင်းညိုတို့အုပ်စု ထုံးစံအတိုင်း ဆွမ်းခံ ထွက်လာကြစဉ် မြို့လယ်၌ လှည်းတစ်စီးနှင့်ဆုံလေ၏။ ထို လှည်းပေါ်တွင် ဦးဖေအောင်၊ ယွန်းခင်ခင်နှင့် အခြားလူကြီး နှစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုပြင် လှည်းပေါ်၌ သေတ္တာကြီးငယ်တို့ကိုပါ တွေ့လိုက်ရသဖြင့် တစ်နေရာရာသို့ ခရီးထွက်မည်မှန်းရိပ်မိကာ ပူလောင် ပြင်းပြသောစိတ်ဆန္ဒတို့နှင့် လှည်းနောက် တကောက်ကောက် ပြေးလိုက်မိတော့သည်။

ယွန်းခင်ခင်လဲ သူ့ကိုလှမ်းမြင်ပြီး မြင်စကပင် သူ့ လည်ပင်းမှဆွဲကြိုးလေးကို ဖြုတ်ယူနေတာမြင်ရ၏။ ဟံမင်းညိုလဲ ဝမ်းနည်းကြေကွဲစွာဖြင့် . . .

''ယွန်း . . . ဘယ်သွားမလို့လဲ''

''ရန်ကုန်ကို ကျောင်းသွားတက်မလို့၊ နင့်ကိုငါ မမေ့ပါဘူး ဟံမင်းညို''

ဟု လှမ်းအော်ပြောရင်း ဆွဲကြိုးလေးကို ပစ်ချပေးခဲ့လေ၏။

ဟံမင်းညိုမှာ ဆွဲကြိုးလေးကို ကောက်ယူရင်း အမြတ်တနိုး ပါးနှင့် အပ်ထားလိုက်ပြီး ယွန်းပါသွားသော လှည်းလေးကို မျက်စိ တဆုံး လှမ်းကြည့်ရင်း ကျန်နေရစ်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းခင်ခင်တစ်ယောက် ဘယ်လိုနေမည် မသိသော်လည်း ဟံမင်းညိုမှာ အရှုံးတစ်ပိုင်းဖြစ်ကာ မစားနိုင်မသောက်နိုင် တမှိုင်မှိုင် တတွေတွေနှင့် ချစ်ဒုက္ခကို သည်းအူပြတ်မတတ် ခံစားနေရရှာသည်။ သူအလွန်မြတ်နိုးသော မျက်လှည့်ပစ္စည်းများကိုပင် ကိုင်တွယ်ခြင်း မပြု။ ဆွမ်းခံထွက်လဲမလိုက်၊ ဆွမ်းကျန်လဲမစား မှိုင်တွေလို့သာနေ သဖြင့် သံလုံး၊ ကျောက်ဖြူနှင့် ကပ္ပိယ ကြီးတို့ ဖျောင်းဖျနားချနေရ တော့၏။

အချိန်သမားတော်၏ ပြုစုကုသမှုကြောင့် ၎င်းနဂိုကပင် စိတ်ဓာတ်ကြံ့ခိုင်၍ ရည်ရွယ်ချက်ကြီးမားသူဖြစ်၍ ၎င်းအလွမ်းအဆွေး ဝေဒနာကို ဝါသနာပါရာအလုပ်နှင့် ဆေးကြော၍ ဘဝခရီးတိုးတက် အောင် ကြိုးစားကြဆောင်တော့မည်ဟု ဆုံးဖြတ်ချက်ချပြီး ဆရာတော်နှင့် ကပ္ပိယကြီးကို ခွင့်တောင်းသောအခါ ဘယ်သူကမှ မတားရက်ကြတော့။

ယောက်ျားကောင်းတို့ထုံး နှလုံးမူကာ ထက်သန်သောဖွဲနှင့် ဘဝတိုက်ပွဲဆင်မည့် ဟံမင်းညိုကို အားပေးကာ ဆရာတော်က ငွေငါးဆယ်နှင့် ကပ္ပိယကြီးက ငွေရှစ်ကျပ်ထောက်ပံ့လိုက်ကြ၏။

ဟံမင်းညိုလည်း ဆရာတော်နှင့် ကပ္ပိယကြီးကို ဦးချ ကန်တော့ပြီး သံလုံးနှင့် ကျောက်ဖြူကို နှုတ်ဆက်၍ ရှစ်နှစ်ကိုးနှစ်





တာမျှ နားခိုခဲ့ရသော ကျောင်းတော်ကြီးကို ကျောခိုင်းကာ ထွက်ခွာ လာခဲ့လေတော့၏။

*(ဟံမင်းညို မြို့သာမြို့မှ ထွက်ခွာသွားပြီး မျက်လှည့်ပညာ ဆည်းပူးရန် ဆရာအဆူဆူ လိုက်ရှာခဲ့ပုံ ကြမ်းတမ်းသော ပညာသင် ဘဝနှင့် ရင်ဆိုင် တွေ့ကြုံခဲ့ရသော စွန့်စားခန်း အဖြစ်အပျက်များကို တင်ပြရမည်ဆိုပါက ဝတ္ထုတစ်အုပ်စာမျှ ရှိမည်ဖြစ်၍ နောင် အလျဉ်းသင့်မှ သီးခြားခေါင်းစဉ်ဖြင့် ဝတ္ထုတစ်ပုဒ်သပ်သပ်ရေးသား၍ ပရိသတ်ကြီးလက်သို့ ပို့ပေးဦးမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။*

***စာရေးသူ)***

"ဆရာ…ဆရာ"

ရုတ်တရက် အနားကပ်၍ ခေါ်လိုက်သံကြောင့် အတွေး နယ်ကြော လွင့်မျောနေသော ဟံမင်းညိုတစ်ယောက် လက်ရှိ ပစ္စုပ္ပန်အချိန်သို့ ပြန်လည် ရောက်ရှိလို့လာခဲ့ရသည်။

"ဟင်…ဘာလဲကွ…တက်ပုရ"

မျက်လှည့်ပြရာတွင် ကူညီအသုံးတော်ခံပေးသော လူပျို လေး မောင်တက်ပု ပခုံးပုတ်၍ ပြောလာသဖြင့် အိပ်မက်မှ လန့်နိုး လာရသူပမာ အတွေးကမ္ဘာမှ ပြန်လည်လွတ်မြောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဟံမင်းညိုက စိတ်မရှည်စွာ မေးမြန်းလိုက်သည်။

လူပုကလေးက အိတ်ထဲမှ ငွေကြိုးတပ်နာရီကို ဆွဲထုတ်လိုက်ပြီး ဟန်ပါပါနှင့်ကြည့်လိုက်ရင်း ဇာတ်မင်းသားစတိုင်နှင့်...

''ငါးနာရီထိုးနေပြီလေ ဆရာရဲ့၊ ခုနစ်နာရီဆို ပွဲထွက်ရတော့မှာလေ၊ ပြင်ဆင်စရာတွေ မပြင်ဆင်တော့ဘူးလား ဆရာဟိန္ဒူကရဲ့''

တက်ပု၏ ဟန်ပန်နှင့် လေသံကြောင့် ရယ်ချင်သွားရသော ဟံမင်းညိုမှာ တက်ပု၏ခေါင်းကိုပုတ်လိုက်ရင်း...

''အေးပါ တက်ပုရာ အေးပါ...ငါအခုပဲ ရေမိုးချိုးပြီး ပြင်ဆင်တော့မှာပါ၊ မင်းသာငါ့ရဲ့ ဘဲ့,မြွေနဲ့ ယုန်လေးတွေကို အစာဝအောင် ကျွေးထားစမ်းပါ''

''ဟုတ်ကဲ့ပါဆရာ၊ ဆရာ့အကောင်တွေကို ကျွန်တော် အခုပဲ ညစာတည်ခင်းကျွေးမွေး လိုက်ပါတော့မယ် ဆရာ''

လူပုသလောက် စိတ်မတိုပဲ လွန်စွာရယ်စရာ ပြောတတ်သော တက်ပုကြောင့် သောကများ ပြေပျောက်သွားကာ ဟက်ဟက်ပက်ပက် ရယ်မောမိလေတော့၏။

''ဟား...ဟား...ဟား''

▲ ▲ ▲





## အပိုင်း ( ၂ )

ဒရဝမ် ဂေါ်ရခါးကုလားက ဦးဘဒင်ကို ဆလံပေးပြီး ခြေထောက်ချင်းစုံရိုက် အရှိအသေပြုရင်း...

''ဘရာဆပ် ဝန်ထောက်မင်း စောင့်နေပါတယ်၊ ဝင်သွားပါဆပ်''

ဒရဝမ်က ပြောပြောဆိုဆို ခြံဝင်းသံတံခါးကြီးအား လူတစ်ကိုယ်စာ ဝင်သာအောင် ဖွင့်ဟပေးလိုက်သဖြင့် အင်စပတ်တော် ဦးဘဒင် သွက်လက်စွာ လှမ်းဝင်လိုက်သည်။

ဝန်ထောက်မင်း ဦးဘဖေမှာ သရက်မြို့တွင် ရုံးစိုက်သော်လည်း နယ်လှည့်စစ်ဆေးရင်း မြို့သာသို့ ရောက်လာရာမှ ခမည်းခမက်လောင်း သူငယ်ချင်းနှင့် တောပစ်ထွက်ရန် ချိန်းဆိုထားသဖြင့် တာဝန်ပြီးအောင် တက်သုပ်ရိုက် ဆောင်ရွက်နေစဉ်မှာပင် ချွေးမလောင်း အသတ်ခံရပြီး အလောင်းပါပျောက်သည့်အဖြစ်နှင့် ကြုံတွေ့ရခြင်း ဖြစ်သည်။

ဆင်ဝင်အောက်တွင် လူပ်ကုလားထိုင်နှင့်ထိုင်ရင်း အရှိယ



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဖတ်ကာ ကော်ဖီသောက်နေသော ဝန်ထောက်မင်းရှေ့ရှိ၍ ချောင်းဟန့်သံ ပေးလိုက်၏။

"အဟမ်း"

ဝန်ထောက်မင်းက မျက်စိရှေ့မှ သတင်းစာကို ဖယ်လိုက်ပြီး တစ် ချက်ကြည့်ကာ…

"ဘယ်လိုလဲ မောင်မင်းအမှုအခြေအနေ ဘာတိုးတက်လာသလဲ"

"မှန်ပါ့ အမှုအခြေအနေကတော့ အင်မတန် နက်နဲရှုပ်ထွေးလှပါတယ်ဘုရား၊ ပိုပြီးဆိုးတာက ဒီနယ်မြေမှာ အခုလိုလူသတ်ပြီး အလောင်းပါ ခိုးယူဖျောက်ဖျက်လောက်တဲ့ ဒုစရိုက်သမားလူရမ်းကား မရှိခြင်းပါပဲဘုရား"

"လူရမ်းကားမရှိရင် ဒီလိုလူသတ်မှု ဖြစ်လာပါ့မလား"

"အလောင်းကိုတွေ့စဉ်အခါက ဝတ်ဆင်ထားတဲ့ လက်ဝတ်လက်စားရတနာများ အစေ့အငု ပြန်လည်ရရှိတဲ့အတွက် ပစ္စည်းလိုချင်လို့ သတ်တာမဟုတ်ကြောင်း ထင်ရှားနေပါတယ် ဘုရား။ လူရမ်းကားများသာ ကျူးလွန်ခဲ့တယ်ဆိုရင် ဘာပစ္စည်းမှ ပြန်ရနိုင်စရာ အကြောင်း မရှိပါဘူး"

"မောင်မင်း လျှောက်တင်တာ ကောင်းပေမယ့် သေဆုံးသူ





တာ ကျွန်ုပ်ရဲ့ ချွေးမလောင်းဖြစ်တယ်၊ ဒီအတွက် တရားခံကို ပြန်ဆုံးမိအောင် ဖမ်းဆီးပေးဖို့ ကျွန်ုပ်မောင်မင်းကို တာဝန်ပေးတယ်"

"တာဝန်ကျေပွန်အောင် ထမ်းရွက်မှာပါ ဝန်ထောက်မင်း။ ဒါနဲ့ ဝန်ထောက်မင်းရဲ့သား ကိုစောဖေနဲ့ ခဏလောက် စကားပြောဖို့ ခွင့်ပြုပေးစေချင်ပါတယ်"

"မောင်မင်းက ကျုပ်သားကို စုံစမ်းစစ်ဆေးချင်တဲ့ သဘောလား"

"အမှုမှန်ပေါ်ပေါက်ရေးအတွက် သေဆုံးသူရဲ့ အရင်းနှီးဆုံးလူတစ်ယောက်ဆီက သဲလွန်စရနိုင်တယ်ဆိုတာ ဝန်ထောက်မင်းလဲ သတိပြုမိမှာပါ"

"ဟင်း…ဟင်း…မောင်မင်း အပြောကောင်းလှချီလား၊ အေးလေ…အကျိုးအကြောင်းလဲ ဆီလျော်နေတော့ ကျွန်ုပ်ခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဝန်ထောက်မင်းက အိမ်စေတစ်ယောက်ကို လှမ်းခေါ်၍ ဦးဘဒင်ကို သူ့သားကိုစောဖေရှိရာ အခန်းသို့ လိုက်ပို့စေသည်။

ဦးဘဒင် အခန်းထဲရောက်သောအခါ အိမ်စေက တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်ပေးသွားသည်။ အခန်းတွင်း ပြတင်းပေါက်ကို မျက်နှာမူထားသော ကိုစောဖေက လှည့်မကြည့်ဘဲ လှမ်းမေးလိုက်၏။

"ဘာကိစ္စလဲ အင်စပိတ်တော်ကြီး ဦးဘဒင်"

"ဟုတ်ကဲ့ ကိုစောဖေ့ယွန်းခင်ခင်အမှုနဲ့ ပတ်သက်ပြီး အမှုအတွက် အထောက်အကူဖြစ်စေမယ့် သဲလွန်စတစ်စုံတစ်ရာများ ရနိုင်မလားလို့ လာခဲ့တာပါ"

ကိုစောဖေ သူ့ဘက် ရုတ်တရက် လှည့်လိုက်သောအခါ လက်ထဲတွင် အရက်ဖန်ခွက်ကိုင်ထားတာ တွေ့လိုက်ရသည်။ စောစောစီးစီး အရက်သောက်နေရလောက်အောင် စိတ်လှုပ်ရှားနေပုံလဲရ၏။

"ဦးဘဒင့်ခင်ဗျားဟာ ပုလိပ်ပီပီ ရာဇဝတ်ကောင်ရဲ့ အနံ့အသက်ကိုတောင်မှ မခံတတ်သေးပဲကိုး၊ ကျုပ်သာပုလိပ်ဆိုရင် မျက်လှည့် ဆရာ အစုတ်ပလုတ်ကို ဖမ်းချုပ်နှိပ်ကွပ် ဝန်ခံခိုင်းပြီးပြီ"

ကိုစောဖေ စကားကြောင့် ဦးဘဒင် ပြုံးစေ့စေ့ဖြစ်လို့သွားရ၏။ သူ့အတွေးထဲမှ သံသယတရားခံ နှစ်ဦးစလုံးက တစ်ယောက်ကိုတစ်ယောက် လူသတ်သမားဟုစွပ်စွဲကာ အပြစ်ပုံချနေသောကြောင့် ပြုံးမိခြင်းလဲဖြစ်၏။

"ကိုစောဖေမှာ သက်သေ တစ္စုန်းတစများ ရှိနေလို့လား"





"သက်သေတွေ ဘာတွေရှာနေစရာ လိုသေးလို့လား‥ ဦးဘဒင်ရယ်၊ ဒီကောင် ရောက်လာမှ ပြဿနာတွေ ရှုပ်ထွေးသွားရတာ၊ ဒီလို အိမ်ခြေယာခြေမရှိတဲ့ ခြေသလုံးအိမ်တိုင် တစ်ယောက်က ဒီလိုအပြစ်မျိုး မကျူးလွန်ရင် တခြား ဘယ်သူရှိဦးမှာလဲဗျ ဦးဘဒင်ရ"

မခံချင်စိတ်၊ နာကျည်းစိတ်၊ ဒေါသစိတ်တို့အပေါ် ဝန်ထောက်မင်း၏ သားဟူသော အရှိန်အဝါ ထည့်သုံးကာ မောက်မာခက်ထန်စွာ ပြောဆိုနေသော ကိုစောဖေကို စူးစိုက်လေ့လာကြည့်သောအခါ မျက်လုံးချင်း မဆုံမိအောင် တမင်တကာ ရှောင်လွှဲနေသည်ကို တွေ့ရသဖြင့် ကိုစောဖေအပေါ် မသင်္ကာစိတ်တို့ ပိုမိုထက်သန်သွား၏။

"ယွန်းခင်ခင် မသေခင်က ခင်ဗျားတို့သုံးယောက် ဆုံမိကြသေးလား"

"ဆုံ‥‥အဲ‥‥မဆုံ‥‥မဆုံဖြစ်ပါဘူး"

"ဘာလဲဗျ့ ကိုစောဖေ စကားက ဆုံတာရော မဆုံတာရော စုံလို့ပါလား"

"ဩော်‥‥အဟဲ‥‥ဒီလိုပါ"

ကိုစောဖေက ပျက်သွားသော အိန္ဒြေကိုဆယ်ရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



သည့်အနေနှင့် လက်ထဲကအရက်ကို အချိန်ဆွဲမော့နေပြန်၏။

"ကျုပ်တို့သုံးယောက် ဆုံမိတာက ဒီကောင်တွေ ဒီမြို့ကို ရောက်ပြီး သုံးရက်မြောက် မျက်လှည့်ပြတဲ့ညက မျက်လှည့်ရုံထဲမှာ ဆုံဖြစ်ကြတာပါ၊ မဆုံဖြစ်ဘူးဆိုတာက အသိမိတ်ဆွေအနေနဲ့ သီးသီးသန့်သန့် စကားမပြောဖြစ်ဘူးဆိုတဲ့ သဘောပါ"

သံသယအနေအထားကို လိမ္မာပါးနပ်စွာဖြင့် ယုတ္တိရှိရှိ ဖြေရှင်းသွားသော ကိုစောဖေ၏ စကားပရိယာယ်ကြွယ်ဝမှုကို ဦးဘဒင် သတိပြုလိုက်မိပြန်သည်။

"အဲဒီလို ပွဲခင်းထဲမှာသုံးယောက် ဆုံမိကြတော့ ဘာတွေများ ပြောဆိုခဲ့ကြသလဲဗျ၊ ယွန်းခင်ခင်နဲ့ ဟံမင်းညှိုရဲ့ ဆက်ဆံရေးကိုသိရမှ သံသယလမ်းကြောင်းကို အစဆွဲထုတ်နိုင်မှာမို့ပါ"

ကိုစောဖေက မှုးယစ်ရီဝေသော မျက်လုံးများနှင့် ဘုကြည့်ကြည့်ရင်း...

"သူတို့နှစ်ယောက်က ငယ်ချစ်ဟောင်းတွေဆိုပဲ ဦးဘဒင်ရဲ့"





## အခန်း ( ၃ )

ထိုနေ့က ယွန်းခင်ခင်နားနေရာ အိပ်ခန်းထဲသို့ သူမတို့ ငယ်စဉ်ကပင် ထိန်းကြောင်းလာခဲ့သော အထိန်းတော်ကြီး ဒေါ်အိမ်စည် ပျာပျာသလဲ ပြေးဝင်လာကာ သတင်းထူးကို တီးတိုးပြောပြလေ၏။

"ကန်ဦးကျောင်းက ကပ္ပိယကြီး ဦးဖြူသီးပြောတာ ယွန်းငယ်လေးရဲ့ အခုဘုရားပွဲမှာဝင်တဲ့ မျက်လှည့်ဆရာ ဟိန္ဒူကဆိုတာ ဘုန်းကြီးကျောင်းသားလေး ဟံမင်းညှိုတဲ့လေ"

"ရှင်..."

ကြားလိုက်ရသော စကားကြောင့် အံ့သြတုန်လှုပ် ဝမ်းသာလွန်းလှသဖြင့် 'ရှင်'ဟူသော စကားတစ်လုံးသာ ဟလိုက်နိုင်ပြီး ရုတ်ချည်းဆိုသလိုပင် ဝါဆိုမိုးသည်းညတစ်ည၏ စွဲမက်ဖွယ် အထိအတွေ့ကို ပြန်လည်မြင်ယောင်မိရင်း တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ ဟံမင်းညှို၏ ရင်ခွင်ကျယ်ကြီးနှင့် ညှို့မှောင် ညှို့ယူနိုင်စွမ်းရှိသော မျက်ဝန်းအစုံတို့ကို အမှတ်ထင်ထင် သတိရ တမ်းတမိရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

လွန်ခဲ့သော ဆယ်နှစ်ခန့်က အဖြစ်အပျက်ဆိုသော်လည်း ယခုပင် ကြုံတွေ့လိုက်ရသလို နွေးထွေးနေသောကြောင့် ယွန်းခင်ခင်၏ ချစ်စရာပါးထက်တွင် ရှက်သွေးမှိုပြီး ရှိန်းရှိန်းထ၍ နီမြန်းလာခဲ့ရသည်။

"တကယ်ကော ဟုတ်ရဲ့လား ကြီးအိမ်ရယ်"

"ဟုတ်ပါတယ်ဆို ယွန်းယယ်ကလဲ ကပ္ပိယကြီးနဲ့ သရက်မြို့ဘုရားပွဲမှာတွေ့ခဲ့ပြီး တို့မြို့က ဗုဒ္ဓပူဇနီယပွဲတော်ကြီးမှာလာပြီး ဖျော်ဖြေပေးဖို့ သူအတင်းခေါ်ခဲ့တာတဲ့၊ ခုတော့ ဟံမင်းညိုက သိပ်ကိုကြီးပွားနေပြီတဲ့၊ သူ့မျက်လှည့်ပွဲ ကလည်း အရမ်းအောင်မြင်တယ်လို့ ပြောတယ်"

ဒေါ်အိမ်စည် ဆက်ပြောနေသော စကားများကို ယွန်းခင်ခင်မကြားတော့။ ဖြစ်နိုင်လျှင် ယခုပင် ပွဲဈေးတန်းကိုပြေးကာ ဟံမင်းညိုနှင့်တွေ့ပြီး စကားတွေပြောပစ်လိုက်ချင်သည်။

လောလောဆယ် အနေအထားက စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သည့်ဘဝ။ သူမနှင့် စေ့စပ်ထားသူ ကိုစောဖေ ဒီမြို့ကို ရောက်နေသည့်အပြင် ယောက္ခမလောင်းကြီးကလည်း တာဝန်နှင့် နယ်မြေစစ်ဆေးဘို့ ရောက်ရှိနေကြသည်လေ။





အိန္ဒြေကိုစိန်စီကာ ရွှေကွပ်၍ နေ့ရက်တို့ကို ဟန်ဆောင်ဖြတ်ကျော်ရင်း တစ်နေ့တွင် ကိုစောဖေက မျက်လှည့်ပွဲကြည့်ရအောင်ဟု ဖိတ်ခေါ်လာသဖြင့် ရေငတ်တုန်း ရေတွင်းထဲကျသည့်လို ပြောမပြနိုင်လောက်အောင် ပီတိဖြစ်ရသူက ယွန်းခင်ခင်သာ ဖြစ်သည်။

ထိုနေ့ညက ပွဲခင်းထဲရောက်သော်လည်း မျက်လှည့်ပွဲက မစသေး၊ မပြသေးသဖြင့် ဟံမင်းညိုကို တွေ့လိုလှသောဆန္ဒက ထိန်းမနိုင်အောင် ရှိန်းကြွလို့နေ၏။ သူမဘေးခုံတွင် ကိုစောဖေရှိနေသော်လည်း ဘာကိုမှမမှုတော့။ သို့နှင့် မျက်လှည့်ပွဲစသော အချိန်သို့ ရောက်လာခဲ့သည်။

ရှေးဦးစွာ တစ်ရုံလုံး မီးများငြိမ်းသွားပြီး ကန့်လန့်ကာ ပွင့်လာသောအခါ အောက်လင်းဓာတ်မီးသုံးလုံး ချိတ်ဆွဲထားသော အလင်းရောင်အောက်သို့ ဟံမင်းညို လျှောက်လာတာ မြင်လိုက်ရသည်။

ယွန်းခင်ခင်တစ်ယောက် နှလုံးသွေးတို့ ဆူပွက်တုန်လှုပ်သွားရလောက်အောင် ပီတိသောမနဿရသကို ချိုမြိန်စွာ ခံစားလိုက်ရ၏။

ချစ်ဦးသခင်၏ရုပ်သွင်က ယခုတိုင် ညို့ယူဖမ်းစားနိုင်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေဆဲ။ ဟံမင်းညိုက၊ သက်မဲ့ဖန်လုံးကြီးကို အမိန့်နာခံအောင် စေခိုင်းသည့်ပြကွက်၊ မီးတောက်များကို ပန်းပွင့်များဖြစ်အောင် ပြောင်းသည့်ပြကွက်၊ ဘူးသီးခြောက်ပုလွေကိုမှုတ်၍ ပခြုပ်ထဲမှ ထိုးထိုးထောင်ထောင်နှင့် ထွက်လာသော ကြိုးခွေကို လူပုလေးက တွယ်တက်ပြသောပြကွက်၊ လူအရှင်ကို အခေါင်းထဲ ထည့်၍ ခါးလည်မှ လွှနှင့်တိုက်ပြသော ပြကွက်နှင့်အတူ ဓားထိုးထည့်သော ပြကွက်ကိုပါ ညှို့ခံဖျော်ဖြေခဲ့သည်။

ထိုသို့ ပြသနေစဉ်အတွင်း ပရိသတ် ရှေ့ဆုံးတန်းမှ ယွန်းခင်ခင်ကို ဟံမင်းညိုလဲ တွေ့မြင်သတိပြုမိခဲ့သည်။ သို့ဖြစ်၍ ပွဲပြီးဆုံးသောအခါ စင်အောက်သို့ ဆင်းလာပြီး ယွန်းခင်ခင်အား နှုတ်ဆက်ခဲ့သည်။

"ဒီက နှမကလေးက ယွန်းခင်ခင် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ဟံမင်းညို၊ နင် ငါ့ကိုမှတ်မိသားပဲ"

"ဘယ်လိုလုပ်ပြီး မေ့နိုင်ပါ့မလဲ ယွန်းရယ်"

နှုတ်ဆက် စကားဆိုရင်း စကားထဲမှ ဇာတိပြလာမည် စိုးသဖြင့် ယွန်းခင်ခင်က ကိုစောဖေနှင့် မိတ်ဆက်ပေးလိုက်ရသည်။

"ဟံမင်းညို သူက ကိုစောဖေတဲ့၊ နယ်ပိုင်ဝန်ထောက်မင်း ဦးဘဖေရဲ့သားလေ၊ ငါနဲ့ နှစ်ဖက်မိဘသဘောတူ စေ့စပ်ထားတဲ့





သူပေါ့"

ကြားလိုက်ရသော စကားကြောင့် ရုတ်ချည်းဆိုသလို ကြေကွဲရိပ်တို့ သန်းသွားသော သူ့အမူအရာကို အချိန်မီ ထိန်းသိမ်းရင်း ကောင်းမွန်စွာ စကားဆိုခဲ့သည်။

"ဩော်…ကိုစောဖေတဲ့လား။ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ယွန်းခင်ခင်ကို ပိုင်ဆိုင်ခွင့်ရတော့မယ်လို့ သိရတဲ့အတွက်လည်း အင်မတန် ကံထူးတဲ့ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ဂုဏ်ပြုပါစေ"

ကိုစောဖေက မယုံသင်္ကာနှင့် ရင့်သီးစွာတုံ့ပြန်သည်။

"ကျုပ်ကတော့ ဝမ်းမသာဘူး မျက်လှည့်ဆရာ၊ မင်းဟာ လူ့အသိုင်းအဝိုင်းမှာ မရှိသင့်တဲ့ အောက်လမ်းဆရာတစ်ယောက်ပဲ၊ မင်းလိုလူနဲ့ဘယ်သူမှ မိတ်ဆွေဖြစ်ချင်မှာမဟုတ်ဘူး"

ကိုစောဖေ၏စကားကြောင့် ကြားမှယွန်းခင်ခင် အားတုံ့အားနာ ဖြစ်သွားရသလောက် ဟံမင်းညိုက မျက်နှာတစ်ချက်မပျက်။

"ကိုစောဖေ အထင်လွဲနေတာပါဗျာ၊ ကျွန်တော့် ပြကွက်တွေမှာ အောက်လမ်းပညာ လုံးဝမပါပါဘူး။ လက်လှည့်နဲ့ မျက်လှည့် ပညာသက်သက်ပါ"

"ဘာမှ အပိုတွေပြောမနေနဲ့ အောက်လမ်းဆရာ၊ ကဲ… ယွန်း ကိုယ်တို့ပြန်ကြရအောင်၊ ယွန်းမှာ ဒီလိုအသိမိတ်ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတာ ကိုယ်သိပ်ပြီး စိတ်ပျက်မိတယ်ကွာ၊ လာ…သွားမယ်"

ကိုစောဖေက ယွန်းကို ဆွဲခေါ်သွားတော့ ယွန်းခင်ခင်က ဟံမင်းညိုကို သမင်လည်ပြန် လှည့်ကြည့်ရင်းပါသွားရာမှ…

"ဟံမင်းညို ငါသွားတော့မယ်နော်"

အလျှင်စလို နှုတ်ဆက်ခါ တစ်ပါးသူလက်သို့ ပါသွားသော အချစ်ဦးကို နမြောသစွာ လှမ်းမျှော်ကြည့်ရင်း ဟံမင်းညို ကြေကွဲစွာ ကျန်ရစ်ခဲ့ရ လေတော့သည်။

"ဩော်…ခင်ဗျားတို့ချင်း ဆုံတွေ့မှုက ဒီလောက်ပဲကို"

ဦးဘဒင်က ကိုစောဖေ စကားအဆုံးတွင် စကားထောက်၍ မှတ်ချက်ပြုလိုက်၏။

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တောထဲမှာလမ်းပျောက်ပြီး ညအချိန်မတော်အထိ အတူရှိနေခဲ့တဲ့ သူတို့နှစ်ယောက် ဘယ် အတိုင်းအတာအထိ ရင်းနှီးခဲ့ကြသလဲဆိုတာ တွေးမိတိုင်း အဲဒီ အောက်လမ်းပညာသည်ကို ကျုပ်အမုန်းကြိတ်ပစ်ချင်တယ် ဦးဘဒင်၊ အဲဒီကောင်ကို မဖမ်းသေးဘဲ ဘာဖြစ်လို့ ခုထိလွှတ်ထားရတာလဲ ပြောစမ်းပါဦး"

"ဖမ်းရလောက်တဲ့ ခိုင်လုံတဲ့ သက်သေ သက္ကာရ ရှိမှမရှိဘဲ ကိုစောဖေရယ်၊ ဒါနဲ့လွန်ခဲ့တဲ့ ဆယ်နှစ်ကကိစ္စ ကိုစောဖေ ဘယ်လို





သိတာလဲ"

"နံ့ရံတိုင်းမှာ နားတွေရှိတယ် ဦးဘဒင်"

ကိုစောဖေ အပြောကြောင့် ဦးဘဒင် တစ်ချက်ပြုံးလိုက် ရင်း…

"ဟံမင်းညိုကို အကြောင်းပြုပြီး ယွန်းခင်ခင်နဲ့ ကိုစောဖေတို့ မကျေမလည်ဖြစ်ပြီး အချင်းများခဲ့ကြသေးလား"

"ခင်ဗျား ကျုပ်ကို စက်တိုင်ပို့ချင်နေတာလား ဦးဘဒင်"

"ဒီသဘောမျိုး မဟုတ်ပါဘူးဗျာ၊ ယွန်းခင်ခင်ကို သေစေ ချင်တဲ့သူက များများစားစား မရှိလို့ပါ"

"ဒီမယ် ဦးဘဒင် ခင်ဗျားပြောတဲ့ စကားတွေအားလုံး ကျုပ်အဖေကို ပြန်ပြောပြလိုက်ရင် ခင်ဗျား ဘာဖြစ်သွားမယ် ထင်လဲ"

"ကျုပ် ဘဝပျက်သွားမှာပေါ့"

"ဒါကိုသဘောပေါက်ရင် လုပ်စရာရှိတာ ဆက်လုပ်လိုက် တော့ ဦးဘဒင်၊ ခင်ဗျားစိတ်ထဲ ရှင်းသွားအောင် ကျုပ်ပွင့်ပွင့် လင်းလင်း ပြောပြလိုက်မယ်၊ ကျုပ်အရင်က ပွဲခဲ့ရှုပ်ခဲ့ ခြေတော် တင်ခဲ့တာ မှန်ပေမယ့် ယွန်းခင်ခင်ကိုတော့ ကျုပ် တကယ်မေတ္တာ ရှိခဲ့တာပါ…



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကာကာ ချစ်မိလို့လဲ လက်ထပ်ခွင့်ရအောင် ကြိုးစားနေတာ၊ ကျုပ်အရမ်းနှစ်သက် မြတ်နိုးတပ်မက်မိတဲ့ မိန်းမတစ်ယောက်ကို သတ်ပစ်ရလောက်အောင် ကျုပ်မရူးဘူး''

''ဟုတ်ပါပြီ ကိုစောဖေ၊ ကျုပ်လဲ အမှုအသွားအလာကို အတော်လေး ခြုံငုံသုံးသပ်မိသွားပါပြီ၊ ကိုစောဖေရဲ့ အနေအထားကိုလဲ ကျုပ် ရှင်းရှင်းလင်းလင်း သဘောပေါက်သွားပါပြီ၊ သက်သေတစ်ခုနှစ်ခုလောက် ရှာလို့ရတာနဲ့ ဟံမင်းညိုကိုဖမ်းဖို့ ပြင်ဆင်လိုက်ပါတော့မယ်၊ ကျုပ်ကိုခွင့်ပြုပါဦး''

''ကောင်းပြီ…ဦးဘဒင်၊ ကျုပ်ကတော့ ဒီကောင် ကြိုးမိန့်ကျမှ ကျေနပ်မယ်ဗျာ''

ဦးဘဒင် တုံ့ပြန်စကား မပြောတော့ဘဲ ဦးထုပ်ကိုပင့်ကာ ခေါင်းညိတ်မှ နှုတ်ဆက်လိုက်ပြီး ပြန်လာခဲ့တော့၏။ အောက်ထပ်တွင်မူ ဝန်ထောက်မင်းကို မတွေ့ရတော့။ ရုံးထိုင်ရန် ထွက်သွားပြီထင်၏။

ထိုစဉ်မှာပင် အိမ်စေက နိုးကြောင်နိုးဝှက်နှင့် လက်ပြကာ ချောင် ထဲသို့လာရန် ခေါ်နေတာမြင်လိုက်ရ၍ ဦးဘဒင်လဲ အပေါ်ထပ်ကိုတစ်ချက် အကဲခတ်ရင်း အိမ်စေလှမ်းခေါ်ရာ စတိုခန်းကြား စကြြန်လမ်းထဲသို့ လှစ်ခနဲ ပြေးဝင်လိုက်၏။

အိမ်စေက မခံမရပ်နိုင်သော အမူအရာနှင့် လေသံနှိပ်၍





''ကျုပ် ပုလိပ်ကြီးအလာကို မျှော်နေတာကြာပြီ၊ ကျုပ်မှာ သတင်းပေးစရာကိစ္စရှိတယ်''

သဲလွန်စ အနံ့ရသွားသော ဦးဘဒင်မျက်ဝန်းတို့ တောက်ပြောင်ကာ အရောင်လက်သွား၏။

''ပြောစမ်းပါဦး…ခင်ဗျား သတင်းမှန်ရင် ကျုပ်ဆုငွေပေးမယ်''

''ဆုငွေလိုချင်လို့ မဟုတ်ဘူး၊ ယွန်းလေးကို သနားလွန်းလို့ ပြောမှာ၊ အဲဒီနေ့ညက ကိုစောဖေက ယွန်းတစ်ယောက်ထဲကို ထမင်းဖိတ်ကျွေးလို့ ကျုပ်ကိုယ်တိုင် ခေါ်လာခဲ့ရတာပါ၊ အဲဒါကြောင့် စိတ်မကောင်းဖြစ်နေရတယ်ဗျာ''

''လိပ်ပတ်လည်အောင် မြန်မြန်ပြောစမ်းပါ''

''သူတို့နှစ်ယောက်ထဲ ထမင်းစားရင်း တိုးတိုးကြိတ်ကြိတ် စကားများကြတာ ကျုပ်မြင်တယ်၊ ပြီးတော့ ပြန်ပို့မယ်ဆိုပြီး မြင်းဇောင်းဘက်ခေါ် သွားတာတွေ့တယ်၊ အဲဒီမှာလဲ စကားဆက်များကြပုံပဲ၊ နောက်ပြီး အော်သံလိုလိုလဲ ကြားတယ်''

''အော်သံလိုလိုလို့ ဘာဖြစ်လို့ပြောရတာလဲ''

''အဲဒီအချိန်မှာ ကြောင်နှစ်ကောင် မာန်ဖီတဲ့အသံတွေ ဆူညံသွားလို့ မကျိန်းသေလို့ နားကြားမှားသလားလို့ အပိုင်မပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

''နောက် ဘာထူးသေးလဲ''

''အထူးခြားဆုံးကတော့ မလှုပ်မယှက်ဖြစ်နေတဲ့ ယွန်းလေးကို ကိုစောဖေ ပွေ့ချီပြီး မြင်းလှည်းပေါ်တင် မောင်းထွက်သွားတာပဲ''

ဦးဘဒင်က အားတက်သရောနှင့်···

''မင်းပြောတာတွေအားလုံး ရုံးတော်မှာ သက်သေထွက်ပေးမလား''

''ဟင့်အင်း···ရုံးတို့ဂတ်တို့ကို ကျုပ်သိပ်ကြောက်တယ်၊ ပြီးတော့လဲ သူ့အဖေက ဝန်ထောက်မင်းနော်၊ ကျုပ်သက်သေထွက်ရင် ကျုပ်ကိုသတ်မှာပေါ့''

တောသူတောင်သားတို့ ထုံးစံအတိုင်း ရုံးပြင်ကန္တားနှင့် မပတ်သက်လိုသည့်သဘောကို သိပြီးသားမို့ အချိန်ကုန်ခံ စည်းရုံးမနေတော့ဘဲ အခင်းဖြစ်နေရာကို လေ့လာပြီး ရှာဖွေခွင့်တောင်းတော့ အိမ်စေက ခေါင်းငြိမ့်ပြီး နိုးကြောင်နိုးဝှက် လိုက်ပို့ပေး၏။

ဦးဘဒင်က အခင်းဖြစ် မြင်းဇောင်းကို စေ့စေ့စပ်စပ် ရှာဖွေစစ်ဆေးကြည့်သည်။ ကောက်ရိုးနှင့်မြက်ခြောက်များပေါ်မှ သွေ့နေပြီဖြစ်သော သွေးစ သွေးနများကို တွေ့လိုက်ရ၏။ ဦးဘဒင် ကျေနပ်သွားသည်။





တရားခံက ကိုစောဖေသာ ဖြစ်ရမည်။ သူ၏သံသယတရားခံနှစ်ယောက်ထဲမှ တစ်ယောက်က တရားခံအစစ်ဖြစ်နေ၍ သူ့သုံးသပ်ချက်ကို သူတော်တော် သဘောကျကျေနပ်သွားသည်။

သာမန်လူ တစ်ယောက်သာဆိုလျှင် ဒီလောက်သက်သေရလျှင် အချုပ်ထဲပို့လို့ရပြီ။ ပုလိပ်နည်း ပုလိပ်ဟန်သုံးပြီး စစ်မေးလိုက်တာနှင့် အမှုမှန် ဖော်လို့ရပြီ။

အခုတော့ ဒီကိစ္စကို သူတစ်ယောက်ထဲ မကိုင်တွယ်ရဲတော့။ ဂတ်ကို ပြန်၍ ဌာနအုပ်မင်းနှင့် တိုင်ပင်မှသာ ရတော့မည်မို့ အိမ်စေကို ကျေးဇူးစကား ပြော၍ ဝန်ထောက်မင်းမိသားစု တည်းခိုရာဂေဟာထဲမှ အမြန်ဆုံးပြန်လာခဲ့ရလေ၏။

▲ ▲ ▲

## အပိုင်း (၄)

ငယ်စဉ်ကတည်းက သူနှင့်ယွန်းတို့ အမြဲလိုဆုံတွေ့ခဲ့ကြသော ဘုရားလေးဆီသို့ ဟံမင်းညို ရောက်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာကိုကြည့်ကြည့် အတိတ်လွင်ပြင်၏ အမှတ်ရစရာအဖြစ်တို့က ဓာတ်ရှင်ပြသလို ပြန်မြင်နေရသည်။ ခေါင်းကို ခါယမ်းပစ်လိုက်ကာ အတိတ်ကို မောင်းထုတ်လိုက်ရ၏။

အတိတ်ကို မောင်းထုတ်သော်လည်း မနေ့တစ်နေ့က အဖြစ်တို့ကမူ အတွေးထဲ အင်အားကောင်းစွာ ပြန်ပေါ်လို့လာရပြန်သည်။

ကိုစောဖေနှင့် ယွန်းခင်ခင် မျက်လုံးချင်း လာကြည့်ပြီးနောက် တစ်နေ့တွင် ကပ္ပိယကြီး ဦးဖြူသီးကို အပူကပ်ကာ ယွန်းခင်ခင်ကို ချိန်းဆို၍ ဒီနေရာလေးမှာပင် သူတို့ဆုံတွေ့ခဲ့ကြသေးသည်။

ထိုနေ့က ယွန်းရောက်လာသောအခါ စောင့်စည်းရမည့် လူ့ကျင့်ဝတ် တို့ကိုပင်မေ့ပြီး အမြတ်တနိုး ပွေ့ဖက်ထားမိသည်။ ဦးစွာ သတိဝင်လာသူက ယွန်းခင်ခင်သာဖြစ်သည်။

ဟံမင်းညို ရင်ခွင်မှ ရုန်းထွက်ရင်း . . .

''မသင့်တော်တော့ပါဘူး ဟံမင်းညိုရယ်၊ တို့တွေကြားမှာ စည်းခြားသွားပြီလေ''

''ငါတောင်းပန်ပါတယ် ယွန်းရယ်၊ နင့်အပေါ်ထားတဲ့ ငါ့ မေတ္တာတရားနဲ့ အချစ်စိတ်ကို မျိုသိပ်မထားနိုင်လို့ပါ''

''ငါသဘောပေါက်ပါတယ် ဟံမင်းညိုရယ်၊ ငါလဲ ခံစားနေရတာပါပဲ၊ ဒါပေမဲ့ . . . ငါ့မှာစောင့်စည်းရမယ့် အကြောင်းတရားတွေ ရှိနေပြီလေ''





''အင်း . . . ခွဲခွာခဲ့ကြတာ ဆယ်နှစ်၊ မထင်မှတ်ဘဲ ပြန်ဆုံကြတော့လဲ တစ်သက်တာ ခွဲခွာကြရဘို့အကြောင်းက ရှိနှင့်နေပြီ၊ တို့တွေကြေကွဲ ပူဆွေးဘို့အတွက် ပြန်ဆုံကြရတာလား ယွန်းရယ်''

''ဒီလောက်လဲ စိတ်ပျက်အားငယ် မနေပါနဲ့ ဟံမင်းညိုရယ်၊ စေ့စပ်တယ်ဆိုတာ လက်ထပ်ထားတာမှ မဟုတ်ဘဲ၊ လက်မထပ်သေးဘဲ အချိန်ဆွဲပြီး နည်းလမ်းရှာကြည့်ကြသေးတာပေါ့''

''မျှော်လင့်ချက်တွေ ရှိနေသေးတယ်ဆိုတဲ့ သဘောလား ယွန်း''

''ဒါပေါ့ ဟံမင်းညိုရယ်၊ လူဆိုတာ မသေမချင်း မျှော်လင့်ချက်တစ်ခုနဲ့ အသက်ရှင်နေကြတာချည်းပဲ မဟုတ်လား''

''ကောင်းပြီ ယွန်း . . . ကိုယ် မျှော်လင့်ချက်ကို ရွေချပြီး စောင့်နေပါ့မယ်၊ တို့တွေ ပေါင်းဖက်ရမယ့် အချိန်အထိပေါ့''

ပြောစရာစကားတို့ ရှားပါးသွား၍ ဟံမင်းညိုနှင့် ယွန်းခင်ခင် တစ်ယောက်ကိုတစ်ယောက် တိမ်းညွတ်တပ်မက်စွာ အကြည့်ချင်း ဖလှယ်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာပင် တစုံတရာကို သတိရ စဉ်းစားသွားမိ ဟန်နှင့်...

''ဟံမင်းညို တို့ခွေခွဲခွာရတဲ့အချိန်မှာ နင့်ကိုပေးခဲ့တဲ့ ဆွဲကြိုးလေးကောဟင်''

ယွန်း၏အမေးကြောင့် ဟံမင်းညို မလှုပ်မလဲဖြစ်သွား ကာ...

''အပြစ်တင်ရင်လဲ ခံရတော့မှာပဲ ယွန်းရယ်၊ ကိုယ်လေ အဲဒီ ဆွဲကြိုးလေးကို အသက်တမျှ ခင်တွယ်စွာနဲ့ ထိန်းသိမ်း စောင့်ရှောက်ခဲ့တာပါ၊ ခက်ခဲကြမ်းတမ်းတဲ့ ပညာသင်ကာလ တစ်လျှောက်လုံး ဆင်းရဲငတ်ပြတ်နေတဲ့ အခြေအနေမျိုးမှာတောင် အဆုံးရှုံးမခံခဲ့တာပါ၊ ဒါပေမယ့်အခု သရက်မြို့ကို အလာလမ်းမှာ မမျှော်လင့်ဘဲ ဓားပြအတိုက်ခံခဲ့ရပြီး အဲဒီဆွဲကြိုးလေး ဆုံးရှုံးခဲ့တယ် ယွန်းရယ်''

ပြောရင်း ဟံမင်းညိုတစ်ယောက် နှမြောတသ ကြေကွဲစွာ နှင့် အသံပါတိမ်ဝင်သွားသဖြင့်...

''အို...ဟံမင်းညိုရယ်၊ ဒီလောက်လဲ ဝမ်းနည်းမနေပါနဲ့၊ နင့်ပယောဂကြောင့် ဆုံးရှုံးရတာမှ မဟုတ်ဘဲ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ နင် တလျှောက်လုံး ထိန်းသိမ်းခဲ့တယ်ဆိုတာ သိရတာနဲ့တင်





ငါကျေနပ်ပါတယ်''

''ဘာတွေကို ကျေနပ်နေတာလဲ ယွန်းခင်ခင်''

ရုတ်တရက် ပေါ်ထွက်လာသော စကားသံနှင့်အတူ လျှပ် တပြက် ရောက်ရှိလာသော စောဖေကြောင့် ဟံမင်းညိုနှင့် ယွန်းတို့ နှစ်ယောက်လုံး အိုးတိုးအန်းတန့် ဖြစ်သွားကြရသည်။

''ကဲ...ပြောစမ်းပါဦး၊ ရည်းစားဟောင်းနဲ့ ချိန်းတွေ့ပြီး ဘာတွေ ကြံစည်နေကြတာလဲ၊ မင်းနဲ့ငါက ဂုဏ်သရေရှိ မြို့လူထု ရှေ့မှာ တရားဝင် စေ့စပ်ကြောင်းလမ်းထားကြတဲ့ သူတွေနော်၊ စောင့်စည်းလိုက်နာရမယ့် မိန်းမကောင်းကျင့်ဝတ်တွေ မင်းမသိတော့ ဘူးလား''

ရုတ်တရက် အငိုက်မိသွားကြသဖြင့် ယွန်းတစ်ယောက် ရှက်ရွံ့စွာ မျက်နှာအောက်ချ တွေဝေနေစဉ် ဟံမင်းညိုက ဖြေရှင်း ချက်ပေးလိုက်သည်။

''ခွင့်လွှတ်ပါ ကိုစောဖေ၊ ဒီကိစ္စ ကျွန်တော့်တာဝန်ပါ၊ ကျွန်တော် အတင်းခေါ်ခိုင်းလိုက်လို့ သူရောက်လာတာပါ၊ သူ့ဆန္ဒ မပါပါဘူးဗျာ''

ကိုစောဖေက မောက်မာခက်ထန်စွာဖြင့် တုံ့ပြန်သည်။

''မင်းလိုကောင်ကို အရေးလုပ်ပြီး စကားပြောနေစရာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိဘူး၊ မင်း ငါ့မျက်စေ့ရှေ့က မြန်မြန်ထွက်သွား''

ယောက်ျားသားနှစ်ဦး၏ ထိပ်တိုက်တွေ့မှုက မလိုလားအပ်သော အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်မို့ ယွန်းခင်ခင် ကြားဝင်လိုက်ရသည်။

''ကဲပါ···ဟံမင်းညို···နင်ပြန်တော့၊ ဒီကိစ္စ ငါဖြေရှင်းနိုင်ပါတယ်''

အခြေအနေအရ ဘာမှမတတ်သာတော့သဖြင့် ဟံမင်းညို စိတ်ပ္ပလေးစွာဖြင့် လှည့်ထွက်လာခဲ့ရသည်။ ဟံမင်းညို ဘုရားရင်ပြင်ပေါ်မှ ပျောက်ကွယ်သွားတော့မှ ယွန်းက···

''ကိုစောဖေ အခုဖြစ်ရပ်အတွက် ကျွန်မတောင်းပန်ပါတယ်၊ ကွဲကွာနေတဲ့ မိတ်ဟောင်းချင်း ပြန်ဆုံကြတာပါ၊ တခြား မရိုးမဖြောင့်တဲ့သဘော ဘာမှမရှိပါဘူး''

''လွှာနှစ်ခွနဲ့မြွေဟောက်မ နင်တို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကို တစ်မြို့လုံးမမေ့ကြသေးလို့ ငါ့နားကိုသတင်း ရောက်လာတာပေါ့၊ ကဲ···ပြောစမ်းပါဦး၊ မင်းဘယ်လိုလုပ်မှာလဲ''

''ဘာလုပ်စရာ လိုသေးလို့လဲ၊ ကျွန်မက မိကောင်းဖခင်သမီး၊ ပြီးတော့လဲ မိဘလက်နဲ့ ရေးထားတဲ့ကိစ္စကို ခြေနဲ့နင်းပြီး ဖျက်ပစ်မယ့် မိန်းမသားတစ်ယောက် မဟုတ်ဘူး ကိုစောဖေ''





''မာယာတွေ များလှချီလား ယွန်းခင်ခင်ရယ်၊ အပြောချိုသလောက် ဝမ်းတွင်းက ကောက်နေတယ်ဆိုတာ မင်းတို့နှစ်ယောက်ရဲ့ အမူအရာတွေ မြင်ကတည်းက ငါသိပြီးသား''

''ရောက်တဲ့အရပ်မှာ တစ်ရွာတစ်ကျီဆောက်ပြီး တွေ့သမျှ တော်ကောက်နေတဲ့ရှင်က ကိုယ့်စိတ်နဲ့နှိုင်းပြီး မရိုင်းစေချင်ဘူး ကိုစောဖေ၊ အချိန်တန်ရင် ကျွန်မက ရှင့်ဇနီးတစ်ယောက် ဖြစ်လာမှာပဲ မဟုတ်လား''

ပြန်လည် ဝေဖန်ခံလိုက်ရသဖြင့် ကိုစောဖေ မျက်နှာနီမြန်းသွားပြီး···

''ငါလိုချင်တာ အဲဒါမျိုးမဟုတ်ဘူး ယွန်းခင်ခင်၊ ငါ့အိပ်ယာပေါ်မှာ အသည်းနှလုံးပါမလာတဲ့ မိန်းမတစ်ယောက်ကိုတင်ပြီး မဟေသီဘွဲ့ ပေးမထားနိုင်ဘူး''

''ရှင်မက်မောတဲ့ ကျွန်မအလှ၊ ရှင်သိပ်တပ်မက်တဲ့ ကျွန်မရဲ့ ကိုယ်ခန္ဓာကို အပိုင်ရရင် ကျေနပ်သင့်တာပေါ့၊ လောဘတွေ သိပ်များနေရင် ရှင်ပဲခံစားရမှာလေ''

ကိုစောဖေ အရှိုက်ထိုးခံရသလို ဖြစ်သွားပြီး···

''ကျုပ်တောင်းပန်ပါတယ် ယွန်းခင်ခင်ရယ်၊ မင်းအပေါ်ထားတဲ့ ကျုပ်မေတ္တာကို အသိအမှတ် ပြုပေးပါ၊ ကျုပ်ကိုချစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ယွန်းခင်ခင်၊ ကျုပ်ကိုချစ်ပါ''

မခံချင်စိတ်၊ မနာလိုစိတ်၊ မစ္ဆရစိတ်တို့ဖြင့် လောင်မြိုက်နေသော ကိုစောဖေ အမူအရာက သူရူးတစ်ယောက်ပမာ။

''ကျွန်မကို ပိုင်ဆိုင်ခွင့်ရတာနဲ့တင် ရောင့်ရဲလိုက်ပါ ကိုစောဖေ၊ ရှင့်ကို ကျွန်မ မမုန်းပါဘူး''

''အချိန်ကပ်ပြီးမှ ပြန်ပေါ်လာတဲ့ မင်းရဲ့အချစ်ဟောင်းကို ငါလုံးဝ မကျေနပ်ဘူး ယွန်းခင်ခင်၊ လူ့လောကမှာ သူမရှိရင် ငါ့ကို ချစ်နိုင်မလား ယွန်းခင်ခင်၊ မင်းတစ်ချက်လေးပဲ ခေါင်းငြိမ့်လိုက်စမ်းပါ၊ ငါသူ့ကို သွားသတ်မယ်''

ကိုစောဖေ စကားကြောင့် ယွန်းခင်ခင် မျက်လုံးလေးများ ပြူးသွားကာ အံ့ဩတုန်လှုပ် ထိတ်လန့်သွားခဲ့ရသည်။ ထို့ကြောင့် ကမန်းကတန်း လေသံနှင့်…

''ဒီကိစ္စ အသက်တစ်ချောင်း ဆုံးရှုံးရလောက်အောင် မခက်ခဲပါဘူးရှင်၊ ရှင်ကိုကျွန်မ ချစ်လို့ရပါတယ်၊ ရှင့်ကိုချစ်ပါတယ်ရှင်''

လူလည်လူနပ် ကိုစောဖေက ယွန်းခင်ခင်၏ ဆန္ဒအစစ် အမှန်ကို ရိပ်မိသွားဟန်နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ နာကျည်းစွာ ပြောလိုက်သည်။

''ဟား…ဟား…ဟား…ခုလိုကျတော့လည်း မယုံနိုင်





စရာပါပဲလား ယွန်းခင်ခင်ရယ်၊ နင့်အကောင် သေမှာစိုးတာနဲ့ ငါ့ကိုချစ်ပါတယ်လို့ မင်းနှုတ်ဖျားက ပြောထွက်သလား၊ မင်းကျိန်တွယ်ပြောတောင် ငါမယုံဘူး ယွန်းခင်ခင်…

အေးလေ…ထားပါတော့၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မယ် ယွန်းခင်ခင်၊ ရေနဲ့လှိုင်းကို အသုံးချပြီး ကိုယ်လိုရာကမ်းကိုကပ်ဖို့ လှေကို ဘယ်လိုပဲ့ကိုင်ရမယ်ဆိုတာ မင်းမသိနိုင်ပါဘူး၊ ဘာလို့လဲဆိုတော့ မင်းကလှိုင်း ငါကလှေဖြစ်နေလို့ပဲ…

လှေဆိုပေမယ့် ငါကလှိုင်းပုတ်ရာ မျောပါမယ့်လှေ မဟုတ်ဘူးနော်၊ ငါ့လှေမှာ တက်ကောရှက်ကော ပဲ့ကော အကုန်ပါတယ်၊ ပြီးတော့ ကိုယ်ဖြစ်ချင်တာဖြစ်အောင် လုပ်နိုင်တဲ့စိတ်ဆန္ဒဓာတွေ ပါရှိနေတယ် ယွန်းခင်ခင်…

မင်းကိုငါ နောက်ဆုံးပြောလိုက်မယ်၊ ရေစီးဘယ်လိုပဲ သန်သန်၊ လှိုင်းတွေဘယ်လိုပဲထန်ထန် လှိုင်းကြီးလှေအောက်ပဲ၊ အဲဒီစကား မင်းမြဲမြဲမှတ်ထား''

မနားတမ်း ပြောလိုက်ရ၍ မောသွားဟန်တူသော ကိုစောဖေက အနီးရှိ သစ်ပင်ကိုမှီကာ အမောဖြေလိုက်သည်။ ထိုအခိုက်မှာပင် ဘုရားပေါ်သို့ လူနှစ်ယောက် ပြေးတက်လာကာ ကိုစောဖေ အနားသို့ ခပ်ရှုံ့ရှုံ့လာရပ်လိုက်ကြရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ သရက်တိုက်နယ် မကျည်းရုံမှာ ကျုပ်တို့လုပ်ခဲ့တဲ့ ကိစ္စ ဌာနအုပ်က မီးခိုးကြွက်လျှောက် လိုက်နေတယ် ဆရာ"

တပည့်တစ်ယောက်၏ စကားကြောင့် ဒေါ်ပွသွားသော ကိုစောဖေက ထိုလူကို နားရင်းတစ်ချက် ဖြောင်းကနဲ အုပ်လိုက်ရင်း...

"ဒီနေရာမှာ ဒီစကားတွေ ပြောစရာလား၊ အရိပ်သုံးပါး နားမလည်တဲ့ကောင်၊ သွားစမ်းကွာ...ငါလာခဲ့မယ်"

"ဟုတ်...ဟုတ်ကဲ့"

တပည့်နှစ်ယောက် မျက်စိမျက်နှာပျက်စွာနှင့် ခပ်သုတ်သုတ် ပြန်ထွက်သွားကြ၏။ သူတို့ပြောသော စကားများကို ယွန်းခင်ခင် နားလည်သလိုလိုနှင့် သဘောမပေါက်ပါ။ ကိုစောဖေက ဘာမှအရေးမကြီးဟန်နှင့်...

"ယွန်းခင်ခင် ညကျရင် အဖေက ညစာစားပွဲ ဖိတ်ထားတာ မေ့မနေနဲ့ဦးနော်၊ ကျုပ် လူလွှတ်ခေါ်ခိုင်းလိုက်မယ်"

"အဖေနဲ့အမေ သရက်မြို့ကို သွားကြတယ် ကိုစောဖေ"

"ဘာဖြစ်လဲ...ယွန်းတစ်ယောက်ပဲလာရင် ပြည့်စုံပြီ"

"ကောင်းပြီလေ...ကျွန်မ လာခဲ့မှာပါ"

"ဒါဆိုသွားကြစို့"





နှစ်ယောက်သား ဘာမှ စကားမဟတော့ဘဲ တိတ်ဆိတ်စွာ ထွက်လာခဲ့ကြတော့၏။

▲ ▲ ▲

## အပိုင်း (၅)

"ဖြောင်း"

"ဖောင်း"

ဌာနအုပ်မင်းရှေ့ ခြေစုံရိုက်၍ ဆလွတ်ရိုက်အလေးပြုလိုက်ရင်း...

"ဌာနအုပ်မင်းခင်ဗျာ ယွန်းခင်ခင် အသတ်ခံရမှု အခြေအနေ တိုးတက်လာတာနဲ့ ပတ်သက်ပြီး ရီပို့တင်စရာရှိပါတယ်"

"အင်စပက်တာ့အဲဒီကိစ္စအသာထားပြီး လွန်ခဲ့တဲ့ နှစ်ပတ်ကျော်က မကျည်းရုံမှာဖြစ်ခဲ့တဲ့ ဓားပြမှုတရားခံတစ်ယောက် သွားဖမ်းနေတယ် ရောက်လာတာနဲ့ အချုပ်ထဲမှာ စစ်ဆေးပြီး နောက်ကွယ်က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကို ရအောင်ဖော်ထုတ်ပါ''

''ဟုတ်ကဲ့ ဗွာနအုပ်၊ ဒါနဲ့ ဓားပြတရားခံကို ဘယ်လို စုံစမ်းမိတာလဲ''

''အနေအထိုင်မတတ်တဲ့ ဓားပြရဲ့ မယားငယ် ရုတ်တရက် ချမ်းသာပြီး လှည်းဝယ် နွားဝယ်ရာက ကွင်းဆက်ရပြီး ကင်းပုန်းဝပ် စောင့်ခိုင်းထားတာလေ''

''ဩော်…ဒါနဲ့ မျက်လှည့်ဆရာ ဟိန္ဒူကလဲ ဓားပြတိုက်ခံရတယ်လို့ အမှုဖွင့်ထားတယ်နော်''

''ဟုတ်တယ်လေ…ခရီးသွားလှည်းတန်းနဲ့အတူ ပါလာတဲ့ သူတို့မျက်လှည့်အဖွဲ့လည်း တစ်နေရာထဲမှာပဲ အတိုက်ခံခဲ့ရတာပေါ့''

''ဟုတ်ကဲ့ပါ ဗွာနအုပ်''

ထိုသို့ပြောနေခိုက်မှာပင် လက်ပြန်ကြိုးတုပ်၍ ဂေါ်ယာ ပုလိပ်များ ဆောင့်ဆွဲလာသော လူတစ်ယောက် ဂတ်ထဲသို့ရောက် လာ၏။

စာသင်ကြီး(ဆာဂျင်)က ဆလွတ်ရိုက်ရင်း…

''ဓားပြကို ဖမ်းလာခဲ့ပါပြီ ဆပ်၊ တူမီးသေနတ်တစ်လက်၊ ဓားရှည် တစ်လက်နဲ့ တိုက်ရာပါရွှေထုပ်အချို့ သိမ်းဆည်းရမိပါ





တယ်''

ဗွာနအုပ်မင်း သဘောကျသွားကာ

''good...good...very good...you are so clever...carry on sergeant''

ဗွာနအုပ်မင်း အမိန့်ဆုံးသည်နှင့် ဂေါ်ယာစစ်ပုလိပ်က ဆလွတ်ရိုက်ရင်း…

''yes sir''

''ဖြောင်း''

''ဖုန်း''

တဆက်တည်း နံပါတ်တုတ်နှင့် ဖုန်းကနည်းရိုက်ကာ ဓားပြတရားခံအား အချုပ်ထဲ ဆွဲသွင်းသွား၏။

''ကဲ…အင်စပက်တာ ထွက်ချက်ယူလိုက်ပါ''

''ကောင်းပါပြီ ဗွာနအုပ်''

အင်စပက်တော် ဦးဘဒင်လဲ ဗွာနအုပ် အမိန့်အတိုင်း ထွက်ချက်ယူရန် အချုပ်ထဲသို့ လိုက်၍ဝင်သွားရလေတော့၏။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com



အိမ်စေဖွင့်ပေးသော ရထားလုံးတံခါးမှ ဆင်းလာသော ယွန်းခင်ခင်ကို ကိုစောဖေက ဆင်ဝင်အောက်အထိ ဆင်းလာဆီးကြိုရှာ၏။

''ညစာထမင်းဝိုင်းကတော့ ပြင်ဆင်ပြီးပါပြီ ယွန်းခင်ခင်ရဲ့ ဒါပေမယ့် ကိုယ်ကလဲ ပြန်တောင်းပန်မှာ၊ ကိုယ့်ဖေဖေလဲ အရေးပေါ် ကိစ္စပေါ်လာလို့ အောင်လံကို စစ်ဆေးရေးတာဝန်နဲ့ ထွက်သွားရတယ် ယွန်းခင်ခင်''

''ဒါဆိုလဲ ကျွန်မပြန်လိုက်ပါ့မယ် ကိစ္စမရှိပါဘူး''

''မပြန်ပါနဲ့ ယွန်းခင်ခင်ရယ်၊ နေ့ခင်းက ကိုယ့်စိတ်တွေ ဘယ်လိုဖြစ်သွားမှန်း မသိလို့ ယွန်းခင်ခင်ကို ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောဆိုမိပါတယ်၊ အဲဒီအတွက် တောင်းပန်ရင်း လက်ဆောင်တစ်ခု ပေးပါရစေ၊ လာပါ ယွန်းရယ်...လာပါ''

ယခုတော့လဲ နေ့ခင်းကနှင့်မတူ လွန်စွာနူးညံ့သိမ်မွေ့ကာ လူကြီးလူကောင်းဆန်နေသော ကိုစောဖေကိုကြည့်ကာ အံ့ဩနေမိသည်။ ခုမှတော့ လှည့်ပြန်သွားလည်း မကောင်းတတ်တော့သဖြင့် ကိုစောဖေခေါ်ရာသို့ လိုက်ပါလာခဲ့ရ၏။

ခမ်းနားထည်ဝါလှသော ထမင်းဝိုင်းကြီးကအသင့်။ ဟင်း အမယ်ပေါင်း ငါးဆယ်ခန့်မျှ ရှိလေမည်လား မပြောတတ်။ လူခြောက်





ယောက်ထိုင်နိုင်သော စားပွဲရှည်ကြီးနှင့် အပြည့်ခင်းကျင်းထား၏။

ထို့ပြင် ဝါဆိုဖယောင်းတိုင်ကြီး သုံးတိုင်ကိုလည်း လှပစွာ ထွန်းညှိထားသေးသည်။ ပြင်ဆင်ထားမှုကတော့ စိတ်ကိုညှို့ယူဖမ်းစားနိုင်လောက်ပါပေ၏။

သူတို့နှစ်ဦး ထိုင်လိုက်သည်နှင့် အိမ်စေများက ထမင်းပွဲကို ပြင်ဆင်ပေးကြ၏။ ကိုစောဖေက အမူအရာနှင့် နှင်ထုတ်လိုက်သဖြင့် အနိုင်းအစေ အားလုံးထွက်သွားကြသည်။

ထိုအခါကျမှ ကိုစောဖေက သူ့ရှေ့မှ ယွန်းဗူးလေးကို ဖွင့်ကာ ယွန်းခင်ခင်ကို လှမ်းပေးလိုက်သည်။ ဒီလူနှင့် အတိုက်အခံ ထပ်မဖြစ်ချင်တော့သဖြင့် ယွန်းခင်ခင့် ဗူးကိုလှမ်းယူလိုက်သည်။

ဗူးထဲမှာက လှပသော ဆွဲကြိုးလေးတစ်ကုံး။ ထိုဆွဲကြိုးကို မြင်တော့ ယွန်းခင်ခင် အံ့အားသင့်သွား၏။ ကိုစောဖေကို မယုံနိုင်သလို လှမ်းကြည့်မိ သည်။ ကိုစောဖေက ယုံကြည်ချက်အပြည့်ရှိသော လေသံမျိုးနှင့်...

''သဘောကျရဲ့လား ယွန်း''

ယွန်း ဘာမှမပြောနိုင်သေးပဲ ဆွဲကြိုးကိုဗူးထဲမှ ထုတ်၍ လက်ဝါးပေါ်တင်ကာ အသေအချာ ကြည့်မိသည်။ သူ့မျက်လုံးများ မီဝင်းဝင်းတောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆွဲကြိုး ဘယ်ကရတာလဲ ကိုစောဖေ"

"ရန်ကုန်က ပန်းထိမ်ဆိုင်ကို လုမ်းမှာထားတာလေ။ ယွန်းရဲ့မလှဘူးလား၊ ယွန်းနဲ့ဆို သိပ်လိုက်မှာပဲ"

"ရှင်ဟာ ဓားပြတစ်ယောက်ပါလား ကိုစောဖေ"

မညှာမတာ ရက်ရက်စက်စက် ပြောချလိုက်သော ယွန်းခင်ခင်၏ စကားကြောင့် ကိုစောဖေ ပါးစပ်အဟောင်းသား ပွင့်သွားကာ အမူအရာ ပျက်သွားရသည်။

"ဘာဖြစ်လို့လဲ ယွန်းခင်ခင်၊ မင်း မင်းဘာတွေပြောနေတာလဲ"

"ဒီဆွဲကြိုးက ကျွန်မပစ္စည်း။ ရှင်ကောက်ရလာတာ လုံးဝမဖြစ်နိုင်ဘူးဆိုတော့ ဓားပြတိုက်လာတာပဲ ဖြစ်ရမှာပေါ့"

"ယွန်းခင်ခင် အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့ ကျုပ်လိုဝန်ထောက်သားတစ်ယောက်က မဟုတ်တာ လုပ်မလား၊ ဒါ... မင်းအတွက်ရည်စူးပြီး ကျုပ်ဝယ်လာတာ"

"ရှင်ကဖွတ်တင်းပြီး ငြင်းချင်သေးတာကိုး၊ ဒီမှာကြည့်"

"ထောက်"

ယွန်းခင်ခင်က ဘဲဥပုံဆွဲကြိုး လော့ကက်ပြားလေး၏ ခလုတ်ကိုနှိပ်ကာ ဖွင့်ပြလိုက်၏။ လော့ကက်ပြားထဲမှ ယွန်းခင်ခင်





ဆယ်ကျော်သက်အရွယ်မှ ဓာတ်ပုံလေးက အထင်းသား။ ဒါကို မျက်ဝါးထင်ထင် မြင်လိုက်ရသော ကိုစောဖေ လွန်စွာ အံ့အားသင့်ကာ ကြက်သေသေလျက် ပါးစပ်အဟောင်းသားနှင့် ဘာစကားမှ ထွက်မလာတော့။

"ဘယ်လိုလဲ ကိုစောဖေ ရှင်ငြင်းချင်သေးလား"

"ဒါ...ဒါ"

ကိုစောဖေမှာ တုံ့ပြန်ပြောစရာစကားက အဆင်သင့်ရှိမနေခဲ့။

"အမှန်ကို ကျွန်မဝန်ခံပါ့မယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ် ကျွန်မနဲ့ ဟံမင်းညို ခွဲခွာခဲ့ကြစဉ်က ဒီဆွဲကြိုးကို ဟံမင်းညိုအတွက် ပေးခဲ့တာပါ၊ သူက ကိုယ်နဲ့မကွာ အမြတ်တနိုး သိမ်းထားခဲ့တဲ့သူပါ၊ သရက်မြို့ကိုမျက်လှည့် ပွဲပြဘို့အလာ လမ်းမှာဓားပြအတိုက်ခံရပြီး ဒီဆွဲကြိုးလေးပါသွားတယ်လို့ နေ့ခင်းကပဲ သူပြောပြခဲ့တယ် ကိုစောဖေ"

"ဒီကိစ္စ ကျုပ်မသိဘူး...မသိဘူး"

"ရှင်ဘယ်သိမလဲ၊ ရှင်က ကိုယ်တိုင်ကျူးလွန်ခဲ့တာမှ မဟုတ်တာ၊ ဘုရားပေါ်မှာ ရှင့်တပည့်တွေ လာပြောတဲ့စကားကို ကျွန်မ သဘောပေါက်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစောဖေ ဇောချွေးပျံလို့နေရပြီ။ ဖြစ်ချင်တော့ တိုက်ရာပါ ပစ္စည်း ကိုမှ ပိုင်ရှင်ကို လက်ဆောင်ပြန်ပေးမိသည့်အဖြစ်။ သည်အနေအထားတွင် သူ့ဘာမှ ငြင်းချက်ထုတ်နိုင်စွမ်းမရှိတော့။

"ကျွန်မပြန်မယ် ကိုစောဖေ၊ လူကြီးလူကောင်း ယောင်ဆောင်ထားတဲ့ ရှင့်လိုမားပြတစ်ယောက်ကို ကျွန်မ လင်မလုပ်နိုင်ဘူး"

ယွန်းခင်ခင် ပြောပြောဆိုဆို ထလိုက်တော့ ကိုစောဖေက ပြာပြာသလဲ လိုက်ပို့ပေးပါရစေ အပြင်မှာမှောင်နေပြီဟု အကြောင်းပြ ခွင့်တောင်း၏။ နောက်ထပ် ပတ်သက်စရာအကြောင်း မရှိတော့၍ နောက်ဆုံးအနေနှင့် လိုက်လျောရန် စိတ်ကူးရပြီး အသာရပ်နေလိုက် မိသည်။

▲ ▲ ▲

"ကျုပ်တို့ကတော့ ရာဇဝင်အိုးကို တုတ်နဲ့ထိုးမိပြီ ဌာနအုပ် မင်းရေ"





အင်မပက်တော် ဦးဘာဒင်က ဌာနအုပ်ရုံးခန်းသို့ဝင်လာကာ စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြောလိုက်၏။

"ဘာတွေဖြစ်လာလို့လဲ အင်စပက်တော်ကြီးရဲ့"

"ဘာဖြစ်ရမလဲဗျ၊ အထဲက မားပြကောင်ရဲ့ ထွက်ချက်ကို ဌာနအုပ်ကြီးကြားရင် အိုးထိန်းစက်လို သွက်သွက်ခါသွားမယ်နော်"

"ကဲပါ...လိုရင်းကို လင်းစမ်းပါ"

"လိုရင်းလင်းရရင်တော့ နောက်ကွယ်ကမားပြဗိုလ်ဟာ ဝန်ထောက်မင်းရဲ့သား ကိုစောဖေတဲ့"

"ဘာ..."

"ဒါတင်မကသေးဘူး ဌာနအုပ်မင်း၊ ယွန်းခင်ခင်ကို သတ်တဲ့ တရားခံကလဲ သူပဲတဲ့၊ အခု ဝန်ထောက်မင်းတည်းတဲ့ ဗိုလ်တဲက အိမ်စေက ကျုပ်ကို သတင်းပေးတယ်ဗျ"

"အိုး...ဂေါ့(ဒ်)...ဘုရားသခင် ကယ်တော်မူပါ"

"ဘုရားသခင်ကတော့ ကယ်မယ်မထင်ဘူး ဌာနအုပ်မင်း၊ ကျုပ်တို့ အကိုင်အတွယ်မတတ်ရင် အကုန်လုံး ချော်ကျကုန်လိမ့်မယ်နော်"

"အိုင်...ဆေး...ဦးဘာဒင် အခုလောလောဆယ် ကျုပ်တို့ ငြိမ်နေလိုက်ကြတာ ကောင်းလိမ့်မယ်၊ ဝန်ထောက်မင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်လံက ပြန်လာမှဘဲ မီးစင်ကြည့်ကကြတာပေါ့ဗျာ''

''ဟုတ်ကဲ့...ကျုပ်လဲ ဒီလိုပဲ သဘောရပါတယ် ဌာနအုပ် မင်း''

''ဟူး...ကျုပ်ရဲ့ရာထူးသက်တမ်း တလျှောက်လုံး ဒီလို အကြပ်ဆိုက်တဲ့အမှုမျိုး လုံးဝမကြုံဖူးဘူးဗျာ''

သက်ပြင်းချရင်း ညည်းညူလိုက်သော ဌာနအုပ်စကားကို ဦးဘဒင် ခွန်းတုံ့ပြန်မနေတော့ဘဲ ပြုံးရုံသာပြုံးနေလိုက်လေတော့၏။

▲ ▲ ▲

ကိုစောဖေက စားပွဲမှ လျှင်မြန်စွာထရင်း ကြက်ကင်လှီးရန် ချထား ပေးသည့်ဓားကို အသာဆွဲယူကာ ခါးကြားထိုးထည့်လိုက်ခြင်း ကို ယွန်းခင်ခင် မမြင်လိုက် မတွေ့လိုက်။

''ဒီကိစ္စ အထင်လွဲမှုနဲ့ တိုက်ဆိုင်မှုပါ ယွန်းခင်ခင်၊ ကျုပ် ဘာမှမသိရပါဘူး''

ယွန်းခင်ခင်ထံမှ စကားပြန်မရသဖြင့် ကိုစောဖေလည်း





ဘာမှဆက်မပြောတော့ဘဲ မြင်းဖောင်းဘက်သို့ ယွန်းခင်ခင်ကို လမ်းပြ ခေါ်လာခဲ့သည်။ ထိုအဖြစ်ကို အိမ်စေတစ်ယောက်က အစအဆုံး ချောင်းကြည့်နေခဲ့၏။ ဒါကို ကိုစောဖေ မရိပ်မိလိုက်။

မြင်းဖောင်းထဲရောက်သောအခါ အစာကျွေးထားသော မြင်းမြီးကိုဆွဲ၍ လှည်းတွင်ပြန်တပ်လိုက်သည်။ ယွန်းခင်ခင်ကို အကဲခတ်ကြည့်တော့ ဆွဲကြိုးလေးကို ကိုင်ထားရင်း ကြည့်နှူးနေတာ မြင်ရ၏။ လောလောဆယ် သူ့ကိုပြဿနာရှာနိုင်တာ ဒီဆွဲကြိုးလေးပဲ ဖြစ်သည်။

တိုက်ရာပါ သက်သေခံပစ္စည်း ဖြစ်နေသဖြင့် ဒီဆွဲကြိုးကို ယွန်းခင်ခင် ယူသွားတာ လုံးဝလက်သင့်မခံနိုင်။ အသာတကြည် ပြန်တောင်းလို့လဲ ရနိုင်ဖွယ်မရှိတော့။

ပက်စက်သော ဆုံးဖြတ်ချက်တစ်ခုကို ကိုစောဖေ မဖြစ် မနေချလိုက်ရသည်။ ထို့ကြောင့် ခါးကြားမှ ဓားကိုစမ်းရင်း ယွန်း ခင်ခင်ထံ တိုးကပ်သွားလိုက်၏။

ထိုအခိုက်မှာပင် ကြောင်အချင်းချင်း ကိုက်သည့် ဆူညံသံ များ ထွက်ပေါ်လို့လာသည်။ ထိုအခွင့်အရေးကို အသုံးချပြီး ယွန်း ခင်ခင်အား ဓားဖြင့်ထိုးသတ်လိုက်သည်။

မချိမဆန့် ဝေဒနာခံစားရင်း အော်သံတစ်ချက်သာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ယွန်းခင်ခင် ပြိုလဲကျသွား၏။ ကိုစောဖေက ဓားမှ သွေးများကို မြင်းဇောင်းထဲမှ ကောက်ရိုးများနှင့်သုတ်ပြီး ခါးကြား ပြန်ထိုးလိုက်သည်။ ထို့နောက် ယွန်းခင်ခင် လက်ထဲမှ ပြုတ်ကျနေပြီ ဖြစ်သော ဆွဲကြိုးလေးကို ကောက်ယူလိုက်၏။

"ဒီကိစ္စ မင်းပြဿနာ မင်းရှာတာပဲ ယွန်းခင်ခင်၊ ကိုယ့်ကို မချစ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ငါ့ဘဝ အပျက်မခံနိုင်ဘူး။ တမလွန်မှာ အေးအေးချမ်းချမ်း နားနေနိုင်ပါစေ ယွန်းခင်ခင်"

တစ်ယောက်ထဲ အရူးလို စကားပြောရင်း ကိုစောဖေ ယွန်းခင်ခင် အလောင်းကို ပွေ့ချီကာ မြင်းလှည်းပေါ်တင်၍ ကမူးရှူးထိုး မောင်းထွက်လာခဲ့လေတော့၏။

▲ ▲ ▲

မျက်လှည့်ပြကွက်များ ပြီးစီးသွားပြီမို့ တစ်ညတာ ပြသခဲ့သော အသုံးပြုထားသည့် ပစ္စည်းပစ္စယများကို အားလုံး ဝိုင်းဝန်း သိမ်းဆည်းနေကြ၏။ ဟံမင်းညို၊ ကပ္ပိယကြီး၊ လောရှည်၊ တက်ပုနှင့်





အစေခံရန်ကန္တားတို့ တက်ညီလက်ညီ လုပ်ဆောင်နေသည့်ကြားမှ ယုန်ကလေးကို လှောင်ချိုင့်ထဲ ပြန်အထည့်တွင် လောရှည်လက်မှ လွတ်ကာ ထွက်ပြေးသွားတော့၏။

ယုန်ကလေးမှာ ဇာတ်ဝင်သက်ရှိပစ္စည်းတစ်ခုမို့ အဆုံးရှုံး မခံနိုင်သဖြင့် ဟံမင်းညို မုန်အိမ်တစ်လုံးကို ကောက်ဆွဲကာ အပြေး လိုက်ခဲ့သည်။ ယုန်ကလေးက ခုန်ဆွခုန်ဆွနှင့်ပြေးရင်း ဘုရား နောက်ဖက် တောတန်းထဲသို့ ပြေးဝင်သွားသည်။ ဟံမင်းညိုလည်း မျက်စေ့ရှင်ရှင် လှမ်းကြည့်ပြီး ထပ်ချပ်မကွာ နောက်မှပြေးလိုက် ရင်း...

"ထိပ်ကွက်ရေ...ထိပ်ကွက်...ကျွတ်...ကျွတ်"

ယုန်ကလေးကို လှမ်းခေါ်သော်လည်း ယုန်က လုံးဝပြန် လှည့်မလာတော့။ တောကိုမြင်၍ တောစိတ်ဝင်သွားပြီထင်၏။

လေ့ကျင့်ပေးထားသော ယုန်ကလေးမို့ နှမြောတသစိတ်နှင့် မှိုလိုမှိုကြား အတင်းပြေးလိုက်ရင်း တစုံတရာကို ခလုတ်တိုက်မိပြီး ဝုန်းကနဲ ပြိုလဲကျသွားရသည်။ မုန်အိမ်ကို ဂရုတစိုက်ကိုင်ထား၍သာ တော်တော့၏။

မုန်အိမ်အလင်းရောင်ဖြင့် ခလုတ်တိုက်မိသော အရာကို သေချာစွာ ကြည့်လိုက်မိသည့် အခါမှာတော့ ဟံမင်းညို အကြီး



www.burmeseclassic.com

www.burmeseclassic.com



အကျယ် တုန်လှုပ်သွားရလေတော့၏။

"ယွန်း...ယွန်း...ယွန်းခင်ခင်...ယွန်းခင်ခင်"

ခေါ်မရ အော်မရ လှုပ်နှိုး၍မရတော့သောအခါ ဟံမင်းညို ပို၍ စိုးရိမ်သွားရတော့သည်။ ရင်အုံကိုကပ်၍ နားစိုက်ထောင်ကြည့်သောအခါ ရင်ခုန်သံ တိုးတိုးညှင်းညှင်းကို မြှင်းမြှင်းလေး ကြားလိုက်ရသဖြင့် အားတက်သွားပြီမှ ဗိုက်ကဒဏ်ရာနှင့် သွေးများကို မြင်တွေ့လိုက်ရပြန်ရာ လွန်စွာစိတ် ပူပန်သွားပြီး သွေးထွက်မလွန်စေရန်နှင့် အသက်ကယ်နိုင်ရန်အတွက် ပွေ့ချီကာ မျက်လုည့်ရုံသို့ သုတ်ခြေတင်၍ ပြန်လာခဲ့လေ၏။

ရုံကိုပြန်ရောက်တော့ ကပ္ပိယကြီး၊ လောရှည်၊ တက်ပု၊ ရန်ကန္တားတို့နှင့် ယွန်းခင်ခင်အသက်ကို အစွမ်းကုန်ကယ်တင်ကြရသည်။ ကပ္ပိယကြီး၏ ဆေးစွမ်းကောင်းများကြောင့် ယွန်းခင်ခင် အသက်ရှင်ခွင့်ရခဲ့သော်လည်း သွေးထွက်လွန်ကာ သွေးဆုံးရှုံးမှုများခဲ့သဖြင့် လွန်စွာပင်ပန်းနွမ်းနယ်နေခဲ့သည်။

ရှိသမျှအင်အားနှင့် အဖြစ်အပျက်ကိုပြောပြ၍ အကြောင်းစုံသိရသောအခါ ဟံမင်းညို၊ ကပ္ပိယကြီးဦးဖြူသီးတို့ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ညှိနှိုင်းကြရပြန်တော့၏။

ခေါင်းချင်းဆိုင် ဆွေးနွေးပြီး ရလာသော ဆုံးဖြတ်ချက်ကို





ယွန်းခင်ခင်အား ပြောပြသောအခါ သဘောတူလက်ခံသဖြင့် ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ကြရတော့၏။ ယွန်းခင်ခင် အသက်ရှင်သန်ရေးက စိတ်မအေးဖွယ်ရာ။

▲ ▲ ▲

## အပိုင်း (၆)

သူဌေးကြီး ဦးဖေအောင် ဒေါ်မိမိခင်တို့ အိမ်ရှေ့တွင် လူအုပ်ကြီး စုရုံးနေကြ၏။ မီးဒုတ်တဝင်းဝင်းနှင့် လူအုပ်ကြီးမှာ စိုးရိမ်ပူပန်စိတ်များနှင့် ဆောက်တည်ရာမရ ဖြစ်နေကြသည်။ ထိုအထဲတွင် ဦးဖေအောင်နှင့် ဒေါ်မိမိခင်တို့မှာ အရူးမီးဝိုင်းသည့်ပမာ ဖြစ်နေကြရှာ၏။ ကိုစောဖေက အကျိုး အကြောင်းကို ရှင်းပြနေလေ၏။

"ကျွန်တော်ကိုယ်တိုင် ရထားလုံးနဲ့ ဒီအိမ်ရှေ့ထိ လိုက်ပို့ပေးခဲ့တာပါ၊ ဦးတို့တောင် ပြန်မရောက်ကြသေးပါဘူး"

"ဟုတ်တယ် မောင်စောဖေအခေါ်တို့လဲ သရက်က အလှူ



www.burmeseclassic.com

www.burmeseclassic.com



ကို သွားပြီးပြန်လာတာ မကြာသေးဘူးကွယ့်၊ အခုထိ သမီးလေး ပြန်မရောက်သေးဘူးဆိုရင်တော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့ကွယ်"

ထိုအခါ ဦးဖေအောင်က . . .

"မိမိကလဲကွာ၊ မဦးမချွတ် ဘာတွေလျှောက်ပြောနေတာလဲ"

အားလုံးမှာ ပူဆွေးသောကများနှင့် ဘာကိုမှ မဆုံးဖြတ်နိုင် ဖြစ်နေကြစဉ် အင်စပက်တော်ကြီး ဦးဘဒင်နှင့် ပုလိပ်အဖွဲ့အပြင် ဟံမင်းညိုပါ ရောက်လာခဲ့သည်။

ဦးဘဒင်က အချိန်မဆွဲရန်နှင့် မြို့တွင်း သွားတတ်လာတတ်သော အိမ်များတွင် စုံစမ်းပြီးပြီလားမေး၏။ မြို့ပေါ်ရှိ ဆွေမျိုး မိတ်ဆွေအိမ်များအားလုံး သွားရောက်မေးမြန်းပြီးပြီဖြစ်ကြောင်း ဘယ်မှာမှ မတွေ့ရကြောင်း သိရသောအခါ တောနင်းရှာဖွေကြမည်ဟု ဆုံးဖြတ်ပြီး လူအုပ်ကြီး စတင်ထွက်ခွာလာခဲ့ကြ၏။

တစ်ညလုံး တောနင်းပြီး ရှာဖွေကြသော်လည်း မတွေ့ခဲ့။ အားလုံး ပင်ပန်းနွမ်းနယ်နေကြပြီ ဖြစ်သော်လည်း ဖွဲမလျှော့ဘဲ ဆက်လက်ရှာဖွေကြရာ နံနက်လင်းပြီးကာမှ အနောက်ဖက် တောကြီးတန်းအတွင်း ဖြတ်စီးနေသော ယောချောင်းလက်တက် တစ်ခု၏ ချောင်းစပ်ရေတိမ်တွင် မှောက်နေသော ယွန်းခင်ခင်အား





တွေ့ခဲ့ကြရသည်။

တွေ့သည်နှင့် ဟံမင်းညိုက ယွန်းဟု အသံနက်ကြီးဖြင့် အော်ဟစ်ပြေးထွက်သွားကာ ပွေ့ထူခဲ့သည်။ ကပ်လျက်ပါသွားသူက အင်စပက်တော် ဦးဘဒင်။ ဦးဘဒင်က လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်အပြီးမှာတော့ ရရှိထားသော ဒဏ်ရာကြောင့် အသက်သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုကာ လူသတ်မှုအဖြစ် အမှုဖွင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။

အချိန်က သန်းခေါင်ယံ လွန်မြောက်၍ လင်းအာရုဏ် ဘက်သို့ လုနေပြီဖြစ်၏။ နေရာကမြို့သာမြို့ မျက်နှာဖုံးသူဌေးကြီး ဦးဖေအောင်၏ အိမ်ခြံဝင်း။

ယွန်းခင်ခင်၏ အလောင်းကို ကခမ်းတနား ပြင်ဆင်ထားသော်လည်း အသုဘအစောင့်အင်အားက နည်းပါးလွန်းလှ၏။ ထို့ပြင် အချိန်မတော် ဖြစ်နေပြီမို့ အားလုံးသင့်ရာတွင် ခွေကာအိပ်မော ကျနေကြပြီလည်းဖြစ်သည်။

ထိုအချိန်မှာပင် လွန်စွာကြက်သီးထစရာ ကောင်းလှသော ခွေးအူသံများ မြို့အနှံ့ပေါ်ထွက်လာ၏။ ခွေးအူသံများမှာ တစ်နေရာမှ တစ်နေရာသို့ ပျံ့နှံ့ကူးစက်သွားသဖြင့် တစ်မြို့လုံး ခွေးအူသံတို့နှင့် ဆူညံသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမိုက်ရက်မို့ မှောင်ပိန်းနေသည့်အပြင် လူသူကင်းမဲ့နေသဖြင့် ခြောက်ခြားစရာ ညတစ်ညဖြစ်လို့နေ၏။ ထိုအခိုက်မှာပင် အရိပ်မည်းကြီးလေးရိပ် လေထဲ မြောလွင့်လာသလို မြို့လယ်လမ်းအတိုင်း လျင်မြန်စွာ ရွေ့လျားလာနေ၏။

ထို အရိပ်မည်းများက သူဌေးကြီး ဦးဖေအောင်အိမ်သို့ ဦးတည် ဝင်ရောက်လာကြပြီး အခြေအနေ သုံးသပ်ဟန်နှင့် ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် ယွန်းခင်ခင် အလောင်းစင်ရှိရာသို့ ဆက်လက်ရွေ့လျား သွားကြပြန်သည်။

ထို့နောက် ယွန်းခင်ခင်၏ အလောင်းထည့်ကာ ပြင်ဆင်ထားသည့် အခေါင်းကြီးကို သယ်မကာ လာလမ်းအတိုင်း လျင်မြန်စွာ ရွေ့လျား ပျောက်ကွယ်သွားကြတော့၏။

ယင်းသို့သော အခိုက်အတန့်မှာပင် တစ်မြို့လုံးရှိ ခွေးတို့အား တစ်စုံတစ်ရာသော စွမ်းအားတစ်ခုက အချက်ပေး နှိုးဆော်လိုက်သလို ဆက် တိုက်တပြိုင်နက် အူလိုက်ကြသဖြင့် ကြောက်စရာ ညချမ်းအဖြစ် မှတ်တမ်းတင်ရမလို ဖြစ်ပျက်သွားလေတော့၏။

▲ ▲ ▲





အဘယ်မျှကြာအောင် အတွေးရေယာဉ်ကြော နစ်မြောနေမိမှန်းမသိလောက်အောင် အချိန်တို့ကုန်ဆုံးခဲ့ရသည်။ လူစင်မမီသော လူပုလေးတက်ပုသာ ရောက်မလာပါက ဟံမင်းညိုတစ်ယောက် မည်မျှကြာအောင် ဆက်လက်တွေးနေမည်လည်း မပြောတတ်တော့။

တက်ပုက…

"ဆရာရယ်၊ ဘာတွေများ ဒီလောက်တောင် တွေးနေလို့ ခေါ်မကြား အော်မကြား ဖြစ်နေရတာလဲ၊ အချိန်မနည်းတော့ဘူးနော်"

"ဒီမယ် တက်ပု…ငါ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပိတ်ပင်ဖို့အတွက် မင်းကို အလုပ်ပေးထားတယ်များ ထင်နေသလား"

ဟံမင်းညို ဒေါပွပွနှင့် ပြောလိုက်သောစကားကို တက်ပုက လေအေးလေးနှင့် တုံ့ပြန်ရှာသည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ…ဆရာသမားရယ်၊ ညမျက်လှည့်ပွဲ အတွက် ပြင်ဆင်ရဦးမယ် မဟုတ်လား၊ ပြီးတော့လည်း လောရှည်က ယုန်ညိုလေး တစ်ကောင်ဖမ်းမိလာတယ် ဆရာ၊ ဒီကောင့်ကိုလည်း လေ့ကျင့် ပေးရဦးမှာလေ၊ ဒါတွေ ဆရာမလုပ်လို့ ဘယ်သူလုပ်မှာလဲ"

"မင်းလုပ်လိုက်ပေါ့ကွ"



www.burmeseclassic.com

တက်ပုက ညှင်းညှင်းညှံ့ညှံ့ ရယ်လိုက်ရင်း . . .

"ဆရာ့လိုတော်နေမှတော့ တပည့်အဖြစ် ပေကပ်
မှီခိုနေပါဦးမလား ဆရာရယ်၊ ခွဲထွက်ပြီး ဆရာလိုပဲ ဆရာကြီးတစ်
လုပ်နေတော့မှာပေါ့"

တက်ပုအပြောကြောင့် ဟန်လုပ်ပြီး ကြိမ်မောင်းနေမှုကို
ဆက်မလုပ်နိုင်တော့ပဲ ရယ်ချင်စိတ်ကို မျိုသိပ်ရင်း . . .

"ကဲပဲ့လူပုသလောက် လျှာရှည်တဲ့ တက်ပုရယ် မနက်ဖြ
ကစပြီး ယွန်းခင်ခင်ရဲ့ဝိညာဉ်ကိုခေါ်ပြီး သူ့ကိုသတ်တဲ့တရားခံကို
ဖော်ထုတ် မယ်လို့ မြို့ထဲမှာလိုက်ပြီး ကြေငြာလိုက်တော့"

"ဟုတ်ကဲ့ပါ ဆရာ"

တက်ပုက ရှိသေစွာနှင့် လိုက်နာပါမည့်အကြောင်း အ
အရာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဝန်ခံစကားပြောပြီး
နောက် သူတို့ဆရာတပည့်နှစ်ယောက် ဘုရားရင်ပြင်မှ ဆင်းသက်
လာခဲ့ကြလေတော့သတည်း။

ဌာနအုပ်မင်းနှင့် အင်စပက်တော်ကြီးတို့ ခေါင်းချင်းရိုက်နေ





ကြ၏။ သရက်တိုက်နယ်အတွင်းမှ ဓားပြမှုများနှင့် မြို့သာမှ
ယွန်းခင်ခင် အသတ်ခံ ရမှုအတွက် အဓိကတရားခံမှာ နယ်ပိုင်
ဇန်ထောက်မင်း၏သားမှန်း သိနေကြပြီဖြစ်သော်လည်း ဂတ်တဲမှ
တာဝန်ရှိသူ အားလုံးက မထိရဲ မတို့ရဲဖြစ်နေကြသည်။

ကိုစောဖေ ပြစ်မှုကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန်
ကြံစည်ခြင်း အဖြစ်အပျက် တစ်ခုခုကို ပက်ပင်းကြုံ၍ သက်သေ
အခိုင်အမာရမှသာ တရားဝင်ဖမ်းဆီးရန် အဖြေထွက်လာ၏။

ဌာနအုပ်က ဦးဘဒင်အား ဆားပုလင်းနှစ်ယောက် ထပ်မံ
အင်အား ဖြည့်တင်းပေးပြီး ကိုစောဖေ လှုပ်ရှားမှုကို မျက်ခြေမပြတ်
လေ့လာစုံစမ်းရန် တာဝန်ပေးခဲ့သည်။

ထို့ကြောင့် ဦးဘဒင်လည်း မိမိကိုယ်တိုင်နှင့် ဆားပုလင်းနှစ်
ယောက်လုံးကိုပါ တောသူတောင်သားအသွင် ရုပ်ဖျက်ပြီး ကိုစောဖေ
နှင့် နောက်လိုက်တပည့်များကို လိုက်လံစုံစမ်း ထောက်လှမ်းကြ
လေတော့၏။

တရုတ်ခေါက်ဆွဲဆိုင်၊ သေရည်ဆိုင်၊ ဘိန်းခန်းစသော လူစုံ
သည့်နေရာများတွင် လူခွဲ၍ သတင်းစုဆောင်းကြသည်။ ဘိန်းစားများ
ကို ငွေပေး၍ သတင်းဝယ်ကြရသည်။

တစ်မြို့လုံးနှံ့စပ်သော ဘိန်းစား ဘွန်ဟောင်းထံမှ အဖိုးတန်

www.burmeseclassic.com



သတင်းတစ်ပုဒ် ရရှိခဲ့သည်။ ယနေ့နေ့ခင်းမြို့ပြင်ရှိ ဆန်စက်အပျက်ကြီးတွင် ဓားပြတို့ စုရုံးတိုင်ပင်ကြမည်ဆိုသည့် သတင်းပင်ဖြစ်၏။

ထို့ကြောင့် ဦးဘဒင်နှင့် ဆားပုလင်းနှစ်ယောက် ဂတ်တဲသို့ပြန်ကာ ဌာနအုပ်ကိုအစီရင်ခံပြီး ခြောက်လုံးပြူးတစ်ယောက် တစ်လက်စီနှင့် ကျည်ဆံ အလုံအလောက် ထုတ်ယူကာ မြို့ပြင်သို့အပြင်းချီတက်လာခဲ့ကြ၏။

မြို့ထဲအရောက်တွင် လူများစုရုံးနေကြသဖြင့် အဖြစ်အပျက်ကို စူးစမ်းရာ မယုံနိုင်စရာ အကြောင်းအရာကို ကြားကြရလေ၏။

ဟိန္ဒူက မျက်လှည့်ရုံမှ လောရှည်နှင့် ရန်ကန္တားက မောင်ကြီးကိုထမ်း၍ တဒူဒူထုနေသလို လူပုကလေးကလဲ သံဖြူနှင့်ပြုလုပ်ထားသော ကတော့ပုံအော်လံကိုကိုင်ကာ အသံနေအသံထားနှင့် အော်ဟစ်ကြော်ငြာနေသဖြင့် လူအုံနေခြင်းဖြစ်ကြောင်းသိကြရလေ၏။ တက်ပုက…

"ယနေ့က ယောပြန် ဆောပြန် အိန္ဒိယပြန် မျက်လှည့်အကျော်အမော်ဆရာကြီး ဟိန္ဒူက,က သေသူရဲ့ဝိညာဉ်ကိုခေါ်ပြီးစကားပြောတဲ့ ပြကွက်ဆန်းနဲ့ တင်ဆက်အသုံးတော်ခံမှာဖြစ်လို့မကြည့်လိုက်ရမရှိရလေအောင် မဂ်လာရုံတော်အတွင်း စောစောလေး





ကြွရောက်ကြပါရန် ဖိတ်မန္တက ပြုပါသည်ခင်ဗျား"

ဆားပုလင်းတစ်ယောက်က ပြုံးစိစိနှင့်…

"ဘယ့်နှယ်လဲ အင်စပက်တော်မင်းရဲ့ ဒီပုဂ္ဂိုလ်တွေပြောတာကြားလွန်းရာမကျဘူးလား"

ဦးဘဒင်က…

"အသာနေစမ်းပါကွ့ဘာဆက်ပြောမလဲဆိုတာ နားထောင်လိုက်ဦး"

ဦးဘဒင်က ဟောက်လိုက်၍ ဆားပုလင်းခေါင်းပုသွားကာ တက်ပု ဆက်ပြောမည့်စကားကို နားစွင့်လိုက်ကြပြန်၏။

"တစ်မြို့လုံးချစ်ကြတဲ့ ယွန်းခင်ခင်လေးကိုသတ်တာ ဘယ်သူလဲ၊ ရက်စက်ယုတ်မာတဲ့ လူသတ်သမားကို အားလုံးက သိချင်နေကြမှာပါ၊ အဲဒီဆန္ဒကို ဖြည့်ပေးတဲ့အနေနဲ့ ဆရာဟိန္ဒူက,က ယွန်းခင်ခင်ရဲ့ဝိညာဉ်ကို ဖိတ်ခေါ်ပြီး လူသတ်သမားကို မေးမြန်းမှာဖြစ်ပါတယ်"

ဒီတစ်ခါတော့ ကြားလိုက်ရသော ကြော်ငြာစကားကြောင့် ဦးဘဒင် ကိုယ်တိုင် မျက်လုံးပြူးသွားရတော့၏။

"မြတ်စွာဘုရား…ဟံမင်းညီကြတော့ လုပ်ချလိုက်ပြန်ပြီ"

ဆားပုလင်းတစ်ယောက်က…



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ရင်ဟုတ် • • •မဟုတ်ရင် အဲဒီမျက်လှည့်ဆရာကို ဖိုးတွမ်တီးနဲ့ အချုပ်ထဲထည့်ပြီး ဆုံးမလိုက်မယ်''

''ကဲ့ ကဲ့ အဲဒါက ညကျမှ လုပ်ရမယ့်ကိစ္စ၊ အခုကိစ္စက ပိုအရေးကြီးတယ် သွားကြစို့''

ဦးဘဒင်က စကားဖြတ်၍ လောဆော်လိုက်သောကြောင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကာ မြို့ပြင်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြလေ၏။

▲ ▲ ▲

## အပိုင်း (၇)

တောင်းများ၊ ကြိုးများ လွယ်ပိုးကာ ဓားမကိုယ်စီ ခါးကြားထိုး ရုပ်ဖျက်ထားကြသော ဦးဘဒင်တို့သုံးယောက် မြို့ပြင်ရောက်တော့ ဆန်စက်ပျက်ကြီးဆီ ကပ်ကြဘို့ လမ်းစရှာရပြန်သည်။

ဦးဘဒင်က သုံးယောက်အတူ မသွားဘဲ တစ်ယောက်စီ လမ်းခွဲ၍ နေရာသုံးမျိုးမှဝင်ကာ ချဉ်းကပ်ရန် ညွှန်ကြားကာ မယောင်မလည် အူတူတူ ပုံစံနှင့် အနီးဆုံးရောက်အောင် တိုးကပ်သွားခဲ့ကြ





လေသည်။

ကောက်ရိုးပုံ အဟောင်းများကို အကာအကွယ်ယူရင်း ဦးဘဒင်က ဆန်စက်ပျက်နှင့် အနီးဆုံးရောက်အောင် ခပ်သွက်သွက် လှမ်းကပ်လိုက်သည်။ လမ်းခွဲသွားကြသော ဆားပုလင်းနှစ်ယောက်ကတော့ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေပြီမသိ။ သူလုပ်စရာရှိတာကိုသာ ခြေသံလုံလုံနှင့် ပိပိရိရိ လှုပ်ရှားနေ၏။

ဆွေးမြေ့ကာ သံချေးလိုက်ပြီး ပြုတ်ကျနေသော သွပ်ပြားကို အသာဟကာ ဆန်စက်ထဲ ဦးဘဒင် ခြေချမိသွားပြီး လန်နေသော အမိုးသွပ်များကြောင့် အထဲတွင် အလင်းရောင်လုံလုံလောက်လောက် ရနေသည်။ စက်အပျက်များ စုပုံထားသော စတိုခန်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြန်သည်။

စတိုခန်းတံခါးဝမှ ချောင်းကြည့်လိုက်သောအခါ ပစ္စည်းအပြိုအပျက်များကြားတွင် လူအယောက်နှစ်ဆယ်ခန့် ငုပ်တုတ်ထိုင်နေတာ မြင်လိုက်ရသည်။ တစ်ယောက်ကတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ခပ်အုပ်အုပ်အသံဖြင့် စကားပြောနေ၏။ ထို့ကြောင့် ဦးဘဒင် ရှေ့တိုးသွားကာ အသေအချာ နားစွင့်လိုက်သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက • • •



www.burmeseclassic.com

www.burmeseclassic.com



''သူခိုးရွှေရ တပြုပြုဆိုတာ မင်းတို့လို ကောင်စားမျိုးတွေ ကိုပြောတာ၊ မင်းတို့ အနေအထိုင် သောက်သုံးမကျတာနဲ့ ဟိုတစ်... ကောင်အချုပ်ထဲရောက်နေပြီ၊ ဒီကောင် အကုန်သာဖွင့်ပြောလိုက်ရင် ငါတို့အားလုံး မီးခိုးကြွက်လျှောက် အဖမ်းခံကြရမှာကွ နားလည် ရဲ့လား''

အသံကိုကြားရမှ ပြောနေသူမှာ ကိုစောဖေဖြစ်ကြောင်း ဦးဘဒင် သိလိုက်ရသည်။ ဆားပုလင်းနှစ်ယောက် ဘယ်ရောက်နေ လဲမသိရတာ အခက်အခဲတစ်ခု ဖြစ်နေ၏။ ဒီတစ်ခါ ပက်ပင်းမိတာမှ မဖမ်းနိုင်လျှင် ကိုစောဖေကို တစ်သက်လုံးဖမ်းလို့ ရနိုင်တော့မည် မထင်။

''ဆရာကြီးခင်ဗျာ ကျုပ်တို့ဘာလုပ်ရမလဲ တစ်ခုခုအမိန့်ပေး ပါ''

ဝိုင်းထိုင်နေသူ ငယ်သားများထဲမှ တစ်ယောက်က ထမေး လိုက်သည်။

''လုပ်စရာက တစ်ခုပဲရှိတယ်၊ ဂုတ်တဲကိုဝင်ပြီး အထဲက ကောင်ကို အပြတ်ရှင်းလိုက်၊ ဒါမှ သူ့ပါးစပ်ပိတ်သွားမှာ''

ငယ်သားများ တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားကြ သည်။ တစ်ယောက်က ထရပ်လိုက်ရင်း...



''ဂုတ်ထဲဝင်ဖို့ လွယ်ပါ့မလား...ဆရာကြီး၊ ပြီးတော့ ...ထောက်မင်းလဲ ဒီမြို့ကို ရောက်နေတာနော်''

''ဒါဆို မင်းတို့အဖမ်းခံလိုက်ပေါ့''

''အဖမ်းမခံနိုင်ဘူး...အဖမ်းမခံနိုင်ဘူး''

ကိုစောဖေ၏ အငေါ်တူးစကားကို ငယ်သားများက ကမူး ...ထိုး ပြန်ဖြေလိုက်ကြ၏။

''ဒါဆို ရှင်းနေတာပဲ၊ လုပ်စရာရှိတာကို ဖြစ်အောင် သာလုပ်''

ငယ်သားတစ်ယောက်က...

''အချုပ်ထဲကကောင်ကို အောင်မြင်စွာ လုပ်ကြနိုင်ရင်''

ကိုစောဖေက လက်ငါးချောင်းထောင်ပြလိုက်ရင်း...

''ရွှေငါးကျပ်သားပေးမယ်''

ငယ်သားများမှာ အံ့သြဝမ်းသာစွာဖြင့် ထခုန်ကာ ဟစ်ကြွေး ကြတော့၏။

''သတ်မယ်...သတ်မယ်...သတ်မယ်''

ကြားလိုက်ရသော အသံများကြောင့် ဦးဘဒင်ပင် ကြက်သီး ထသွားရ၏။ ထိုအခိုက်မှာပင် မျှော်လင့်မထားသော အဖြစ်တစ်ခု ဖြစ်လာလေ၏။ ဘယ်ချောင်က ထွက်လာမှန်းမသိသော ရုပ်ချောက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဆားပုလင်းတစ်ယောက် ရုတ်တရက် ပြေးဝင်သွားကာ လူအုပ်ကို ခြောက်လုံးပြူးနှင့်ချိန်ရင်း . . .

"အားလုံး လက်မြှောက်လိုက်ကြစမ်း၊ ငါဟာ မြို့သာဂတ်က ဆားပုလင်းစစ်မောင်ပဲ"

ထိုဆားပုလင်းကိုကြည့်ရင်း ကိုစောဖေက ဟားတိုက်ရယ်မောလိုက်လေ၏။

"ဟား . . . ဟား . . . ဟား"

"ကိုစောဖေ ခင်ဗျားဟာ ဝန်ထောက်မင်းရဲ့သား ဖြစ်ပါရက်နဲ့ ဓားပြဂိုဏ်းဖွဲ့ပြီး ဒီသရက်တိုက်နယ်တကြောမှာ ဓားပြမှုပေါင်းများစွာကို ကျူးလွန်နေတဲ့ လူယုတ်မာတစ်ယောက်ပဲ၊ ခင်ဗျားကို ကျုပ်ဖမ်းမယ်"

ကိုစောဖေက မခန့်လေးစား အပြုအရာနှင့် မထီတရီပြုံးရင်း . . .

"ဖမ်းလေ . . . ဖမ်းပါ . . ဖမ်းလိုက်စမ်းပါ ဆားပုလင်းကြီးရာ . . . ဟား . . . ဟား . . ဟား"

ကိုစောဖေ၏ လုံးသံနှင့်အတူ ငယ်သားများက ယိုးရာမှ ထလိုက်ကြပြီး ဆားပုလင်းကြီးအား စက်ကိုင်းသဏ္ဍာန်ဖြင့်ကာ ဝိုင်းနိုက်ကြ၏။ စက်ပိုင်းမှာ လျော်ဖြေးဖြေးကျုံ့လာလေ ဆားပုလင်း





ယောက်ယက်ခပ်လာလေ ဖြစ်နေ၏။

သူ့သေနတ်က ကျည်ခြောက်တောင့် ဓားပြက နှစ်ဆယ်ကျော်။ သူဘယ်လောက် လျင်မြန်စွာ ပစ်နိုင်သည် ဆိုစေဦးတော့ အရာမရောက်နိုင်မှန်း သူကောင်းစွာသိနေသည်။

ဦးဘဒင်လဲ သူ့တပည့်ကို ကယ်တင်နိုင်ရန် ခြောက်လုံးပြူးကိုထုတ်၍ ချိန်လိုက်သည်။ ထိုအခိုက်မှာပင် သေနတ်ကိုင်လက်ကို ပြင်းပြင်းထန်ထန် အရိုက်ခံလိုက်ရ၍ သေနတ်လွတ်ကျသွားသလို လက်လည်းကျိုးမတတ် နာကျင်သွားရသည်။

ခုခံရန် လှည့်အကြည့်တွင် ဦးဘဒင်၏လည်ပင်းသို့ အေးစက်မာကြောသော ဓားသွားက ထိကပ်လို့လာ၏။

"ထစမ်း . . . ခုခံမယ်မကြံနဲ့ ဇက်ပြုတ်သွားမယ်"

နီးရာဓားက ထက်မည့်ပုံပေါက်နေသဖြင့် အားမတန်မာန်လျှော့ကာ ပုလိပ်က ဓားပြအမိန့်ကို နာခံလိုက်ရသည်။ နောက်မှ တွန်းထိုး ခေါ်ဆောင်သွားသဖြင့် ကိုစောဖေအနားသို့ ရောက်သွားရသည်။ ကိုစောဖေက သမင်လည်ပြန် လှည့်ကြည့်ရင်း . . .

"အော် . . . ဟော် . . . ဟော် . . . ဒီကိစ္စက ဦးဘဒင်လက်ချက်ကိုး . . . ဟင်း . . . ဟင်း . . . ဟင်း . . . ဦးဘဒင် . . . ခင်ဗျား ဓားပြမဖမ်းနိုင်ဘဲ ကျားရှေ့မှောက်ရက်လဲနေပါပေါ့လားဗျ . . . ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား...ဟား''

ဦးဘဒင်ကလည်း ကြက်ခေါင်းဆိပ်မခံ...

''ကိုစောဖေ ခင်ဗျားကို ဓားပြမှုနဲ့တင်မကဘူး ယွန်းခင်ခင်ကို သတ်တဲ့လူသတ်မှုနဲ့ပါ ဖမ်းချင်နေတာ''

ဦးဘဒင်စကားကြောင့် ကိုစောဖေ အနာပေါ်တုတ်ကျသလို ခံစားလိုက်ရ၏။ ထို့ကြောင့်ပင် အမျက်ချောင်းချောင်းထသော လေသံနှင့်...

''ဟေ့...ပုလိပ်စုတ်...မင်းကများ ငါ့ကိုစော်စော်ကားကားနဲ့ ပြောစမ်း...အဲဒီလူသတ်မှုအတွက် မင်းမှာဘာသက်သေရှိလဲ''

''နံရံတိုင်းမှာ နားတွေရှိတယ်လို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လား ကိုစောဖေ၊ ဒါဆိုရင် ခင်ဗျားတို့ ဗိုလ်တဲက မြင်းဇောင်းရဲ့ နံရံမှာလဲ နားတွေ ရှိနေမှာပေါ့နော်...

ပြီးတော့ စကားပြောတတ်တဲ့ ကောက်ရိုးခြောက်တွေ၊ သက်သေထွက်ဆိုတတ်တဲ့ ထမင်းစား စားပွဲပေါ်က အသားလှီးတဲ့ဓား။ အင်း...တော်တော်များများရှိတယ် ကိုစောဖေ၊ ခင်ဗျား စက်တိုင်တက်ဖို့ လုံလောက်ပါတယ်နော်...ဟင်း...ဟင်း''

ဦးဘဒင်၏ စကားကြောင့် မျက်စိမျက်နှာပျက်သွားကာ ကိုစောဖေ ပြောစရာစကား ရှာတရက်ရှာမရ။ ထိုအခိုက်မှာပင်





နောက်ထပ် လူတစ်ယောက်ကို ဓားပြနှစ်ယောက် ဖမ်းခေါ်လာကြပြန်၏။

ထိုတစ်ယောက်ကို မြင်သောအခါ ဦးဘဒင် စိတ်ဓာတ်ကျသွားရလေတော့၏။ သူတို့အားလုံး ကိုစောဖေလက်ထဲ ရောက်နေကြရပြီ မဟုတ်လား။ ကိုစောဖေက ပြုံးပြုံးကြီး ဖြစ်လို့သွားရသည်။

''ဟင်း...ဟင်း...လူကုန်လောက်ပါပြီနော် ဦးဘဒင်၊ ကျုပ်တို့ဆီကို လူလေးသုံးယောက်လောက်နဲ့ လိုက်လာရဲတဲ့ ခင်ဗျားကို ချီးကျူးပါတယ်၊ ဒါပေမဲ့ ဘာမှအရာမရောက်တော့ဘူး၊ ခင်ဗျားတို့သုံးယောက်လုံး အသက်ပျောက်တော့မှာလေ...ဟဲ...ဟဲ''

ဦးဘဒင်ကလည်း အချိန်ရသလောက် ဆွဲရန်ရည်ရွယ်ပြီး...

''သိပ်လဲ အပိုင်တွက်မနေနဲ့ ကိုစောဖေ၊ ကျုပ်တို့မဖမ်းနိုင်လို့ သေသွားမယ်ဆိုလည်း နောက်တစ်ယောက်က မင်းကိုစက်တိုင်ပို့ဖို့ စောင့်နေဦးမှာဘဲကွ...ဟား...ဟား''

အံ့သြသွားဟန်နှင့် မျက်ခုံးများမြင့်တက်သွားရသူက ကိုစောဖေသာ ဖြစ်သည်။

''ဘယ်သူလဲ...အဲဒီကောင်က ဘယ်သူလဲ၊ သူ့ကိုလဲ သတ်မယ်၊ ပြော...ပြောစမ်း''



www.burmeseclassic.com

www.burmeseclassic.com



ကိုစောဖေ ကြောက်လန့်တကြားနှင့် မေးရှူးသွေးတန်း မေးနေသော်လည်း ကိုဘဒင်က ပေါ့ပေါ့ပါးပါးနှင့် ရယ်သွမ်း သွေးလိုက်ရင်း . . .

''ဘယ်သူရှိရမလဲ ကိုစောဖေရဲ့ ခင်ဗျားနဲ့ ရည်းစားလုဘက် မျက်လှည့်ဆရာ ဟိန္ဒူကပေါ့၊ အဲဒီ ဟံမင်းညိုဆိုတဲ့ကောင်က အောက်လမ်းလဲ တတ်တယ်ထင်တယ်၊ ဒီညမျက်လှည့်ပွဲမှာ ယွန်း ခင်ခင်ရဲ့ ဝိညာဉ်ကိုခေါ်ပြီး သူ့ကိုသတ်တာ ဘယ်သူလဲလို့ ပရိသတ် အလယ်မှာ မေးပြမှာတဲ့၊ နေ့ခင်းက တစ်မြို့လုံးကိုလိုက်ပြီး ကြော်ငြာ နေတာနော်၊ ကျုပ်တော့ယုံတယ်၊ ဟံမင်းညို ကိုယုံတယ်၊ ဒီကောင် ဖော်နိုင်မှာ သေချာတယ်''

ဦးဘဒင်၏ စကားထိရောက်သွားကြောင်း ပျာယာခပ် နေသောကို စောဖေ၏ အမူအရာကိုကြည့်ခြင်းအားဖြင့် သိသာ ထင်ရှားနေ၏။

''ကဲ့ကိုစောဖေ ဘာလုပ်မှာလဲ၊ ကျုပ်တို့ကို သတ်မှာလား၊ သတ်ရင်လဲမြန်မြန်သတ်ဗျာ၊ ဒါမှညကျလို့ ဟံမင်းညိုက ဝိညာဉ်တွေ ခေါ်တဲ့အခါ ကျုပ်တို့ဝိညာဉ်တွေလဲ မျက်လှည့်ရုံကိုလာပြီး ခင်ဗျားရဲ့ ယုတ်မာမှုတွေကို ဖော်ထုတ်လို့ရမှာ''

ဟုတ်တာ မဟုတ်တာ အပထား။ စိတ်ဓာတ် ပျက်ပြား





အောင် တိုက်ခိုက်သည့်အနေဖြင့် ဦးဘဒင် ပေါက်ကရတွေ လျှောက် ပြောပစ်လိုက်သည်။ အမှန်တကယ်လဲ ကိုစောဖေ သွေးပျက်နေပြီ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ ကမူးရှူးထိုးနှင့် ငယ်သားများ ကို အမိန့်ပေးနေ၏။

''ဒီ ပုလိပ်စုတ်တွေကို လူမမြင်အောင်သယ်ပြီး ငါတို့ဗိုလ်တဲ ကိုပို့ပြီး ချုပ်ထားလိုက်၊ လုံးဝမလွတ်စေနဲ့''

''ဟုတ်ကဲ့ပါဆရာကြီး''

ဤတွင် အနည်းငယ် ဦးနှောက်ရှိပုံရသော ငယ်သား တစ်ယောက်က အထွန့်တက်လိုက်ပြန်သည်။

''ဆရာကြီး အိမ်မှာ ဝန်ထောက်မင်းရှိနေရင် ဘယ်လို လုပ်မလဲ''

ကိုစောဖေ တွေဝေသွားပြန်၏။

''အဖေ အောင်လံကိုသွားတယ်ကွ၊ မတော်လို့ ပြန်ရောက် နေလဲ အဖေ့ပါ ဖမ်းချုပ်လိုက်ကွာ''

''ကောင်းပါပြီဆရာ''

ထို့နောက်မှာတော့ ကိုစောဖေက ဦးစွာမြင်းနှင့် ပြန်သွား တော့သည်။ ဦးဘဒင် အပါအဝင် ပုလိပ်သုံးယောက်ကို လက်ပြန် ကြိုးတုပ်၍ ဖျာလိပ်ထဲ ရောက်သူကရောက် သေတ္တာအကျိုး



www.burmeseclassic.com

www.burmeseclassic.com



အပျက်ထဲ ခွေခေါက်၍ သွင်းခံရသူကခံရနှင့် နောက်ဆုံးမှာတော့ လည်းပေါ် အတင်ခံရပြီး တရွေ့ရွေ့ သယ်ဆောင်သွားရာနောက်သို့ လိုက်ပါသွားကြရလေတော့၏။

ထိုအချိန်တွင် မြို့သာ မြို့သူမြို့သားများမှာလည်း မျက် လှည့်ဆရာဟိန္ဒူက၏ သေသူဝိညာဉ်ခေါ်ကာ စကားပြောမည့်ပြကွက် အကြောင်း ဝေဖန်ပြောဆိုနေကြလေ၏။

တစ်ယောက်က ဦးဆောင်ကာ စကားစလိုက်သည်။

"ငါတော့မယုံပါဘူးကွာ"

နောက်တစ်ယောက်က - ဝင်ထောက်လိုက်၏။

"မယုံလို့တော့ မဖြစ်ဘူးနော်၊ သူကအရမ်းစွမ်းတယ်ကွ"

အဒေါ်ကြီးတစ်ယောက်ကလည်း ဝင်စွက်ပြန်သည်။

"ခေါင်းပြတ်ကြီး စကားပြောတာလဲ နားထောင်ကြရတယ် မဟုတ်လား၊ အဲဒီဆရာက ဆယ့်နှစ်ကြိုးစီးပဲဖြစ်မယ်"

"ဇော်ဂနီ ဇော်ဂနက်တွေတောင် ခေါ်နိုင်းဦးမလားမသိဘူး"

"ဘာပဲဖြစ်ဖြစ်…သူတို့က ငယ်ရှည်းစားတွေလေ၊ သူ့ ရည်းစား အသတ်ခံရတာ ဘယ်ကျေနပ်ပါ့မလဲ၊ ဒါကြောင့် အောက် လမ်းနည်းသုံးပြီး တရားခံပြန်ဖော်ထုတ်တာပဲ ဖြစ်ရမယ်"

"အေး…တို့တော့ ကောင်းကောင်းမြင်ရအောင် အစောကြီး





သွားပြီး နေရာဦးမယ်"

"ကျုပ်တော့ မကြည့်ရဲပေါင်တော်"

"ဘာမကြည့်ရဲစရာရှိလဲ၊ ရုံထဲမှာ လူတွေအများကြီး ရှိနေ မယ့်ဥစ္စာ ကြောက်တတ်ရန်ကော"

"အို့ ကိုယ့်ပါ ဝိညာဉ်နှုတ်သွားရင် ဘယ်လိုလုပ်မလဲ"

"ဘာပဲဖြစ်ဖြစ် ဒီလောက် စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စ သွားတော့ကြည့်ဖြစ်အောင် ကြည့်ရမှာပဲ၊ နို့မို့ တခေတ်နောက်ကျ သွားလိမ့်မယ်အေ့"

ဤသို့ ဤနှယ် ငြင်းခုန်ပြောဆို ဆွေးနွေးကြရင်း တစ်မြို့ လုံး အုံးအုံးကြွက်ကြွက်နှင့် ညအရေးကို ငံ့လင့်လျက်ရှိကြလေ၏။

ထိုအချိန်တွင် ကပ္ပိယကြီးလည်း ဆရာတော်အတွက် ဆေးအလှူခံကြွရင်း မြို့ထဲသို့ ရောက်လာလေ၏။

တစ်အိမ်ဝင်ထွက်၊ တစ်အိမ်တက်ရင်း အလှူခံထွက်ခဲ့ရာ များ မကြာမီ ဗိုလ်တဲရှိသော လူပြတ်သည့် မြို့စွန်ဖက်သို့ ရောက် လာလေ၏။

ကပ္ပိယကြီးမှာ သွားရင်းလာရင်း ဗိုက်ထဲကရစ်၍ နာလာ သဖြင့် အန္တရာယ်လွှယ်မထားနိုင်တော့ဘဲ ဗိုလ်တဲရှေ့ ခြုံပုတ်ထဲ တိုးကာ အခင်းသွားနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လှည်းနှစ်စီး တအိအိနှင့် မောင်းနှင်လာရင်း ဗိုလ်တဲထဲသို့ ဝင်သွားတာ မြင်လိုက်ရသည်။ ကပ္ပိယကြီး ထိုင်နေရာ ခြုံပုတ် သစ်ရွက်များကြားမှ ဗိုလ်တဲဆင်ဝင်အောက်ထိ သေချာစွာ လှမ်းမြင်နေရသဖြင့် ဘာရယ်မဟုတ်ဘဲ အခင်းသွားရင်း မြင်သမျှ ထိုင်ကြည့်နေမိလေသည်။

ဗိုလ်တဲထဲမှ ကိုစောဖေထွက်လာပြီး စီစဉ်ညွှန်ကြားနေပုံကိုလည်း မြင်တွေ့နေရသည်။ လှည်းနှင့်အတူ ပါလာသော လူများက လှည်းပေါ်မှ ဖျာလိပ်နှင့် သေတ္တာစက်များကိုဖွင့်၍ ပါလာသော အရာအားဆွဲထုတ်ကာ ဝိုင်းမသယ်မ သောမြင်ကွင်းကို မြင်လိုက်ရသည့်အခါမှာတော့ ကပ္ပိယကြီး မျက်လုံးပြူးသွားရလေတော့၏။

မြင်လိုက်ရသောမြင်ကွင်းမှာ မြိုင်သာဂတ်မှ အင်စပက်တော်မင်းနှင့် ပုလိပ်ဝန်ထမ်းနှစ်ယောက်ကို လက်ပြန်ကြိုးတုပ်ကာ ဗိုလ်တဲအတွင်းသို့ တွန်းထိုးဆွဲသွင်းသွားသည့် မြင်ကွင်းပင်ဖြစ်လေသည်။

အကြောင်းအကျိုး ဆက်စပ်တွေးခေါ် ကြည့်လိုက်သောအခါ တစ်ခုခု ထူးခြားနေပြီဆိုတာ ကပ္ပိယကြီး ဆင်ခြင်သုံးသပ်မိသွား၏။

ယွန်းခင်ခင်ကို သတ်မှုနှင့် ပုလိပ်များအဖမ်းတွင် လူ





အင်အားနှင့်ခုခံကာ ပုလိပ်ကို ပြန်ဖမ်းလာခြင်းသာ ဖြစ်ရမည်ဟု တွေးမိလေ၏။

သို့ဖြစ်၍ အခင်းသွားသည့်ကိစ္စကို လက်စတုံးလိုက်ပြီး လမ်းပေါ်ပြန်မထွက်တော့ပဲ လမ်းဘေးတောတန်းကြားမှဖြတ်ကာ ဟံမင်းညိုရှိရာ ပွဲဈေးတန်းဆီသို့ သုတ်ခြေတင်ပြေးထွက်လာခဲ့လေတော့၏။

ဒီကိစ္စ ဟံမင်းညိုအား အဆောတလျင် အသိပေးမှဖြစ်မည်။ ကိုစောဖေ တရားလက်လွတ်လုပ်ချက်က ပုလိပ်တောင် ပြန်ဖမ်းသည့်အဆင့် ရောက်နေပြီ မဟုတ်လား။ ဟံမင်းညိုလို လူမျိုးဆိုလျှင် အစိမ်းလိုက်ဝါးစားမည်လား မပြောတတ်။

ဟံမင်းညိုကလည်း ယနေ့ညမှ ယွန်းခင်ခင် ဝိညာဉ်ကို ဖိတ်ခေါ်၍ လူသတ်တရားခံကို ဖော်ထုတ်မည့် ပြကွက်ကိုမှပြမည်ဟု ကြော်ငြာထားသည်လေ။

အချိန်မီအုပ်နိုင်မှ ဟံမင်းညို သတိထား ရှောင်ရှားရင် ရှောင်ရှား ဒါမှမဟုတ်လုပ်သင့်တာလုပ်ဖို့ စဉ်းစားချိန်ရမည်။

အသက်အရွယ်က စကားပြောလာသည့်ထင့် ဗိုလ်တဲနှင့် ဘုရားဈေးက တောင်နှင့်မြောက်။ နည်းသည့် အကွာအဝေးမဟုတ်။ မြင်းလှည်းနှင့်ပင် ကွမ်းတစ်ယာ ကောင်းကောင်းညက်သည့် အကွာအဝေး။ ကပ္ပိယကြီး ချွေးပုံ ကာလျှာထွက်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီကောင်လေး ဟံမင်းညိုကို ယေ်စဉ်ကပင် ရှိက်နက်ဆုံးမထိန်းကြောင်း လာခဲ့ရသည့်အပြင် လီမွာရေးခြားရှိ သလောက် ဝါသနာအတွက် ခေါင်းမာတတ်လွန်းသူမို့ သံယောဇဉ်လည်း ပိုခဲ့ရခြင်းဖြစ်သည်။

တလှုပ်လှုပ်နှင့် ပြေးလွှားရင်း ပွဲဈေးတန်းကို လှမ်းမြင်လိုက်ရ၍ ကပ္ပိယကြီး အားတက်သွားသည်။ ပြေးလာသည့်အရှိန်ကို လျော့လိုက်ပြီး အိန္ဒြေရရနှင့် ခပ်သုပ်သုပ်လေး လျှောက်သွားလိုက်သည်။

မကြာမီ...အချိန်အတွင်း မျက်လှည့်ရုံထဲသို့ ကပ္ပိယကြီး ရောက်ရှိလာခဲ့သည်။ ကပ္ပိယကြီးက အမောတကောနှင့်...

''လောရှည်...တက်ပု...ဟံမင်းညို''

တွေ့သမျှ မြင်သမျှလူကို ဟစ်ခေါ်နေတော့၏။ တက်ပု အပြေးထွက်လာပြီး...

''ကပ္ပိယကြီး ဘယ်လိုဖြစ်လာတာလဲ အမောတကောနဲ့''

''အဲဒါ အသာထား ငါ့ကိုသောက်ရေတစ်ခွက် မြန်မြန်ပေးစမ်း...မောလိုက်တာ တက်ပုရာ''

တက်ပုခေါင်းငြိမ့်ပြီး အပြေးပြန်ထွက်သွားဆိုက် ဟံမင်းညိုနှင့် လောရှည် ကပ္ပိယကြီးနားသို့ရောက်လာ၏။





ဟံမင်းညိုက ငယ်စဉ်က နှုတ်ကျိုးခဲ့သည့်အတိုင်း အဘသီး ဘာဖြစ်လာတာလဲဟုခေါ်ရင်း မေးလိုက်သည်။

''ပြဿနာတော့တက်ပြီ ငါ့ကောင်ရေ၊ ဟိုကောင်စောဖေ တရားလက်လွှတ် လျှောက်ရမ်းနေပြီ''

ဟံမင်းညိုလည်း အခြေအနေကို စိတ်ဝင်စားသွားပြီး...

''ဘာတွေဖြစ်လို့လဲ အဘသီးရဲ့၊ လိပ်ပတ်လည်အောင် ပြောပါဦး''

ထိုအခိုက်မှာပင် တက်ပု သောက်ရေခပ်ယူလာသဖြင့် ကပ္ပိယကြီး ဘာမှမပြောနိုင်သေးပဲ ရေကိုတဂွတ်ဂွတ်နှင့် မော့သောက်ရင်း အမောဖြေနေရရှာသည်။

အတန်ကြာမှ ကိုယ်ရုံဖြင့် ချွေးများသုပ်လိုက်ပြီး...

''ဒီလိုကွ ဟံမင်းညိုရ အင်စပက်တော်ကြီး ဦးဘဒင်နဲ့ ပုလိပ်နှစ်ယောက်ကို စောဖေက ချုပ်နှောင်ပြီး မိုလ်တဲထဲ အတင်းဆွဲသွင်းသွားတာ ငါပက်ပင်းမြင်လိုက်ရတယ်ကွ''

''ဗျာ...ဒီကောင် အတင့်ရဲလှချည်လား''

''အဲဒါကြောင့် ငါအမောတကော ပြေးလာရတာပေါ့၊ ဒီကိစ္စ မင်းဘယ်လိုလုပ်မယ် စိတ်ကူးလဲ''

''ဘယ်လိုလုပ်ရမလဲ အဘသီးရယ်၊ တရားမျှတမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားရတော့မှာပေါ့၊ ဦးဘဒင်တို့ကို ရအောင်ကယ်မယ်''

''ဖြစ်ပါ့မလား ကောင်လေးရယ်''

''ဖြစ်ပါတယ် အဘသီး၊ ကျုပ် လောရှည်နဲ့ ရန်ကနားကို ခေါ်သွားမယ်၊ အဘသီးနဲ့ တက်ပုဒီကပဲ စောင့်နေကြပါ''

''အဲဒါက ပြဿနာမဟုတ်ဘူး မင်းကို စောဖေက အာဏာသုံးပြီး ဖမ်းချုပ်မှာကို ငါကစိုးရိမ်တာ''

''ဒီလောက်လဲ အတင့်မရဲနိုင်ပါဘူး အဘသီးရာ၊ ကျုပ်တို့က ခြေသည်လာသလို သွားမှာမှမဟုတ်ဘဲ၊ သူတို့မသိအောင် တိတ်တိတ်လေးဝင်မှာ၊ ကဲ…ကြာပါတယ်ဗျာ၊ ဟေ့…လောရှည်နဲ့ရန်ကနား မျက်လှည့်ပြရာမှာသုံးတဲ့ မီးနိုးမှိုင်းပေသီးတွေ ယူခဲ့ကြ''

ရန်ကနားက…

''ကောင်းပါပြီ ဘရားဆပ်''

ဟုပြောရင်း သွက်လက်စွာလှုပ်ရှားနေလေ၏။ လောရှည်နှင့် ရန်ကနား အဆင်သင့်ဖြစ်သည့်နှင့် ဟံမင်းညိုတို့သုံးယောက် သုတ်ခြေတင် ထွက်လာကြတော့၏။

ကပ္ပိယကြီးလည်း အနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်ရင်း စိတ်မောစွာနှင့် ကျန်ရစ်ခဲ့လေတော့၏။

▲ ▲ ▲





# အပိုင်း (၈)

ဟံမင်းညိုတို့ လှူသိုက်ဗိုလ်တဲ၏နောက်ဘက် ခြုံနွယ်သစ်ပင်များကြားတွင် ခိုအောင်းရင်း အခြေအနေကို အကဲခပ်နားစွင့်နေကြသည်။ ထူးခြားမှုမရှိဘဲ ပုံမှန်ငြိမ်သက်နေသည်မို့ လောရှည်က သွက်လက်စွာ လှုပ်ရှားရင်း အုတ်တံတိုင်းအနီးမှ အပင်ပေါ်တွယ်တက်သွား၏။

တံတိုင်းအမြင့်နှင့် ညီနေသော အကိုင်းထက်သို့ မျောက်တစ်ကောင်ပမာ တွယ်တက်သွားရင်း တံတိုင်းပေါ်ခုန်ချလိုက်၏။

ဟံမင်းညိုနှင့် ရန်ကနား အသည်းတထိတ်ထိတ်နှင့် လှမ်းကြည့်နေစဉ်မှာပင် လောရှည် တံတိုင်းပေါ်မှ ခြံထဲသို့ ခုန်ချပျောက်ကွယ်သွားတော့၏။

ထို့နောက် ဟံမင်းညိုနှင့် ရန်ကနား၊ လောရှည်ပြခဲ့သောနည်းအတိုင်း တက်သွားရင်း ခြံဝင်းထဲသို့ ရောက်သွားကြလေသည်။ ခြံထဲရောက်သောအခါ ဟံမင်းညို ဦးဆောင်၍ နောက်ဖေးဆောင်သို့ ချဉ်းကပ်လာခဲ့ကြသည်။

မီးဖိုဆောင်တံခါးကို အသာတွန်းကြည့်လိုက်ရာ အလိုက်သင့် ပွင့်သွားသဖြင့် အားလုံးဝမ်းသာသွားကြလေ၏။ ခြံနှင့်ခင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်အပြင် ဝင်းတံခါးမကြီးကို အမြဲပိတ်ထားသဖြင့် လုံခြုံစိတ်ချစွာ နောက်ဖေးတံခါး ဖွင့်ထားခြင်းက သူတို့အတွက် ကံကောင်းထောက်မသွားခြင်းပင်ဖြစ်သည်။

ပွင့်သွားသော မီးဖိုတံခါးမှ သူတို့သုံးယောက် ခြေဖော့နင်းရင်း အိမ်ရှေ့ဆီသို့ တဖြေးဖြေးဝင်လာကြသည်။

အိမ်ရှေ့ဆီ မရောက်မီမှာပင် အိမ်ပေါ်ထပ်မှ ဆင်းလာသော ဓားလွတ်ကိုင် ဓားပြတစ်ယောက် သူတို့ကို မြင်သွားပြီး သူ့လူများကို လက်ခေါက်မှုတ်ကာ အချက်ပေးခေါ်ယူလေတော့၏။

"ရှီ...ရှီ...ရှီ"

အသံကြားပြီး ခဏအတွင်းမှာပင် နောက်ထပ် လူသုံးယောက် ထပ်ရောက်လာကြပြန်လေ၏။

ဟံမင်းညိုက ထိုလူများ၏ လက်နက်အင်အားကို လျှပ်တပြက် အကဲခတ်လိုက်ရင်း သူ့လူများအား ပေသီးနှင့် ပစ်ပေါက်ရန် မျက်ရိပ်မျက်ကဲနှင့် အချက်ပြလိုက်၏။

အပေါ်ထပ်မှ ဓားပြများ လှေကားအတိုင်း ဆင်းလာကြ၍ လှေကား အလယ်ထောက်အရောက်တွင် ဟံမင်းညိုက မီးခိုးမှိုင်း ပေသီးတစ်လုံး စတင် ပစ်ခတ်လိုက်၏။ 'ဖုန်း'ကနဲ ပေါက်ကွဲသံနှင့် အတူ မီးခိုးများအူထွက်လာ၏။





ရုတ်တရက်မို့ ဘာဖြစ်မှန်းမသိဘဲ ရှုန်းရင်းဆံခပ်ဖြစ်သွားကြသော ဓားပြများအလယ်သို့ လောရှည်နှင့် ရန်ကနားကလဲ ပေသီး တစ်လုံးစီထပ်မံ ပစ်ထည့်လိုက်ကြပြန်၏။

မီးခိုးများ လုံးတက်လာသဖြင့် မမြင်မစမ်းဖြစ်ကာ မီးခိုးမွှန်၍ ချောင်းတဟွပ်ဟွပ်ဆိုးရင်း ဓားပြနှစ်ယောက် ခြေချော်ပြီး လှေကားမှ လိမ့်ခေါက်ကွေး ပြုတ်ကျလာ၏။

ဟံမင်းညိုက အသာရှောင်တိမ်းပေးလိုက်ပြီး ဓားများကို သိမ်းယူစဉ် ရန်ကနားတို့ကလဲ ခြေလက်စွာဖြင့် တဖုန်းဖုန်းတဒိုင်းဒိုင်း ထိုးနှက်လိုက်ကြရာ မေ့လဲမှောက်ကျသွားတော့၏။ မီးခိုးများလည်း ပွင့်ပျယ်သွားပြီမို့ အမြင်ရှင်းသွားသော ကျန်ဓားပြနှစ်ယောက် သတိအနေအထားနှင့် ထပ်မံဆင်းလာ ကြပြန်သည်။

သည်တစ်ခါတော့ အငိုက်ဖမ်းဖို့ မလွယ်တော့သဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ရင်း ရန်ကနားတို့ ဓားတစ်ချောင်း လှမ်းပစ်ပေးလိုက်သည်။

ဓားပြနှစ်ယောက်ကလည်း အောက်မရောက်မီ လှေကား နှစ်ထပ်လောက်အကွာမှပင် ခုန်ချကာ ဓားလွတ်ဖြင့် အားကုန် လွှဲခုတ်ရင်း အတင်းဝင်လာကြသည်။

ဟံမင်းညိုက ဘုန်းကြီးကျောင်းထွက် ရန်ကနားက ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



ထွက်မှ သွက်လက်စွာ ရင်ဆိုင်တိုက်ခိုက်ကြသည်။ အသက်လုပွဲ အကြိတ်အနယ် ရှိလွန်းလှ၏။

ခုတ်ချက်များက အားပါသလို အရှောင်အတိမ်းကလည်း ပညာပါလှသည်။ သူတပြန်ကိုယ်တပြန်နှင့် ကြမ်းတမ်းစွာ အသေ အကျေတိုက်ကြသည်မို့ မြင်ရသူအဖို့ လွန်စွာအသည်းယားစရာ ကောင်းလှပေတော့၏။

လောရှည်လည်း ကြည့်ကောင်းကောင်းနှင့် ငေးနေရာမှ တစုံတရာကို သတိရသွားပြီး အိမ်ထဲလှည့်ပတ်ကြည့်ရင်း ဦးဘဒင်တို့ အား တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာလေတော့၏။ သူတို့ကို ရှာတွေ့လျှင် ကိုယ့်ဘက်က အင်အားတိုးလာမည်မို့ လောရှည် သဲကြီးမဲကြီး လိုက်ရှာလို့နေသည်။

မိုလ်တဲကြီးက နှစ်ဆောင်ပြိုင် အင်္ဂလိပ်လက်ရာမို့ အ ဆောင်ဆောင် အခန်းခန်းကလဲ များပြားလွန်းလှသဖြင့် လိုက်ရှာနေ သော လောရှည် ချွေးဒီးဒီးကျလို့လာရသည်။

နောက်ဆုံး မီးဖိုခန်းနှင့်ကပ်ရက် ပစ္စည်းအဟောင်းများ ထားသော စတိုခန်းအတွင်းမှ ဦးဘဒင်တို့ ပုလိပ်သုံးယောက်အား တွေ့ရှိကယ်ထုတ် လာနိုင်ခဲ့လေ၏။

တုတ်နှောင်ထားသော လက်ပြန်ကြိုးများကို ဖြေပေးရင်း





ဟံမင်းညီနှင့် မျက်လှည့်အဖွဲ့သားများ လာကယ်တာဖြစ်ကြောင်း ရှင်းပြရသည်။

ဦးဘဒင်လည်း ပုလိပ်ပီပီ အခြေအနေကို ကောင်းစွာသုံး သပ်တတ်သူမို့ အသက်လုတိုက်ခိုက်နေရာသို့ နောက်ပါပုလိပ်များနှင့် အတူ အပြေးထွက်ခွာသွားတော့၏။

ထိုအချိန်တွင် ဟံမင်းညီနှင့် ရန်ကနားတို့မှာလည်း အသက် လုပွဲ ဆင်နွှဲနေကြဆဲပင်ဖြစ်သည်။ လက်ရည်ညီသူများ ဖြစ်နေကြ၍ အနိုင်အရှုံးကမပေါ်။ သို့ဖြစ်၍ ဦးဘဒင်နှင့် ဆားပုလင်းနှစ်ယောက်ပါ ဝင်ရောက်တိုက်ခိုက် ကြရတော့၏။

အတိုက်အခိုက် အသတ်အပုတ်ကိုအသက်မွေးဝမ်းကြောင်း လုပ်နေကြသူများမို့ တိုက်ပွဲက တဖက်သတ်ဖြစ်သွားကာ ဓားပြ နှစ်ယောက်အရေးမလှဖြစ်ပြီး ရှုံးနိမ့်သွားကြရလေတော့၏။

ဆားပုလင်းနှစ်ယောက် လက်ထဲ ချုပ်နှောင်ခံနေရသော ဓားပြများ အားမတန်မာန်လျှော့လိုက်ရသော်လည်း မျက်နှာများက ခက်ထန်နေဆဲပင်။ အင်စပက်တော်မင်း ဦးဘဒင်ကဓားပြအား . .

"ဟေ့ကောင် . . . မင်းတို့လူအင်အား ဒီလောက်ပဲလား၊ ကျန်တဲ့ကောင်တွေကော၊ ပြီးတော့ မင်းတို့ခေါင်းဆောင် စော ကော ဘယ်မှာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဓားပြတစ်ယောက်က မခန့်လေးစားပြုးလိုက်ရင်း···

''ကိုစောဖေက သူ့အဖေ ဝန်ထောက်မင်းကို သွားကြို တယ်လေ၊ ဝန်ထောက်မင်း ပြန်ရောက်တာနဲ့ မင်းတို့အရေးခွဲခွာခံရပြီ သာမှတ်''

ဆောင့်ကြွားကြွားပြောလာသည့် ဓားပြကို ချုပ်ထားသည့် ဆားပုလင်းက နားရင်းဖြတ်အုပ်လိုက်၏။

''ဖြောင်း''

ဦးဘဒင်က အပြုံးမပျက် မေးပွတ်ရင်း···

''ဒါဆို ကျန်တဲ့ကောင်တွေ ဘယ်မှာလဲ''

''အချုပ်ထဲကကောင်ကို သတ်ဖို့သွားကြပြီ''

ဓားပြစကားအဆုံးမှာ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွား ကြသည်။ ဦးဘဒင်က ခေါင်းဆောင်တတ်သူတစ်ဦး ဖြစ်သည်နှင့် အညီ လျင်မြန်စွာ ဆုံးဖြတ်ချက်ချ၍ တာဝန်များခွဲပေးတော့၏။

''ဆားပုလင်းစစ်မောင်···ဒီကောင်တွေအားလုံး တစ် ယောက်ချင်း လက်ပြန်ကြိုးတုတ်ပြီး တစ်ခန်းစီ ခွဲချုပ်ထားလိုက်''

''ရက်ဆား''

''ကိုဟံမင်းညို···ကျုပ်တို့ကို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာမကယ်ရင် ကျုပ်တို့ လူယုတ်မာ





စောဖေကို ဖမ်းနိုင်မှာ မဟုတ်ဘူး''

''ရပါတယ်ဗျာ၊ မတရားတဲ့သူကို ပူးပေါင်းဖယ်ရှားရမှာပေါ့''

''တကယ်တော့ ယွန်းခင်ခင်ကို သတ်တာ စောဖေပါ ကိုဟံမင်းညို''

''ကျုပ်အစောကြီးထဲက သိပါတယ် ဦးဘဒင်''

''သိရုံနဲ့ မလုံလောက်ဘူး ကိုဟံမင်းညို၊ ဒီအိမ်က မီးဖို ဆောင်ထဲဝင်ပြီး အနောက်တိုင်းစတိုင် ထမင်းဝိုင်းမှာသုံးတဲ့ အသား လှီးတဲ့ဓားကိုရှာပါ၊ အဲဒါ အဓိက သက်သေပဲ၊ ကျုပ်တို့တော့ ဂတ်တဲ ကိုပြေးပြီး ကာကွယ်ရဦးမှာမို့ သွားတော့မယ်''

''ကောင်းပါပြီ···ဦးဘဒင်၊ ကျုပ်အဲဒီဓားရမှ ဒီအိမ်က ပြန်မှာပါ''

''ကောင်းတယ်ဗျာ၊ ကဲ···သွားကြမယ် ဆားပုလင်းတို့''

ပြောပြောဆိုဆို ဦးဘဒင်တို့ ပုလိပ်တသိုက် ကသော ကမျော ထွက်သွားကြလေတော့၏။

ဟံမင်းညို၊ လောရှည်နှင့် ရန်ကနားတို့လည်း တစ် ယောက်ကိုတစ်ယောက် မျက်စပစ်ရင်း သားလှီးဓားရှာပုံတော် ဖွင့်ကြ လေတော့သည်။

မိုလ်တဲ အဆောက်အဦဖြစ်၍ ပစ္စည်းပစ္စယများမှာ သို့



www.burmeseclassic.com

www.burmeseclassic.com



နေရာနှင့်သူ စနစ်တကျရှိနေသောကြောင့် ထမင်းစားခန်းနှင့် မီးဖိုဆောင်ထဲသို့ လူခွဲ၍ရှာကြ၏။

လှပသော မတ်တပ်ရပ်မှန်ဗီရိုကြီးထဲတွင် ပန်းကန်ပြား ပန်းကန်စောက်၊ ပန်းကန်လုံး၊ ဖန်ခွက်အရွယ်အစားမျိုးစုံ အထပ်လိုက်အပုံလိုက် ရှိနေလေသည်။

အောက်ထပ်အကန့်ကို ဖွင့်ကြည့်တော့ ဇွန်းပေါင်းစုံကို တွေ့ရ၏။ နောက်ထပ် အံဆွဲအတွင်းမှာတော့ ပေါင်မုန့်လှီးဓား အသားကင်လှီးဓား မျိုးစုံကို တွေ့ရသည်။ ဓားများကို ဂရုတစိုက် စစ်ဆေးကြည့်ရှုလိုက်ကြရာ အားလုံးအသစ်တမျှ တောက်ပြောင်လက်နေသည်ကိုသာ တွေ့ကြရ၍ ဇဝေဇဝါ ဖြစ်သွားကြလေသည်။

မကျေနပ်၍ ဟံမင်းညိုက ဓားများကို အကုန်ဖယ်ထုတ်ရှာဖွေတော့မှ သူရိယသတင်းစာစက္ကူနှင့် ပတ်ထားသော ဓားကစ်ချောင်းကိုတွေ့ရ၏။ စက္ကူကိုဖယ်ရှားကြည့်လိုက်ကြရာ ထိုဓားမှာ အခြားဓားများကဲ့သို့ သစ်လွင်တောက်ပမနေဘဲ အစင်းရာအခြစ်ရာ အနည်းငယ်နှင့် ဓားဦးတွင် သွေးခြောက်အစအနများကိုပါ တွေ့မြင်လိုက်ကြရ၏။

သက်သေခံ ဓားအစစ်ကိုရပြီဖြစ်၍ လွန်စွာကျေနပ်အားရ





ဖြစ်သွားရသော ဟံမင်းညိုက ဓားကိုစက္ကူဖြင့် ပြန်ပတ်လိုက်ပြီး ကိုက်ပုံအင်္ကျီအတွင်း အိတ်ထဲသေချာထည့်သိမ်းလိုက်၏။

''ကဲ…လောရှုည်နဲ့ ရန်ကနားရေ တို့လဲပြန်ကြစို့ အချိန်သိပ်မရှိတော့ဘူး၊ မျက်လှည့်ပြဖို့ ပြင်ဆင်ရဦးမှာ''

''အသင့်ပဲ အာစရိ၊ လိုချင်တာရပြီပဲဥစ္စာ၊ ပြန်ရုံပဲပေါ့''

လောရှည် စကားအဆုံးမှာ သူတို့အားလုံး ကျေနပ်အားရစွာဖြင့် ဗိုလ်တဲကြီးထဲမှ ထွက်ခွာလာခဲ့ကြလေတော့သတည်း။

▲ ▲ ▲

# အခန်း (၉)

နီညိုရောင် အုတ်ကျွတ်မိုးတိုက် ဂတ်တဲဝင်းက ကုန်းမို့မို့ထက်ဝယ် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိလို့နေသည်။ ဂတ်တဲဂိတ်ပေါက်ဝတွင် ကုလားပုလိပ်နှစ်ယောက်က ရိုင်ဖယ်ပြောင်းရှည်သေနတ်ကိုယ်စီ ပခုံးထမ်းရင်း အရုပ်ကြီးများလို မလှုပ်မယှက် ရပ်နေကြလေ၏။

အနီးအနားတွင် မြင်းလှည်းဂိတ်၊ အကြော်ဆိုင်နှင့် အရက်



www.burmeseclassic.com

www.burmeseclassic.com



မီးအောက်မီး မုန့်ဆိုင်ကလေးတို့ ရှိနေသဖြင့် အတန်ငယ် စည်ကာ
နေသည်ဟုဆိုနိုင်၏။

လက်ရွေးစင် ဓားပြအဖွဲ့သား ဆယ်ယောက်မှာ နှစ်ယောက်
တစ်တွဲ၊ သုံးယောက်တစ်တွဲ အသုတ်လိုက်ခွဲ၍ တဖွဲဖွဲရောက်လာကာ
အကြော်ဆိုင်နှင့် အထက်မီးအောက်မီး မုန့်ဆိုင်တို့တွင် ဝင်ရောက်
စားသောက်ရင်း ဂတ်တဲကို လှမ်းမျှော်အကဲခတ်နေကြလေသည်

ခဏအကြာတွင် ဓားပြနှစ်ယောက်က အကြော်ထုပ်မုန့်
ထုတ်ကိုယ်စီကိုင်ကာ အစောင့်ကုလား ပုလိပ်နှစ်ယောက်ထံ ကပ်
သွားကြ၏။ ဓားပြတစ်ယောက်က…

"ပုလိပ်ကြီးရယ် အထဲက အချုပ်သားအတွက် မုန့်ကလေး
ပဲ ဝင်ပို့ပေးပါရစေ"

ဟုပြောကာ ပုလိပ်နှင့် အနီးဆုံးရောက်အောင် ဘိုးကပ်
သွားလေသည်။ ထိုအခါ ကုလားပုလိပ်က အင်္ဂလိပ်တစ်ဝက် ကုလား
တစ်ဝက် မပီမသ စကားများဖြင့် မောင်းထုတ်လေ၏။

"နိုး…နိုး…ဂိုး…ဂျာလတီး…ဂျောင်း"

ကုလားပုလိပ်က အတင်းမောင်းထုတ်သည်။ ဓားပြက
မသွားဘဲ ပေကပ်နေသဖြင့် အတင်းဆွဲထုတ်ရန် ပုလိပ်နှစ်ယောက်
လှုပ်ရှားလိုက်သည်။ ထိုသို့ လှုချင်းပူးကပ်၍ ရှုပ်ထွေးသွားချိန်မှာ





ဓားပြတို့၏ ဓားမြှောင်နှစ်ချောင်းက ပုလိပ်နှစ်ယောက်သွေးကို
သောက်လိုက်ကြတော့၏။

မမျှော်လင့်ပဲ အတိုက်ခံလိုက်ရ၍ ပုံရက်လဲကျသွားသော
ပုလိပ်နှစ်ယောက်၏ သေနတ်များ ဓားပြတို့လက်ထဲ ရောက်ရှိ
သွားသောအခါ အကြော်ဆိုင်နှင့် မုန့်ဆိုင်မှ ဓားပြရှစ်ယောက်တို့
ဝင်ရောက်ပူးပေါင်းကာ ဂတ်တဲအတွင်း ဝင်ရောက်ရန်ကြိုးပမ်း
ကြလေတော့၏။

ရှေ့ဆုံးမှ သေနတ်ကိုင်နှစ်ယောက်တက်ပြီး၊ နောက်မှ ဓား
များကိုင်ကာ အတွင်းဝင်စဉ် ထွက်လာသော သေနတ်ကိုင်ပုလိပ်
တစ်ယောက် လှမ်းမြင်ပြီး သေနတ်နှင့်ထိုးချိန်ကာ ပစ်ချလိုက်သည်။

သေနတ်ကိုင်ဓားပြတစ်ယောက် လဲကျသွားသလို ကျန်
သေနတ်ကိုင်ဓားပြက ပြန်လည်ပစ်ခတ်သဖြင့် ပုလိပ်လည်း ကားကန်
ကျသွားတော့သည်။

သေနတ်သံနှစ်ချက် ကြားလိုက်ကြရသဖြင့် ဌာနအုပ်မင်းနှင့်
ကျန်ပုလိပ်များ အထိတ်တလန့်ဖြစ်သွားကာ လက်နက်များ ဆွဲကိုင်ပြီး
အခြေအနေကို သုံးသပ်ရင်း နေရာယူကာ အသင့်ပြင်ကြလေ၏။

အပြန်အလှန် ပစ်ခတ်သည့်အဆင့် ရောက်နေပြီဖြစ်၍ နှစ်
ဖက်စလုံး အလောတကြီး မတက်ကြတော့ပဲ သင့်ရာအကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး အခွင့်ကောင်းကို ချောင်းနေကြ၏။

သေနတ်သံကြောင့် မြင်းလှည်းဂိတ်နှင့် အကြော်ဆိုင်၊ မုန့်ဆိုင်များမှလူအားလုံး ကြောက်လန့်တကြား ထွက်ပြေးကြလေ၏။

အချုပ်ထဲမှ တရားခံများလည်း ဆူပူအော်ဟစ်ကာ သံတိုင်များကိုထုရိုက်သောင်းကျန်းကြလေ၏။

ဌာနအုပ်က ပုလိပ်သားသုံးယောက်ကို ဂတ်တဲနောက်မှ ထွက်၍ ရှေ့မှပြန်ပိုင်းကာ ညှပ်ပူးညှပ်ပိတ်ဖမ်းရန် အမိန့်ပေးလေ၏။ ပုလိပ်သား သုံးယောက်လဲ ရက်ဆားအော်ကာ ဆလုပင်မရိုက်နိုင်တော့ပဲ သုတ်ခြေတင်ကြလေ၏။

ဌာနအုပ်က လက်ကျန်ပုလိပ် ငါးယောက်နှင့်အတူ ဂတ်ကို ဝိုင်းထားသော ဓားပြများအား ခြောက်လှန့်ပစ်ခတ်ပြီး ဂတ်ရှေ့သို့ မိမိလွှတ်လိုက်သော ပုလိပ်များရောက်အလာကို စောင့်နေလိုက်သည်။ ထိုအချိန်မှာပင် အင်စပက်တော် ဦးဘဒင်နှင့် ဆားပုလင်းနှစ်ယောက် ရောက်လာကာ ဓားပြများ၏ နောက်ကျောမှချိန်ရွယ်၍ သေကွင်းကိုမပစ်ဘဲ ခြေလက်တို့ဒဏ်ရာရအောင်သာ ပစ်ခတ်စေ၏။

ဂတ်တဲဝန်းကျင် သေနတ်သံဆူညံပြီး ငရဲပွက်နေလေတော့သည်။ ဂတ်နောက်ဖေးမှ ပတ်၍တက်လာသော ပုလိပ်သုံးယောက်ရောက်လာသည့်အခါ ခရာတွတ်၍ အချက်ပေးရင်း ဂတ်တဲထဲမှ





ဌာနအုပ်မင်းနှင့် အပြင်မှ အင်စပက်တော် ဦးဘဒင်အဖွဲ့တို့ အချိန်ကိုက်ညှပ်၍ ဖမ်းလိုက်သောအခါ ရွှေငါးကျပ်သားမက်၍ ဂတ်ကိုဝင်စီးသော ဓားပြအားလုံး အဖမ်းခံရလေတော့၏။

ဦးဘဒင်က အဖြစ်အပျက်အလုံးစုံကို အစီရင်ခံရာ ဌာနအုပ်မင်းလည်း ဦးဘဒင်၏ စွမ်းဆောင်ချက်ကို လွန်စွာချီးကျူးနေလေ၏။ ဦးဘဒင်က ဓားပြဂိုဏ်းခေါင်းဆောင် ဝန်ထောက်မင်း၏သား လူသတ်ကောင် စောဖေကိုဖမ်းဘို့ လိုနေသေးကြောင်း၊ ယင်းသားများအားလုံး ဖမ်းမိထားပြီမို့ သက်သေခိုင်လုံနေပြီဖြစ်ကြောင်း ပြောပြရင်း နောက်ထပ်ဆောင်ရွက်ရမည့် အစီအစဉ်ကို တိုင်ပင်အသိပေးလေ၏။

"အိုင်ဆေး ဌာနအုပ်မင်း၊ စောဖေက ဝန်ထောက်မင်းကို သွားကြိုလေရဲ့၊ ကျုပ်ကတော့ စောဖေကို ဟံမင်းညိုရဲ့ မျက်လှည့်ပွဲမှာဘဲ ဖမ်းချင်တယ်ဗျာ"

"ဘာဖြစ်လို့လဲ ကိုဘဒင်"

"ဟံမင်းညိုက ဒီည ယွန်းခင်ခင်ရဲ့ ဝိညာဉ်ကို ခေါ်ပြီး လူသတ်သမားဖော်ထုတ်မယ်လို့ စီစဉ်ထားတာ မဟုတ်လား၊ ဟံမင်းညိုရဲ့ အစွမ်းအစကို မြင်ချင်သလို စောဖေ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်တာကိုလဲ မြင်ချင်သေးလို့ပါ"

"ကောင်းပြီလေ ဒါဆို ကျုပ်မြို့အဝင်က သွားစောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက်မင်းသားအဖကိုကြိုရင်း ပွဲခင်းထဲတစ်ခါထဲခေါ်ခဲ့မယ်"

"ကောင်းသားပဲ ဌာနအုပ်မင်း၊ ဒါပေမဲ့ စောဖေ ဘာ မေးမေး ဂတ်ထဲကထွက်လာတာကြာပြီ၊ ပွဲကောင်းလွတ်သွားမှာစိုးလို့ လာစောင့်နေတာဆိုပြီး အပါသာခေါ်ခဲ့ဗျာ၊ ကျုပ်နဲ့ဆားပုလင်းတွေ ရှပ်ဖျက်ပြီး ပွဲခင်းထဲကစောင့်မယ်"

"အိုကေ…ဂတ်လုံခြုံရေး အသေအချာ စီစဉ်ခဲ့ပါ၊ ကျုပ် သွားတော့မယ်"

"ကောင်းပါပြီ ဌာနအုပ်မင်း"

ဌာနအုပ်ကြီးလည်း စိတ်စောစွာနှင့် ဦးဘဒင် အလေးပြု တာကိုပင် မစောင့်တော့ဘဲ ဂေါ်ယာပုလိပ်တစ်ယောက်ခေါ်၍ ခပ်သွက်သွက် ထွက်ခွာသွားလေတော့၏။

ဦးဘဒင်လည်း ဂတ်ထဲဝင်ကာ ဒဏ်ရာရဓားပြများအား ဆေးထည့်ပြုစုခြင်း၊ နာမည်စာရင်း၊ လူစာရင်းကောက်ယူခြင်း၊ ဒဏ်ရာရပုလိပ်အား ဆေးရုံပို့ခြင်း၊ ဂတ်တဲလုံခြုံရေးအတွက် စီမံ တာဝန်ချထားပေးပြီး ဆားပုလင်းနှစ်ယောက်ကိုခေါ်ကာ ပွဲခင်းဆီသို့ ထွက်လာခဲ့ကြလေ၏။

▲ ▲ ▲





# အခန်း (၁၀)

ယနေ့ညပြမည့်ပွဲမှာ အရေးကြီးလှသည်မို့ ချွတ်ချော်တိမ်း စောင်းခြင်းမရှိစေရန် ဟာကွက်လုံးဝမရှိစေရန် ဂရုတစိုက်ပြင်ဆင်ရင်း အဖွဲ့သားများအား ဟံမင်းညိုက စီစဉ်မှာကြားနေလေ၏။

ကပွဲယကြီးလည်း ဟံမင်းညိုကို စိတ်မချသဖြင့် ကျောင်းသို့ မပြန်ဘဲ အဖွဲ့သားများနှင့်အတူ ရှိနေလေသည်။

အဓိကပြကွက်ဖြစ်သော ယွန်းခင်ခင်ဝိညာဉ်ကိုခေါ်၍ အဖြစ် အပျက်ကိုမေးမြန်းကာ လူသတ်တရားခံ ဖော်ထုတ်ခြင်းကို ပြသ သည့်အခါတွင် အတွင်းစည်း၊ အပြင်စည်းမပေါက်စေရန်နှင့် ကွင်း ပိုင်ကြီးကို ပူဇော်ပသ၍ အနှောင့်အယှက်ကင်းဝေးစေရန် ပွဲများထိုး၍ အရက်ကြက်ကြော် အမြည်း စုံလင်စွာဖြင့် တင်မြှောက်ပသ ဆုတောင်းမှုများ ကျင်းပပြုလုပ်ကြရ၏။

ထို့နောက် ဟံမင်းညိုက အဖွဲ့သားများနှင့် ကပွဲယကြီးကို ခေါ်၍ မြို့သာမှာ ပွဲဝင်တာကြာပြီဖြစ်၍ မန္တလေးသို့တက်မည် ဖြစ်ကြောင်း ရှင်းပြပြောဆိုလေ၏။

"လောရှည်နဲ့ ရန်ကနား ငါဒီပွဲပြီးလို့ စီစဉ်ထားတဲ့အတိုင်း အရင်ဆုံး ထွက်သွားတော့မှာ၊ ကျန်ခဲ့တဲ့ မင်းတို့က ပစ္စည်းပစ္စယတွေ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်း ထုပ်ပိုးပြီး မီးသဘော်နဲ့တက်ခဲ့ကြ၊ မန္တလေးက ကျော
တော်ကြီးဘုရားမှာ ဆုံကြမယ် ဟုတ်ပြီလား''

လောရှည်က…

''ဟုတ်ကဲ့ပါ ဆရာ၊ ဘာမှပူမနေပါနဲ့၊ စိတ်ဖြောင့်ဖြော
သာသွား၊ ပြောင်းဘို့ရွှေ့ဘို့ကိစ္စလဲ နောက်ဆံတင်းမနေနဲ့၊ ကျုပ်တို့
မလုပ်ဘူးတဲ့ ကိစ္စတွေမှ မဟုတ်တာ ဆရာရယ်''

ထိုအခါ တက်ပုကလည်း…

''ကိုယ့်ဆရာရယ်…အဲဒါတွေ အသာထားပြီး ဒီညပွဲ
အောင်မြင်ဖို့သာ အာရုံထားပါဗျာ၊ ဒီပွဲက သာမန်မဟုတ်ဘူးလေ
မျက်လှည့် ပညာပြတဲ့ပွဲ၊ မကောင်းမှုကို ကောင်းမှုက အနိုင်ယူ
မယ့်ပွဲ၊ ယုတ်မာကောက်ကျစ်သူ တွေကျရှုံးလို့ မှန်ကန်မြင့်မြတ်သူတွေ
အောင်ပွဲဆင်မယ့်ပွဲပါ ဆရာ''

လွန်စွာကြီးကျယ်သော စကားလုံးများသုံးပြီး အမှုအရာ
ကောင်းစွာဖြင့် သရုပ်ပါပါ ပြောဆိုလေရာ အဖွဲ့သားအားလုံး ပွဲကျ
သွားကြရလေတော့၏။

ကပ္ပိယကြီးလည်း တက်ပုကို လွန်စွာမြင်ပြင်းကပ်ဟန်
နှင့်…

''တက်ပုရယ် မင်းဟာ သူလိုငါလို လူစင်သာမှိခဲ့ရင်





ဗြိတိသျှဘုရင်မကြီးကိုတောင် ကိုယ်လုပ်မောင်းမအဖြစ် သိမ်းပိုက်
မလားမသိဘူး''

ဟုပြောလိုက်ရာ ဟံမင်းညိုပင် ဟန်မဆောင်နိုင်တော့ဘဲ
ပိုးလိုးပက်လက်လန်အောင် ရယ်မောမိလေတော့၏။

ထိုအချိန်တွင် ဥာနအုပ်မင်းနှင့် ဂေါ်ယာပုလိပ်တို့မှာလဲ
မြို့အဝင်ဇရပ်မှ စောင့်ဆိုင်းနေကြရာ မှောင်ရီဖြိုးဖျအချိန်ပင်
တိုင်ခဲ့ပြီဖြစ်၏။ သည်းမခံနိုင်တော့လောက်အောင် စောင့်ဆိုင်းပြီးမှ
ဝန်ထောက်မင်းရုံးအဖွဲ့နှင့်အတူ ကိုစောဖေပါ ရောက်လာကြ
လေသည်။

ခရီးရောက်မဆိုက်ပင် ဥာနအုပ်မင်းက ဝန်ထောက်မင်း
အား…

''ဝန်ထောက်မင်းခင်ဗျာ မြို့မှာတော့ အုတ်အော်သောင်း
နင်းဖြစ်ကုန်ကြပါပြီ''

ဟု ပြောလိုက်သောအခါ ဝန်ထောက်မင်းလဲ အံ့ဩသွား
ပြီး…

''ဘာတွေဖြစ်ကုန်ကြလို့လဲ မောင်မင်း''

ဟု ပြန်မေးလေရာ ဥာနအုပ်ကြီးက…

''ဖြစ်စရာမဖြစ်သေးပါဘူး ဝန်ထောက်မင်း၊ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



**လေလေလာဆိုပြီး** လူတွေစိတ်ဝင်စားနေကြတာပါ''

ကိုစောဖေက စိတ်မရှည်ဟန်ဖြင့်...

''ရှင်းရှင်းပြောစမ်းပါဗျာ၊ လေရှည်လိုက်တာ''

ထိုအခါ ဠာနအုပ်မင်းက ကိုစောဖေအား ခပ်ထန်ထန်ပြန်ကြည့်၍ စိတ်ထဲမှ...

''တောက်...ဒွေးယုတ်မာကမျှား သဟော သေးဟဲနဲ့ ဒီညတော့ မင်းပြေးလို့မလွတ်ပါဘူးကွာ''

ဟု ကြုံးဝါးမိသော်လည်း တကယ်တန်း ထွက်လာသော စကားမှာ...

''ဒီလိုပါ ဝန်ထောက်မင်း၊ မျက်လှည့်ဆရာ ဟိန္ဒူက,က ဝန်ထောက်မင်း ချွေးမလောင်းရဲ့ ဝိညာဉ်ကိုခေါ်ပြီး လူသတ်တရားခံကို ဖော်ထုတ်မယ်လို့ တစ်မြို့လုံးလိုက်ပြီး ကြေငြာထားလို့ပါ''

ကြားလိုက်ရသောစကားကြောင့် အံ့ဩသွားရင်း...

''မဖြစ်နိုင်တဲ့ ကိစ္စကွာ၊ ဒီကောင် ဗရမ်းဗတာ နိုင်လှချည်လား''

ဟု ပြောလိုက်ရာ ချက်ကောင်းစောင့်နေသော ကိုစောဖေက အဆင်းတွင် ဘီးတပ်ပေးလိုဖော့နှင့်...

''ဟုတ်တယ်ဖေဖေ၊ ဒီလောက်တောင် ရမ်းကားနေမှတော့





ဒီကောင်ဟာ ရိုးသားဟန်ဆောင်နေတဲ့ လူသတ်ကောင်ပဲဖြစ်ရမယ်၊ သူ့ကိုသာ မြန်မြန်ဖမ်းချုပ်လိုက်စမ်းပါ ဖေဖေရာ''

ဝင်ပြောလေတော့၏။ ဤတွင် ဝန်ထောက်မင်း ဆုံးဖြတ်ချက် ဝေဝါးသွားမည်စိုးသော ဠာနအုပ်မင်းက ကမန်းကတန်း ဝင်ပြောရပြန်တော့၏။

''ဟုတ်တယ် မဟုတ်ဘူးဆိုတာ သူလုပ်ပြတာ စောင့်ကြည့်ပြီးမှ ဆုံးဖြတ်လို့ရမှာပေါ့၊ သူ့မျက်လှည့်ပွဲကြည့်ရင်း ဒီညမကုန်ခင် အဖြေထွက်လာမှာပါ၊ ပွဲပြီးမှ မဟုတ်တန်းတရား လုပ်တာဆိုရင်လဲ ဖမ်းချုပ်ဘို့ အချိန်မနှောင်းသေးပါဘူး၊ ကျွန်တော်တို့ မျက်လှည့်ရုံမှာ ပွဲကြည့်ကို အကုန်ပြင်ဆင်ထားပါတယ်၊ ပွဲစတော့မှာမို့ အခုပဲ တစ်ခါထဲ လိုက်ခဲ့ပါဘုရား''

ဟုလျှောက်တင်ရလေ၏။

ဝန်ထောက်မင်းလည်း ခေတ္တမျှစဉ်းစားဆင်ခြင်လိုက်ပြီးမှ

''ကောင်းပြီ...လေ့လာပြီးမှ ဆုံးဖြတ်လို့ရမှာမို့ သွားကြည့်လိုက်တာပဲ ကောင်းပါတယ်၊ မဟုတ်လို့ကတော့ တမလွန်ကကျုပ်ရဲ့ ချွေးမလောင်းကို အသရေဖျက်စော်ကားမှုနဲ့ ထောင်ချပစ်မယ်''

ဠာနအုပ်လည်း စိတ်အေးသွားဟန်နှင့် ပင့်သက်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"ကောင်းပါတယ် ဝန်ထောက်မင်း ခင်ဗျာ"

ဟု ပြောလိုက်ကာ ပွဲခင်းဆီသို့ ဦးဆောင်ခေါ်ယူသွားလေ

တော့၏။

▲ ▲ ▲

ထိုညက ရွှေကျီးညို ဇာတ်ရုံတွင် လူလုံးဝမရှိတော့ဘ

ဟိန္ဒူက မျက်လှည့်ရုံတွင်တော့ လူများကျိတ်ကျိတ်တိုးကာ ကြက်ပ

မကျ စည်းကားနေရာမှ နောက်ဆုံးတွင် ရုံပွင့်သွားပြီး အကာအရံမျာ

ကပါ ဖယ်ရှားတွန်း တိုက်လိုက်ကြသဖြင့် မျက်လှည့်ရုံမှာ ဟင်းလင်း

ပွင့်သွားကာ လဟာပြင် ဇာတ်ရုံကြီး ဖြစ်သွားလေတော့၏။

ထိုသို့ရုန်းစုရုန်းစုနှင့် တိုးမပေါက်အောင် စည်ကားနေသော

ပွဲဈေးအတွင်းသို့ ဝန်ထောက်မင်း၏ ရထားလုံး ဝင်ရောက်လာရာ

လူအများမှာ ရှိသေစွာဖြင့် လမ်းဖယ်ပေးကြရပြန်သည်။

ရထားမောင်း ပန်ချာပီကုလားလည်း သင့်ရာတွင် ရပ်လိုက်

ရင်း ဝန်ထောက်မင်းသားအဖကို ဆင်းစေပြီးမှ လွတ်ရာသို့ ရထားလုံး

ကို မောင်းယူရွှေ့ထားရလေ၏။





ဌာနအုပ်မင်းက ဇာတ်ဝင်ရှေ့တွင် အိတာလျံမွေးပွ ကော်

ဇောခင်းကာ အသင့်ပြင်ဆင်ထားသောနေရာသို့ ဝန်ထောက်မင်းအား

လမ်းပြခေါ်ဆောင်လာပြီး နေရာချထားပေးလေ၏။

ယွန်းခင်ခင်၏ မိဘများလည်း နေရာယူပြီးဖြစ်ရာ ဝန်

ထောက်မင်းနှင့် အလ္လာပသလ္လာပ စကားပြောနှုတ်ဆက်၍

မကြာမီပင် ရုံကန့်လန့်ကာ ပွင့်လာပြီး လောရှည်နှင့် တက်ပု

ထွက်လာတာ မြင်လိုက်ကြရ၏။

ပရိတ်သတ်မှာ ဒန့်ဒလွန်သီးနဲ့ ခရမ်းချဉ်သီးဟု အရပ်

အမောင်းမညီမျှမှုကို လှောင်ပြောင်အော်ဟစ်ကြလေ၏။

တက်ပုက ဘာကိုမှ အလေးမထားဘဲ ပရိသတ်ကိုငြိမ်ရန်

အမူအရာ လုပ်ပြရင်း ကတော့ပုံအသံကျယ်ခွက်ကြီး ပါးစပ်တွင်

တေ့ရင်း. . .

"ချစ်ခင်လေးစားရပါသော ရွှေပွဲလာ ညီ့ပရိသတ်ကြီး

ခင်ဗျာ၊ ယနေ့ည အစီအစဉ်များကတော့ ပုံမှန်အစီအစဉ်များအပြင်

ပရိသတ်ကြီး အထူးမျှော်လင့်စောင့်စားနေကြတဲ့ သေသူဝိညာဉ်

ခေါ်ပြီး စကားပြောဆိုကြမယ့် ပြကွက်ပဲဖြစ်ပါတယ်၊ ဒီနေရာမှာ

သတိပေးလိုတာကတော့ ဆန်မန်းပေါက်ပေါက် ကျဲပြီးတားထား

တဲ့စည်းကိုကျော်ပြီး ဝင်မလာဘို့ပဲ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်စဉ်မှာပင် ရန်ကနားက စင်အောက်ဆင်း မောင်းထောင်းကျိုင့်နှင့် ထည့်လာသော ဆန်မန်းပေါက်ပေါက်များ ကျဲကာ စည်းတားလိုက်လေတော့၏။ တက်ပုကဆက်လက်၍ . . .

''တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကိုးမြို့ရှင်၊ ရွာတော် ရှင်နှင့် အဘကွင်းပိုင်ကြီးတို့ခင်ဗျာ၊ ဘုရားပွဲ၊ ရိုးရာပွဲ၊ လမိုင်း နှင့်တကွ အမဲသားငါး အရက်ဖလားစုံလင်စွာဖြင့် တင်မြှောက် ပသပါသည်၊ ကြွရောက်ကာသုံးဆောင် ရင်း ဝိညာဉ်ခေါ်ပွဲအာ ဝိုင်းဝန်းစောင့်ရှောက် ကာကွယ်ပေးတော်မူပါရန် ယုံကြည်ရိုသေ စွာဖြင့် ပင့်ဖိတ်ပါသည်၊ ကြွလှမ်းတော်မူခဲ့ကြပါ လေးကျွန်း သခင် နတ်ဘုရင်တို့ဘုရား''

ဟု လွန်စွာအောင်မြင်ထယ်ဝါသော အသံကြီးနှင့် ပင့်ဖိတ် လိုက်ရာ ရွှေပွဲလာအပေါင်း ကြက်သီးဖြန်းဖြန်းထကာ ရုတ်တရက် ငြိမ်သက်သွားကြလေတော့၏။

ထိုအခါ တက်ပုကပင် ဆက်လက်၍ . . .

''ယခုအချိန်ကစပြီး မျက်လှည့်လက်လှည့်ပညာရှင် ဆရာ ကြီးဟိန္ဒက,က ပြကွက်ဆန်းများနှင့် စတင်အသုံးတော်ခံတော့မှာ ဖြစ်ပါတယ် ခင်ဗျာ၊ဝိညာဉ်ခေါ်ပွဲကတော့ ယနေ့ည လထွက်ချိန်မှာ ဝိညာဉ်မြူးတဲ့ အချိန်ထူး ကျရောက်မှာမို့ သည်းခံစောင့်ဆိုင်





အားပေးကြပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျာ''

ဟု စကားကို အဆုံးသတ်လိုက်လေတော့၏။

ထိုအခိုက်မှာပင် အိန္ဒိယတိုင်းမှ မဟာရာဂျာများကဲ့သို့ ဝတ် စားဆင်ယင်ထားသော ဆရာဟိန္ဒက,က ဘူးသီးခြောက်ပုလွေကို လွန်စွာ သာယာ နာပျော်ဘွယ်ကောင်းအောင်မှုတ်ရင်း ဇာတ်စင် အလယ်သို့ ထွက်လာလေတော့၏။

ထူးဆန်း အံ့သြဖွယ်ကောင်းသည်က ဟိန္ဒက နောက်မှ အရွယ်အစား ကြီးစဉ်ငယ်လိုက် စီတန်းကာ လိုက်ပါလာသော မြွေများပင်ဖြစ်သည်။

မြွေဟောက်၊ မြွေပွေး၊ စပါးကြီးစသော အရွယ်စုံအမျိုးစုံ မြွေများ တန်းစီကာ ပါးပြင်ထောင်ပြီး စည်းကမ်းသေဝပ်စွာ လိုက်ပါ လာခြင်း မြင်ကွင်းက ပရိသတ်စိတ်အာရုံကို ညှို့ယူဖမ်းစား ထား လိုက်၏။

ဇာတ်စင်ရှေ့ ကွင်းပြင်ကြီးတစ်ခုလုံး ပြည့်နှက်နေသော လူပရိသတ်ကြီးထဲမှ အသက်ရှူသံပင် မကြားရလောက်အောင် စိတ်ဝင်တစားကြည့်၍ နေကြလေ၏။

ဟိန္ဒက,က ဇာတ်စင်ညာဘက်ဒေါင့်တွင် ပရိသတ်ကို ဘေးတိုက် အနေအထားပေးပြီး ရပ်လိုက်ရင်း ပုလွေကို သံစဉ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



၍ မြူးမြူးကြွကြွလေး မှုတ်လိုက်ပြန်သည်။

ထိုအခါ မြွေများက ပရိသတ်ကြီးဘက် ညီညာစွာ လှည့်လိုက်ရင်း ဦးညွှတ်လိုက်ကြရာ ပရိသတ်ကြီးထံမှ လက်ခုပ်သြဘာသံ လက်ခေါက်မှုတ်သံများ ဆူညံစွာထွက်ပေါ်လာတော့၏။

ထို့နောက် မြွေများက လူများယိမ်းကသလို လှုပသေသပ်စွာ ကပြကြလေရာ လက်ခုပ်သံများမစဲအောင် တီး၍အားပေးကြပြန်သည်။

ဆရာဟိန္ဒက,က ပုလွေမှုတ်ရင်း ဇာတ်စင်ဝဲဘက်သို့ ပြန်လျှောက်သွားရာ မြွေတန်းကြီးမှာလည်း ဟိန္ဒကနောက်မှ လွန်စွာ လိမ္မာသော ကလေးများပမာ ညီညီညာညာ လိုက်ပါသွားကြလေတော့၏။

ထိုပြကွက်အပြီးတွင် လောရှည်နှင့် ရန်ကနားက ပခြုပ်ကြီး တစ်လုံးကို သယ်မကာ ဇာတ်စင်အလယ်သို့ လာချထားလိုက်ပြန် သည်။

ဆရာဟိန္ဒကလည်း ပြန်ထွက်လာပြီး ဝါးပုလွေလေးကို ထုတ်၍ မှုတ်လိုက်ပြန်၏။ ထိုအခါ ပခြုပ်ကြီး လှုပ်ရမ်းလာပြီး တစ်စုံတစ်ခု ထိုးထွက်လာသည်ကို မြင်ကြရ၏။ ပရိသတ်က မြွေကြီး ဟု ထင်မြင်ချက် ပေးနေစဉ်မှာပင် ထွက်လာသောအရာမှာ မြွေ





မဟုတ်ဘဲ ကြိုးကြီးတစ်ချောင်း ဖြစ်နေသည်ကို အားလုံးမြင်တွေ့ သိရှိသွားကြရာ အံ့သြလွန်းလှစွာဖြင့် အာမေဋိတ်သံများ ဆူညံသွားရပြန်လေသည်။

ကြိုးကြီးမှာ ပလွေသံစဉ်အတိုင်း လူးလွန့်တိုးထွက်လာရာ ဆယ်ပေခန့် အမြင့်ရောက်တော့ ရပ်သွားပြီး သံစဉ်အတိုင်း ဘယ်ညာယိမ်း၍ လှုပ်ရမ်းကပြန်နေပြန်သည်။

ဟိန္ဒက,က ရုတ်တရက် ပုလွေမှုတ်တာကို ရပ်လိုက်ရင်း ကြိုးကြီးဆီသို့ လျှောက်လာကာ ကြိုးကိုကိုင်ကာ ဆွဲခါ၍ လှုပ်ရမ်းပြလိုက်၏။ သဘောကတော့ တောင့်တင်းခိုင်မာမှုမရှိဘဲ ပျော့ပြောင်းသည့် အနေအထား ပေါ်လွင်အောင် လုပ်ပြခြင်းဖြစ်၏။ ပရိသတ်က ဘာဆက်ဖြစ်မလဲဟု အမျှော်လင့်ကြီး မျှော်လင့် နေကြလေသည်။

ဆရာဟိန္ဒက,က *လက်ခုပ်တီးပြီး အသံပေးလိုက်ရာ လူပုလေးတက်ပုက ပြေးဝင်လာလေ၏။ လူပုလေးက ပရိသတ်ကို ခါးညွှတ်ဂါရဝပြုလိုက်ပြီး ပခြုပ်ကိုနင်း၍ ကြိုးကိုနိုကာ တွယ်တက် သွားလေတော့၏။ လက်နှင့်ခိုတွယ် ခြေထောက်နှင့်ချိတ်ရင်း တက်သွားရာ ကြိုးထိပ်ထိ ရောက်သွားတော့သည်။

ထိပ်ဆုံးရောက်မှ ခေါင်းထားသော ဦးထုပ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ကာ ပရိသတ်ကို အရိုအသေပြုရင်း ခုန်ချလိုက်ရာ အောက်မှ ဆီးကြိုကာ လက်ချင်းချိတ်၍ ဖမ်းထားကြသော လောရှည်နှင့် ရန်ကနားလက်ထဲသို့ ကွတ်တိထိုင်ရက်သား ကျလာလေ၏။

ပရိသတ်ကြီး၏ လက်ခုပ်သံက ဘဝင်ထိညံ့သွားပြန်တော့သည်။ လေးယောက်သား ပရိသတ်ကို ဂါရဝပြုကာလိုက်ကာကြီးထဲ ဝင်သွားကြပြန်၏။

ခဏအကြာတွင် လောရှည်နှင့် ရန်ကနားက အခေါင်းကြီးကို နှစ်ယောက်မ၍ ဇာတ်စင်အလည်ရှိ ခုံမြင့်ပေါ်တွင် တင်ထားလိုက်ကြပြန်သည်။

ဆရာဟိန္ဒူက အဝတ်အစား နောက်တစ်မျိုးနှင့် ထွက်လာပြန်၏။ လက်ထဲတွင် ဝါးဆစ်ပိုင်းတစ်ပိုင်းနှင့် လွှတစ်ချောင်းကို ကိုင်ထားသည်။ ထိုလွှနှင့် ဝါးဆစ်ပိုင်းကို တိုက်ဖြတ်ရာ ခဏအတွင်း ဝါးဆစ်နှစ်ပိုင်းပြတ်သွား၏။

ဆရာဟိန္ဒူက,က ရန်ကနားအား လက်ညှိုးညွှန်ပြီး အခေါင်းထဲသို့ဝင်ခိုင်းလေ၏။ ရန်ကနား ကြောက်လန့်တကြား ငြင်းရှာသည်။

''ဟရေး . . . အာကိုကြီး . . . ရန်ကနားနော် မွီးမမရသေးဘူးရှိတယ် ဆပ် . . . မလုပ်ပါနဲ့ဆပ်''

ဆရာဟိန္ဒူက,က . . .





''အပိုတွေ ပြောမနေနဲ့ ဝင်မယ့်သာဝင်ကွာ''

''ဟရေး . . . ရန်ကနား အတက်နော် အရမ်းသေးသေးလေး ရှိသေး တယ်၊ ချွတ်ကရားလေးပါဆပ် . . . မလုပ်ပါနဲ့ဆပ်''

ဆရာဟိန္ဒူက ဒေါပွလာဟန်နှင့် . . .

''ဟာ . . . ဒီကောင် တော်တော်စကားများတဲ့ ရန်ကနားပဲ''

ပြောပြောဆိုဆို လောရှည်နှင့် ဆရာဟိန္ဒူက,က ရန်ကနားကိုချုပ်၍ ဆွဲခေါ်သွားပြီး အခေါင်းထဲဝင်ခိုင်းကာ အဖုံးကိုပိတ်လိုက်ကြသည်။ တက်ပုက အခေါင်းပေါ်တက်ပြီး သံရိုက်၍အသေပိတ်လိုက်ကြပြန်သည်။

ပရိသတ်ကြီးမှာ တုတ်တုတ်မှ မလှုပ်သလို အသက်ကိုပင် ရဲရဲ ရှူရှိုက်ရဲဟန်မတူ။

ဆရာဟိန္ဒူက,က လွှကြီးကိုကိုင်ရင်း အခေါင်းပေါ်တင်ကာ စတင် တိုက်ဖြတ်လိုက်၏။ ပရိသတ်ကြီးမှာ လွှစာမှုန့်များ တဖွားဖွား ကျလာတာကိုပင် လှမ်းမြင်နေကြရလေသည်။

ဤသို့ဖြင့် ဆရာဟိန္ဒူက အားသွန်ခွန်စိုက် လွှဖြင့်တိုက်နေစဉ် လောရှည်နှင့် တက်ပုမှာ ငိုကျွေးနေကြဟန် သရုပ်ဆောင်နေရာ ပရိသတ်ကြီးပင် ဝမ်းပန်းတနည်း ဖြစ်နေကြရပြန်တော့သည်။

အခေါင်းထဲသို့ လွှတစ်ဝက်ဝင်သွားပြီဖြစ်ရာ လွှစာမှုန့်များ



www.burmeseclassic.com

www.burmeseclassic.com



သာမက သွေးများပါ စီးကျလာတာ မြင်လိုက်ကြရပြန်သည်။ ပရိသတ်ကြီးထဲမှ တီးတိုးသံများ ပေါ်ထွက်လာ၏။

''အမလေး…သွေးတွေ…သွေးတွေ…သေပါပြီတော်၊ ကုလားသနားပါတယ်''

''ဒါ…လူသတ်နေတာပဲ''

''အို…မျက်လှည့်ပါဆိုနေမှ ကြည့်မှာသာကြည့်စမ်းပါကွာ''

ဆရာဟိန္ဒက,က ညောင်းသွားဟန်နှင့် ခဏနားကာ လက်များ အညောင်းဆန့်ပြီး နှိပ်နယ်နေပြန်၏။

''လောရှည် ဆက်ပြီးတိုက်စမ်းကွာ''

ဆရာဟိန္ဒက အမိန့်ပေးလိုက်သဖြင့် လောရှည်လဲ မလွန်ဆန်ဝံ့ဟန်နှင့် လွှကိုကိုင်ကာ ဆက်လက်တိုက်ဖြတ်နေလေ၏။

များမကြာမီ အခေါင်းမှာ ထက်ပိုင်းပြတ်သွား လေတော့၏။ လောရှည်နှင့် ဆရာဟိန္ဒက အခေါင်းနှစ်ခြမ်းကို ခပ်လှမ်းလှမ်းထိ တွန်းယူပြလိုက်သေး၏။

ထို့နောက် အခေါင်းနှစ်ခြမ်းကို ပြန်တွန်းပြီး တော့ဆက်ဆက်လိုက်ပြန်သည်။ လူပုလေး ယူလာသော ပိတ်စအနက်ကြီးနှင့် အခေါင်းကိုအုပ်လိုက်ပြီး မန်းမှုတ်၍ ဆုတောင်းနေပြန်၏။

နောက်ဆုံး အနေနှင့် ပိတ်စကြီးကို ဖယ်ရှားလိုက်ရာ





အခေါင်းနှစ်ခြမ်းမှာ လွှရာပျောက်ပြီး ပြန်ဆက်နေသည်ကို တွေ့လိုက်ကြရတော့သည်။ လူပုလေးယူလာပေးသော တူရွင်းနှင့်အခေါင်းအဖုံးကို ကလန့်၍ ဖွင့်ကြပြန်၏။

အခေါင်းဖွင့်သွားပြီးနောက် ဆရာဟိန္ဒက လက်ခုပ်သုံးချက်တီးလိုက်ရာ ရန်ကနားအခေါင်းထဲမှ ငုပ်တုပ်ထထိုင်လေ၏။

ပရိသတ်ကြီးမှာ ဟာကနဲ ဟင်ကနဲ အော်သူအော်၊ ကြောက်လန့်ပြီး မျက်လုံးပိတ်သူပိတ်၊ အသည်းငယ်သူများကတော့ သရဲ သရဲဟုပင် အော်ဟစ်ကာ ထပြေးကြသဖြင့် ပွဲခင်းတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားရာ ရှိနေသော ပုလိပ်များခရာတုပ်၍ ငြိမ်သက်အောင် ပြန်လုပ်နေရလေတော့၏။

ထိုပြကွက်ကိုကြည့်ပြီး ဝန်ထောက်မင်းပင် သဘောကျသွားဟန်နှင့် ခမည်းခမက်လောင်းဖက်လှည့်ကာ…

''အိုင်ဆေး…ဒီကောင်တော်တာတော့ အမှန်ပဲ၊ မျက်လှည့်ကော ဟုတ်သေးရဲ့လား မသိဘူး''

ဟုပင် ပြောဆိုမိတော့၏။

ပရိသတ် ပြန်လည် ငြိမ်သက်သွားသောအခါ ဆရာဟိန္ဒက ထွက်လာပြန်လေသည်။ တပည့်များက ပိတ်စနီကြီးအုပ်ထားသော ခွေးခြေမြင့်ကြီးတစ်လုံးကို သယ်လာကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူပုလေးက ထိုပိတ်စကို ဆွဲဖယ်လိုက်သောအခါ ကရွတ်ခွေပေါ် တင်ထားသော ဖန်လုံးစိမ်းကြီးကို မြင်လိုက်ကြရပြန်သည်။

ဆရာဟိန္ဒူက ပရိသတ်ကို လက်အုပ်ချီ ဂါရဝပြုရင်း ကြိမ်လုံးတစ်ချောင်းနှင့် ဖန်လုံးကြီးကို တို့ထိကာ ရွတ်ဖတ်ရင်း အမိန့်ပေးနေလေ၏။ ထို့နောက် ကြိမ်လုံးကို လူပုလေးအား လှမ်းပေးရင်း ခြေသုံးလှမ်းခန့် နောက်ဆုတ်လိုက်သည်။

လက်နှစ်ဘက်ကို ဆန့်တန်းမြှောက်လိုက်ရင်း လေထဲမှ စွမ်းအင်များကိုဆွဲယူ၍ ဖန်လုံးကြီးထဲသို့ သွတ်သွင်းဟန်ပြုလုပ်လိုက်သည်။ ဤသို့ သုံးကြိမ်လုပ်ပြီးနောက် အဝေးမှနေ၍ ဖန်လုံးကြီးအား ဆွဲမဟန်ပြုလုပ်လိုက်ရာ ဖန်လုံးကြီးမှာ တဖြေးဖြေးအပေါ်သို့ မြောက်တက်လာလေတော့၏။

ပရိသတ်ကြီးမှာလည်း လွန်စွာအံ့သြကာ မျက်တောင်မခပ်ရဲလောက်အောင် စိတ်ဝင်စားစွာနှင့် ကြည့်ရှုနေကြလေ၏။

ဖန်လုံးကြီးမှာ အမိန့်နာခံသည့်အလား ဆရာဟိန္ဒူက စေစားရာသို့ ရွေ့လျားမျောလွင့်နေလေ၏။ တောင်မြောက် ရှေ့နောက်ဝဲယာထက်အောင် စုံဆန်မျောလွင့်နေသော ဖန်လုံးကြီး သွားရာသို့ ပရိသတ်မျက်လုံးများက ကပ်၍လိုက်ပါ ကြည့်ရှုနေကြလေသည်။





ထိုသို့ ကွမ်းတစ်ယာညက်ခန့် အမိန့်ပေးစေခိုင်းပြီးနောက် ဆရာဟိန္ဒူက ဖန်လုံးအား မူလနေရာသို့ ပြန်သွားရန် စေစားလိုက်သောအခါ မယုံနိုင်စရာကောင်းလောက်အောင်ပင် လာလမ်းကို ပြန်သွားရင်း ကရွတ်ခွေပေါ်အရောက် ငြိမ်သက်ရပ်တန့်သွားတော့၏။

ဆရာဟိန္ဒူက ပရိသတ်ကို ဦးညွတ် လိုက်သောအခါ လက်ခုပ်သြဘာသံများ ပေါ်လာပြန်လေသည်။

ထိုအချိန်တွင် လောရည်၊ ရန်ကနား၊ တက်ပုတို့ ခွေးခြေနှင့် ဖန်လုံးကြီးကို ပြန်သိမ်းသွားကြပြီး မီးတုတ်ကြီးတစ်ခု ယူလာကြပြန်လေ၏။

ရန်ကနားက ဥတုသုံးပါးခံသော နတ်သမီးမီးခြစ်ဆံနှင့် မီးခြစ်၍ မီးညှိပေးလိုက်ပြီး မီးတုတ်ကိုဆရာဟိန္ဒူကထံ လှမ်းပေးလိုက်သည်။

ဆရာဟိန္ဒူက မီးတုတ်ကြီးကိုကိုင်ရင်း စက်ဝိုင်းသဏ္ဍာန်မွှေ့ရမ်းလိုက်ရာ အရှိန်မြန်လာသည်နှင့်အမျှ မီးစက်ကွင်းကြီး ဖြစ်သွားလေ၏။

ထို့နောက် အရှိန်လျှော့၍ စုံကိုင်ထားလိုက်ပြီး အလျှံညီးညီး တောက်လောင်နေသော မီးတောက်များကို မန်းမှုတ်၍ လက်ဖြင့် သပ်ချ လိုက်သောအခါ မယုံနိုင်စရာ ကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်က နှင်းဆီပန်းတစ်စီး ဖြစ်သွားလေတော့၏။

ထိုမျှသာ မကသေးဘဲ ပန်းများကိုပင် ပရိသတ်ထဲသို့ ကျဲလိုက်သေးရာ ပရိသတ်ကြီးက သူ့ထက်ငါဦးအောင် လုယူကြ လေ၏။ ပရိသတ်များ ငြိမ်သက်သွားသောအခါ တက်ပုက လေ ထောင့်သံပုံးကြီးတစ်ခု ယူလာပြန်သည်။

ဆရာဟိန္ဒူက သံပုံးကိုယူ၍ ပရိသတ်ဘက်သို့ ဘက်စုံ မြင်ရအောင် လှည့်ပြပြီး ဘာမှမရှိကြောင်း သက်သေထူ၏။ ထို့ နောက် သံပုံးကို စားပွဲပေါ် ဂင်ပြီး ပိတ်စဖြင့် အုပ်လိုက်သည်။ ပြီးမှ လေထဲသို့ လက်နှင့်ဆုပ်ဖမ်းကာ ထိုပုံးထဲသို့ ထည့်ဟန်ပြု၏။

တဆက်ထဲ အုပ်ထားသော ပိတ်စကိုဖယ်ပြီး သံပုံးထဲသို့ လက်နှိုက်၍ ဆွဲထုတ်လိုက်သော ယုန်လေးတစ်ကောင် ယက်ကန် ယက်ကန်နှင့် ပါလာတာကို အားလုံးမြင်လိုက်ကြရပြန်လေသည်။

လွှန်စွာနှစ်ထောင်းအားရ ဖြစ်သွားကြသော ပရိသတ်ကြီး အုံးအုံး ကျွက်ကျွက်ထကာ အားပေးကြလေတော့၏။ ဆရာဟိန္ဒူက ဂါရဝပြုကာ အထဲသို့ဝင်သွားပြီးနောက် တက်ပုက ကတော့ပုံအသံ ကျယ်ခွက်ကြီးကိုင်ကာ ထွက်လာပြန်လေသည်။

တက်ပုက အသံကျယ်ခွက်ကို ပါးစပ်တွင်တေ့ရင်း ကောင်း ကင်ကို မော့ကြည့်ကာ…





''အင်း …ဘာလိုလိုနဲ့ လတောင်ထွက်လာပြီပဲ၊ ဒီလိုအချိန်မှာ နာနာဘာဝ ဝိနာဘာဝနဲ့ ဝိညာဉ်တွေ [illegible] ကိုင်းအချိန်အခါ သင့်ပြီမို့ ဆရာဟိန္ဒူက…ယွန်းခင်ခင်ရဲ့ ဝိညာဉ်ကို ဖိတ်ခေါ်ပြီး တရားခံအစစ်ကို မေးမြန်းတော့မှာ ဖြစ်ပါတယ်…

ပွဲအစမှာ အစီရင်ခံခဲ့တဲ့အတိုင်း ဘာမှအမှားအယွင်း မရှိ အောင် စည်းကမ်းလိုက်နာကြဖို့ ပရိသတ်ကြီးကို အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ''

တက်ပုစကားအဆုံးတွင် ပရိသတ်ကြီးမှာ မီးကိုရေနှင့်ဖြန်း လိုက်သည့်အလား ငြိမ်သက်သွားကြလေတော့၏။ ငယ်ရွယ်သော မိန်းကလေးများ သာမက သားသည်မအေများပင် တစ်ယောက်နှင့် တစ်ယောက်ထိကာ ပူးကပ်သွားအောင် နေရာပြင်၍ ထိုင်လိုက်ကြ၏။ သိလိုခြင်းနှင့် ထိတ်လန့်ခြင်းတို့ အားပြိုင်ကာ ဂဏှာမငြိမ် ဖြစ်နေကြ လေတော့၏။

ဝန်ထောက်မင်းလဲ သူငယ်ချင်းဖြစ်သူ သူဌေးကြီး ဦးဖေ အောင်လင်မယားကို လှည့်ကြည့်လိုက်ရင်း ခါးကိုစန့်ကာ နေရာပြင် ထိုင်လိုက်မိ၏။ ယွန်းခင်ခင်၏ မိဘများလည်း မျက်ရည်စို့ကာ ရင်ခုန်လှိုက်မောနေကြသလို ကိုစောဖေမှာလည်း ဆောက်တည်ရာ မရဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟံမင်းညို တကယ် အစွမ်းထက်သလား။ ဝိညာဥ်ကကော
တကယ် ရောက်လာမှာလား။ တရားခံကိုကော ဖော်ထုတ်နိုင်စွမ်း
ရှိမှာလား စသည်ဖြင့် လားပေါင်းများစွာ ရင်ဝယ်ပိုက်ရင်း ခပ်ငိုက်
ငိုက်လေး ရှိနေရှာ၏။

လောရှည်၊ ရန်ကနား၊ တက်ပုတို့ ကန်တော့ပွဲကိုယ်
ရွက်၍စင်ပေါ် ရောက်လာကြပြန်သည်။

ကန်တော့ပွဲသုံးပွဲကို စင်အလယ်တွင် ပြင်ဆင်လိုက်ရင်
အမွှေးတိုင်၊ ဖယောင်းတိုင်များ ပူဇော်ထွန်းညှိလိုက်ကြသည်
အားလုံး ပြင်ဆင်ပြီးသော အခါ ဟံမင်းညိုက ဝတ်စုံတစ်ခုပြောင်းပြီး
ဝတ်ဆင်ကာ ထွက်လာလေ၏။

တကယ့် မှော်ဆရာကြီးတစ်ယောက် ပုံပေါက်နေသော
ဟံမင်းညို ဘုရားဝတ်ပြုပြီး ကန်တော့ပွဲများကို တစ်ပွဲစီမြှောက်ယူ၍
နဖူးနှင့်ထိကပ်ကာ ရွတ်ဆိုဆုတောင်းလို့နေပြန်သည်။

ဆုတောင်းပြီးသွားတော့ ကန်တော့ပွဲများကို လက်အုပ်
ချီရင်း လွန်စွာ အောင်မြင်ထယ်ဝါသော အသံနှင့်···

''အဟမ်း···တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့
စောင့်နတ်၊ ရွာစောင့်နတ်၊ ကွင်းပိုင်ကြီး၊ ရွာတော်ရှင်အပေါင်းတို့
လောကပါလတရား၊ သစ္စာတရား၊ အမှန်တရားတို့ ထွန်းကားရန်





အတွက် သားတော်ဆောင်ရွက် မည့်လုပ်ငန်းကို အနှောင့်အယှက်
ဘေးမသန်းအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးတော်မူကြပါ
ခင်ဗျား''

''သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်း အတွင်း
ဥရမင်း၊ အပြင်ဥရမင်း၊ အာကာကစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးတို့နှင့်တကွ
မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များနှင့်တကွ ပရလောကမှ ဝိညာဉ်
များအားလုံးကို လေးစားသမှု ဂါရဝပြု၍ တောင်းပန်ပြောကြား
လိုပါသည်···

လွန်ခဲ့သောငါးရက်က သူတစ်ပါးလက်ချက်ဖြင့် ဇီဝိန်
ချွေနုတ် ဝိညာဉ်ထုတ်ခံခဲ့ရသော မြို့သာမြို့သူ ယွန်းခင်ခင်၏
နားခိုစရာဗိမ္မာန် မရသေးသော ဝိညာဉ်ကို ဖိတ်ခေါ်ပါသည့်တာဝန်ရှိ
ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်အပေါင်း အထူးကြပ်မတ်စောင့်ရှောက်၍ ဤ
နေရာ ဤဌာနသို့ ကြွလှမ်းတော်မူခဲ့ပါ''

ထိုသို့ ပင့်ဖိတ်လိုက်သောအခါ အသည်းငယ်သူအားလုံး
ဇာတ်စင်ပေါ် မျက်နှာမူထားရင်းက မျက်လုံးကို စုံမှိတ်ပိတ်ပစ်
လိုက်ကြလေ၏။ ကိုစောဖေကတော့ ဖြစ်လာမည့်အရေးကို
မျက်ဝါးထင်ထင် ရှုမြင်သုံးသပ်နိုင်ရန် မျက်ခြေမပြတ် အာရုံစိုက်နေ
လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပင့်ဖိတ်ပြီး ဆရာဟိန္ဒက,က ကောင်းကင်ကို မော့ကြည့်လိုက်ပြီး အရပ်လေးမျက်နှာ မျှော်ကြည့်လိုက်လုပ်နေစဉ် လေပြင်းတစ်ချက် ဆောင့်တိုက်လာပြီး ကန်တော့ပွဲမှ ဖယောင်းတိုင်အားလုံး မီးငြိမ်းသွားလေတော့သည်။

ဆရာဟိန္ဒက,က ရုတ်တရက် အသံနက်ကြီးနှင့်...

''အနှောင့်အယှက်ရှိတယ်...အနှောင့်အယှက်ရှိတယ်''

ဟုအော်လိုက်ရာ တပည့်များအားလုံး မောင်းထောင့်ကျိုး ကိုယ်စီကိုင်၍ ဆန်မန်းပေါက်ပေါက်များနှင့် ဇာတ်စင်အရပ်ရှစ်မျက်နှာကို ကြဲပက်လိုက်ကြလေ၏။ ဆရာဟိန္ဒက ဖယောင်းတိုင်မီးများ ပြန်လည်ထွန်းညှိရင်း ရွတ်ဖတ်သရဇ္ဈာယ်ကာ ဆုတောင်းနေပြန်၏။

ထိုအခိုက်မှာပင် ဝန်းကျင်တခိုမှ မြူခိုးမြူငွေ့များ ရုတ်တရက် စုစည်းလာကာ လေသင့်ရာရွေ့လျားရင်း ဇာတ်စင်ထက်ဆီသို့ ဝေ့ဝဲရစ်သိုင်း လွှမ်းခြုံလို့လာသည်။

မြူခိုးတို့မှာ ကျဲပါးရာမှ တဖြည်းဖြည်း သိပ်သည်းထူထပ်လာရာ စင်ပေါ်မှ လူများလူလုံးပျောက်မတတ် ဝေဝါး၍သွားတော့၏။ ထိုမြူခိုးများကြားထဲတွင် လူရိပ်သဏ္ဌာန်တစ်ခုထပ်၍ တိုးလာပြီး တဖြည်းဖြည်း အမျိုးသမီး တစ်ယောက်၏ ကိုယ်ဟန်အဖြစ် ထင်ထင်ရှားရှား မြင်လိုက်ကြရလေသည်။





ပရိသတ်ကြီးမှာ ကြောက်ကလဲကြောက် ကြည့်လဲကြည့်ချင်နှင့် စိတ်အတွင်း ယောက်ယက်ခပ်ကာ ခွေးသီးခွေးပေါက်တို့ ကျနေကြ၏။ ဝန်ထောက်မင်း၊ ယွန်းခင်ခင်၏မိဘများ၊ ကိုစောဖေ၊ ဌာနအုပ်နှင့် အင်စပက်တော်ကြီးတို့မှာ မျက်တောင်မခတ်အားဘဲ စိတ်ဝင်စားစွာ စောင့်ကြည့်နေကြလေ၏။

ဆရာဟိန္ဒက,က...

''အခုရောက်နေတာ ဘယ်အရာ ဘယ်အမျိုးလဲဆိုတာ အားလုံးသိအောင် ပြောပြလိုက်''

ဟု အမိန့်ပေးလိုက်ရာ မြူခိုးသဏ္ဌာန် အမျိုးသမီးက လူးလွန့် လှုပ်ရှားလာရင်း...

''ယွန်းခင်ခင်...ငါဟာ ယွန်းခင်ခင်ရဲ့ ဝိညာဉ်ဘဲ''

ကြားလိုက်ရသော စကားကြောင့် အားလုံးအံ့အားတသင့် ဖြစ်သွားကြတော့၏။

ဦးဖေအောင်၊ ဒေါ်မိမိခင်တို့မှာ မယုံနိုင်လောက်အောင် တုန်လှုပ်နေကြပြီး နှုတ်ဖျားမှ သမီး၊ သမီးလေးဟု တီးတိုးရေရွတ် ခေါ်ဆိုနေမိကြသည်။

နောက်ဆက်တွဲ ပြောမည့်စကားများမှာ ပို၍အရေးကြီးနေသဖြင့် အင်စပက်တော် ဦးဘဒင်က ဆားပုလင်းများကို အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အကဲပြပြီး ကိုစောဖေအား မျက်ခြေမပြတ်ကြည့်နေရန် တာဝန်ပေး လိုက်ရင်း သူကိုယ်တိုင်က ကိုစောဖေနှင့် နီးကပ်သွားအောင် လူအုပ်ကိုတိုး၍ နေရာယူလိုက်၏။

"ဒါဆို အသင်ဝိညာဉ် အခုဘယ်အရပ် ဘယ်ဌာနမှာ ကွန်းခိုနေပါသလဲ"

"ငါ့မှာ ကွန်းခိုစရာ ဗိမာန်မရှိသေးပါဘူး။ ကြုံသလိုမျောလွင့် နေရတဲ့ဘဝပါ"

ဝိညာဉ်ပြန်ပြောသော စကားအဆုံးတွင် သူမမိခင် ဒေါ်မိ ခင်ထံမှ အိကနဲရှိုက်သံ ထွက်ပေါ်လာလေတော့၏။ ဆရာဟိန္ဒက ကတော့ တစ်ခုချင်း တစ်ခွန်းချင်း ဆက်လက်မေးမြန်းနေပြန်သည်။

"အသင်ဝိညာဉ် ဘယ်လို သေဆုံးခဲ့ရပါသလဲ၊ သွေးနီး သားရိုး ကံကုန်ခဲ့တာလား"

ဝိညာဉ်ပြန်ဖြေသောအသံမှာ နာကျည်းဟန်နှင့် လေသံထန် နေ၏။

"မဟုတ်ဘူး…မဟုတ်ဘူး…ငါသေရတာ သွေးရိုးသားရိုး မဟုတ်ဘူး"

ထိုအဖြေကို ကြားလိုက်ရသော ပရိသတ်အပေါင်း သိချင် စိတ်တို့ ထက်သန်သွားရသလို ကိုစောဖေတစ်ယောက် ချွေးသီး





ချွေးပေါက်ကျလို့ သွားရ၏။

"ဒါဆို…အသင်ဝိညာဉ်ကို တစ်ယောက်ယောက်က သတ်ခဲ့တာများလား"

"ဟုတ်တယ်…အသတ်ခံခဲ့ရတာ"

ပရိသတ်ကြီးထံမှ အာမေဋိတ်သံများ လွင့်ပျံလာသလို ကိုစောဖေကလဲ ဖင်တကြွကြွဖြစ်လာသဖြင့် ဦးဘဒင်လဲ ခြောက်လုံး ပြူးကို အသင့်ကိုင်ကာ သတိအနေအထား ပြင်ဆင်လိုက်၏။

"အသင်ဝိညာဉ်ကို သတ်တာဘယ်သူလဲ"

ထိုမေးခွန်းကို အကြောက်ဆုံးသူမှာ ကိုစောဖေသာလျှင် ဖြစ်ပေတော့သည်။ အားလုံးက ဝိညာဉ်၏အဖြေကို မျှော်လင့် စောင့်စားရင်ခုန်နေကြ၏။

ဝိညာဉ်က တိကျပြတ်သားသောအသံဖြင့်…

"ငါ့ကိုသတ်တာ စောဖေ၊ ဝန်ထောက်မင်းရဲ့သား ကိုစော ဖေ"

ပရိသတ်ကြီးထံမှ အံ့အားသင့်စွာ ထွက်ပေါ်လာသော အသံများက ဝေါကနဲ ဆူညံသွားတော့၏။

ကိုစောဖေက ကြံရာမရ ထိုင်ရာမှထရင်း…

"မဟုတ်ဘူး…မဟုတ်ဘူး…ဒီမျက်လှည့်ဆရာ လူလိမ်၊



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလုပ်ကြံဇာတ်ခင်းပြီး လိမ်နေတာ''

ဦးဘခင်လဲ ကိုစောဖေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသဖြင့် ထိန်းသိမ်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ဝန်ထောက်မင်းက…

''မဟုတ်ရင် ထိုင်နေစမ်း စောဖေ၊ အဖေပြောထားပြီးပြီပဲ ဒီကောင်လိမ်တာဆိုရင် အချုပ်ထဲတန်းပို့မှာ၊ သူ့အလုပ်သူပြီးအောင် လုပ်ပစေ''

ဟုပြောလိုက်ရာ ကိုစောဖေလဲ အထွန့်မတက်ရဲတော့ဘဲ ပြန်ငြိမ်သွားသဖြင့် ဦးဘခင်လဲ စိတ်အေးသွားရသည်။

ဆရာဟိန္ဒုက,က ပရိသတ်ငြိမ်အောင်စောင့်ရင်း…

''ဒီထက် ပြည့်ပြည့်စုံစုံ ပြောနိုင်မလား အသင်ဝိညာဉ်''

ဝိညာဉ်က…

''သိပ်ပြောနိုင်တာပေါ့၊ ဒီလူဟာ အဖေရဲ့ အရှိန်အဝါကို သုံးပြီး ဓားပြဂိုဏ်းထောင်၊ ခိုးဆိုးလုယက်နေတဲ့ လူယုတ်မာတစ်ယောက်ပဲ''

ပရိသတ်ထံမှ ဆူညံဝေဖန်သံများ ပေါ်ထွက်လာသလို ကိုစောဖေလည်း တုန်တုန်ရီရီ ဖြစ်လာသည်။ ဒေါသကြောင့်လား ကြောက်လို့လားဆိုတာတော့ သူကိုယ်တိုင်သာလျှင် သိနိုင်ပေလိမ့်မည်။





''လွန်ခဲ့တဲ့ ဆယ်နှစ်က ငါလူတစ်ယောက်ကို ဆွဲကြိုး တစ်ကုံး လက်ဆောင်ပေးခဲ့တယ်၊ အဲဒီလူဟာ သရက်မြို့အနီးမှာ ဓားပြအတိုက်ခံရပြီး အဲဒီဆွဲကြိုးလေး ဓားပြလက်ထဲ ပါသွားခဲ့တယ်''

''ဆက်ပြောပါဦး အသင်ဝိညာဉ်''

''ငါအသတ်ခံရမယ့်ညက ငါ့ကိုစောဖေက ထမင်းဖိတ်ကျွေးပြီး အဲဒီဆွဲကြိုးလေး လက်ဆောင်ပေးခဲ့တယ်၊ တိုက်ရာပါ ပစ္စည်းနဲ့ ဇနီးလောင်းကို လက်ဆောင်ပေးမိတဲ့ စောဖေ၊ အမှားကြီး မှားသွားတယ်၊ ဆွဲကြိုးကငါ့ဥစ္စာလေ…

စောဖေ ငြင်းပေမယ့် ငါကဆွဲကြိုးလော့ကက်ပြားထဲက ငါ့ဓာတ်ပုံကို ဖွင့်ပြလိုက်တော့မှ သူလုံးဝမငြင်းနိုင်တော့တာ၊ ငါလဲ ဓားပြကို လင်မလုပ်နိုင်ဘူးပြောပြီး ပြန်မယ်လုပ်တော့ သူအတင်း လိုက်ပို့မယ်ပြောပြီး မြင်းဖောင်းထဲ ခေါ်သွားတယ်၊ အဲဒီအရောက်မှာ ငါ့ကို အဲဒီလူယုတ်မာက ဓားနဲ့ထိုးသတ်တာပဲ''

စကားအဆုံးတွင် ပရိသတ်ထံမှ…

''လူယုတ်မာ''

''ပက်စက်လုချည်လား''

''မိုက်ရိုင်းလိုက်တာကွာ''

ဟူသောအသံများ တခဲနက်ထွက်လာသလို ကိုစောဖေမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ဖခင်အား ပြာပြာသလဲနှင့်. . .

"မဟုတ်ဘူး အဖေ. . .မဟုတ်ဘူး"

ဟု ငြင်းနေရှာလေ၏။ ဆရာဟိန္ဒူက ပရိသတ်ကို ငြိမ်သက်ရန် အမူအယာပြလိုက်ပြီး. . .

"ဒီအဖြစ်ဟာ အမှန်ဆိုရင် သက်သေပစ္စည်းရှိလား၊ ရနိုင်မလား"

"ရတယ်"

"ရမယ်ဆိုရင် ယူပေးပါ၊ သက်သေပစ္စည်း ပုလိပ်လက်အပ်ပြီး ဝိညာဉ်အတွက် တရားမျှတမှုရအောင် လုပ်ပေးပါ့မယ်"

"ကောင်းပြီ"

ဝိညာဉ်က သဘောတူလိုက်ပြီး လက်နှစ်ဖက်ကို လမင်းထံ ဆန့် တန်းကာ တစုံတရာကို တောင်းခံနေဟန် ပြုနေသည်ကို အားလုံး ထင်ထင်ရှားရှား မြင်လိုက်ကြရပြန်သည်။

ထိုအခိုက်မှာပင် လေထဲမှ အရောင်လက်လက်ထနေသော ပစ္စည်းနှစ်ခု ပြုတ်ကျလာ၏။ ဝိညာဉ်က အသာအယာ ဖမ်းဆုပ်ယူလိုက်ရင်း ထိုပစ္စည်းများကို ဆရာဟိန္ဒူက လက်သို့အပ်၏။

ဆရာဟိန္ဒူက လှမ်းယူရင်း ပစ္စည်းများကို အများမြင်သာအောင် ပြသလိုက်သည်။ ပစ္စည်းများက သက်သေခံ လူသတ်





လက်နက်ဖြစ်သော ဓားတစ်ချောင်းနှင့် တိုက်ရာပါ ဆွဲကြိုးတစ်ကုံးတို့ဖြစ်သည်။

အခြေအနေကို သည်းမခံနိုင်တော့သော ကိုစောဖေ ရုတ်တရက်ထကာ ထွက်ပြေးလေတော့၏။ သို့သော် သတိနှင့် စောင့်ကြည့်နေသော ဦးဘဒင်နှင့် ဆားပုလင်းများက ကိုစောဖေကိုဆီး၍ဖမ်းကာ လက်ထိပ်ခပ်လိုက်ကြ၏။ ကိုစောဖေက. . .

"ဟေ့ကောင်တွေ ဘာလုပ်တာလဲ၊ ငါက ဝန်ထောက်မင်းရဲ့ သားနော်၊ လူလိမ်တွေ လုပ်ကြံဇာတ်ခင်းတာနဲ့ ငါ့ကိုဖမ်းလို့မရဘူး"

ရုန်းကန် ငြင်းဆန်နေသော စောဖေကို အတင်းဆွဲကာ ဝန်ထောက် မင်းရှေ့တွင် ဒူးထောက်စေလိုက်သည်။ အင်စပက်တာ ဦးဘဒင်က. . .

"ခွင့်လွှတ်ပါ ဝန်ထောက်မင်း၊ သူ့ရဲ့အပြစ်တွေက ထင်ရှားပြီး သက်သေအစုံအလင်လဲ ရရှိထားပြီးလို့ ဖမ်းဆီးခွင့်ပြုစေချင်ပါတယ်"

ဝန်ထောက်မင်းက. . .

"သက်သေဆိုတာ ဝိညာဉ်ကပေးတဲ့ ဓားနဲ့ဆွဲကြိုးလား



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တာ ဦးဘခင်က…

"ဒါတင်မကပါဘူး ဝန်ထောက်မင်း၊ ကိုစောဖေဟာ သူ့ကို ဖမ်းဖို့ သွားတဲ့ ကျွန်တော်တို့ကို လူအင်အားသုံးပြီး ပြန်ဖမ်းပြီး ချုပ်နှောင်ထားခဲ့ပါတယ်၊ ဒါ့အပြင် သူ့လူများက ဂတ်တဲမှာ ဖမ်းချုပ်ထားတဲ့ ဓားပြတစ်ယောက်ကို နှုတ်ပိတ်ဘို့ ဂတ်ကိုဝင်စီးရင်း ပုလိပ်တစ်ယောက်ကိုသတ်ပြီး တစ်ယောက်ကို ဒဏ်ရာရစေခဲ့သော်လည်း ပုလိပ်အဖွဲ့ တာဝန်ကျေလို့ ဓားပြ ဂိုဏ်းသားအားလုံးကိုပါ လက်ရဖမ်းဆီးထားနိုင်ခဲ့ပါတယ်၊ ဒါတွေက ဗိညာဉ် ပေးတဲ့ သက်သေထက် ပိုမိုပြည့်စုံတဲ့ သက်ရှိသက်သေတွေပါ"

ဝန်ထောက်မင်း မျက်နှာပျက်သွားကာ စောဖေ၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်နှက်ရင်း…

"ဒါတွေအားလုံး အမှန်ဘဲလား စောဖေ ပြောစမ်း"

ကိုစောဖေထံမှ ဘာသံမှထွက်မလာတော့။ ဒူးတုပ်ခေါင်းငိုက်စိုက် ချရင်း ငြိမ်နေတော့သည်။

ထိုအခါ ဝန်ထောက်မင်းက

"အသားထဲကထွက်တဲ့လောက်၊ မိဘမျက်နှာမှမထောက် လူမဆန်အောင် ယုတ်မာတဲ့ကောင်…သွား…ဆွဲခေါ်သွားကြစမ်း၊ အချုပ်ထဲထည့်လိုက်၊ ဒီအမှုကို ကျုပ်ကိုယ်တိုင်စစ်ပြီး ကြိုးမိန့်





ပေးမယ်"

"ကဲ…ဆားပုလင်းတို့ တရားခံကိုခေါ်သွား လိုအပ်ရေး အထူးဂရုစိုက်ပါ"

"ရက်ဆား"

ဆားပုလင်းတို့ စောဖေကို ဆွဲခေါ်သွားပြီးနောက် ပရိသတ်ကြီးလဲ ပြန်လည်ငြိမ်သက်လို့ သွားကြသည်။ ထိုအခါမှ ဆရာဟိန္ဒက,က…

"ကဲ…ဗိညာဉ် အသင် မျက်ဝါးထင်ထင် မြင်ပြီမဟုတ်လား၊ တရားမျှတမှုအတွက် အားလုံးက သင်ဗိညာဉ်ဘက်က ကူညီခဲ့ကြပါပြီ၊ အမှုမှန်လဲ ပေါ်ပေါက်ခဲ့ပါပြီ၊ ဒါကြောင့် အသင်ဗိညာဉ် သွားလိုရာသို့ သွားနိုင်ပါပြီ"

ဆရာဟိန္ဒက ခွင့်ပြုလိုက်သည်နှင့် ဗိညာဉ်မှာ ရုတ်တရက်ဝေဝါးသွားကာ မြူနှင်းများနှင့်အတူ လွင့်ပါသွားတော့၏။ ထိုအဖြစ်ကို မြင်ပြီး ယွန်းခင်ခင်၏မိခင် ဒေါ်မိမိခင်မှာ မူးမေ့လဲကျသွားလေတော့၏။

ထိုစဉ်မှာပင် ဆရာဟိန္ဒက,က မျက်လှည့်ပွဲအစီအစဉ်ဤတွင် ပြီးဆုံးကြောင်းကြေငြာကာ ပြည်ဖုံးကားချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်ကြီး ဦးဘခင်လည်း မှုးမေ့သွားသော ဒေါ်
မိမိခင်ကို နှာနှပ်၍ ဝန်ထောက်မင်း၏ ရထားလုံးပေါ်သို့ တွဲတင်ပေး
လိုက်ရသည်။ ပရိသတ်ကြီးလည်း လူစုကွဲကာ သူ့အစုနှင့်သူ
တစ်ယောက်ကို တစ်ယောက် လက်တွဲဖက်တွယ်ရင်း ကြောက်
ကြောက်လန့်လန့်နှင့် ပြန်သွားကြလေသည်။

ထိုသို့ ဇာတ်စင်ရှေ့ကွင်းပြင်တွင် ရှုပ်ထွေးနေစဉ် ဇာတ်စင်
နောက်ဖက်မှ မြင်းတစ်စီးနှင့် လူနှစ်ယောက် ဒုန်းစိုင်းထွက်ခွာသွား
ခြင်းကိုမူ မည်သူတစ်ဦးတစ်ယောက်မှ သတိမပြုလိုက်ကြပေ။

▲ ▲ ▲

## အခန်း (၁၁)

တစ်ညလွန်မြောက် အာရုံရောက်၍ မိုးသောက်လင်းပြီး
နေမင်း ထွက်လာပြန်ချေပြီ။ မြို့သူမြို့သားအားလုံး လှုပ်ရှား
သက်ဝင်၍ ပရိယေသန ဝမ်းစာအတွက် ပျားပန်းခပ်မျှ ဆောင်ရွက်
လုပ်ကိုင် နေကြရပြီဖြစ်သည်။

ဂတ်တဲတွင်းမှ ဂုံနီဖျဉ်တပ် ခေါက်ကုတင်ထက် အိပ်ပျော်





နေသော ဦးဘခင်မှာ ဘာယာကုလား၏ သံချောင်းခေါက်အချိန်
မှတ်မှုကြောင့် လူးလွန့်နိုးထလာခဲ့ရ၏။

မျက်စိနှစ်လုံးပွင့်သည်နှင့် အရေးကြီးကိစ္စကို သတိရသွားပြီး
မြို့ဖွယ် ကိစ္စများကို အဆောတလျင် ဆောင်ရွက်လိုက်ပြီး တာဝန်အရ
ဂတ်တွင်း လှည့်လည် စစ်ဆေးကာ ဆားပုလင်းနှင့် ဆာဂျင်တို့အား
တာဝန်များ ခွဲဝေပေးပြီးနောက် ဂတ်တဲမှထွက်ခွာလာခဲ့သည်။

သူဦးတည်ရာက ဟံမင်းညို မျက်လှည့်ရုံဆီသို့။ ညက
ယွန်းခင်ခင်၏ မိဘများနှင့် ဝန်ထောက်မင်းကို ပြန်ပို့ပေးပြီး
ဝန်ထောက်မင်းနှင့် စကားစမြည်ပြောကာ ဝန်ထောက်မင်း၏ စိတ်
သောကကို ဖြေဖျောက်နှစ်သိမ့် စကားပြောနေရသဖြင့် ဂတ်တဲသို့
နှစ်ချက်တီးမှပြန်ရောက်ခဲ့သည်။ ဟံမင်းညို ထံ ညတွင်းချင်း
သွားရောက် စုံစမ်းလိုသော်လည်း အချိန်မရ၍ ဝင်အိပ်ခဲ့ရသည်။

သူ မရှင်းလင်းသော အချက်အလက်များ၊ သိချင်သော
အကြောင်း အရာများ၊ စူးစမ်းမေးမြန်းလိုလှသဖြင့် အဆောတလျင်
ထွက်လာရခြင်း ဖြစ်သည်။ အရေးထဲ ဝမ်းကဟာလာသဖြင့် မြို့နီ
စပယ်ဈေးကြီးထဲ ဝင်ကာ ဟာဂျီယန္တတ်၏ ကာကာဆိုင်တွင်
လ္ဘက်ရည်နှင့် စမူဆာကြော် ဝင်ရောက် စားသောက်လိုက်ရသေး၏။

ရုပ်ကိုအဟာရဖြည့်၍ တည်ငြိမ်သွားပြီးနောက် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာလာခဲ့သည်။ ပွဲဈေးတန်း မျက်လှည့်ရုံရှေ့ ရောက်တော့ ဖရိုဖရဲနှင့် အပျက်အစီးများကိုတွေ့ရ၍ သက်ပြင်းချမိသေး၏။ ဟံမင်းညိုတော့ ဒီညဆက်ပြလျှင် ရုံအသစ် ပြန်ဆောက်ရတော့မည်။ ညကရုံကွဲသဖြင့် အလဲလဲအပြိုပြိုကို ရှင်းလင်းရမှာနှင့် အချိန်မီပါ့မလားဟု တွေးပူမိသေး၏။

စင်ရှေ့ပြည်ဖုံးကား ချထားသဖြင့် ဇာတ်စင်နောက်သို့ လှည့်ဝင်လိုက်သည်။ ရန်ကနား၊ လောရှည်၊ တက်ပုတို့ မျက်လှည့် ဇာတ်ဝင်ပစ္စည်း သေတ္တာများ ရှင်းလင်းသိမ်းဆည်းနေတာ တွေ့လိုက်ရသည်။ ဦးဘဒင်က…

"ဟေ့…ရန်ကနားတို့ မင်းတို့ဆရာ ဟံမင်းညိုကော အိပ်တုန်းလား"

ရန်ကနားတို့မှာ ပြောစရာစကားမရှိသည့်အလား တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း အူကြောင်ကြောင် လုပ်နေကြသဖြင့် ဦးဘဒင် စိတ်မရှည်နိုင်အောင် ဖြစ်သွားရသည်။

"ဟေ့ကောင်တွေ ဘာဖြစ်နေတာလဲ ငါမေးနေတယ် လေကွာ"

ထိုအခါ တက်ပုက ကြောင်တက်တက် အမူအရာနှင့်…

"အဲ…ဟိုဒင်း…ဟိုဥစ္စာ"





ဟု တောက်တဲ့လှည်းနှင်း ဖြစ်နေခိုက် လိုက်ကာတစ်ခု ကြားမှ ကပွဲယကြီး ဦးဖြူသီး ထွက်လာပြီး…

"ဦးဘဒင်ပါလား လာလေဗျာ ထိုင်ပါဦး"

ဟု ဖိတ်ခေါ်လိုက်လေသည်။ ဦးဘဒင်က…

"ကျုပ်…ဟံမင်းညိုနဲ့ တွေ့ဖို့လာခဲ့တာ ကပွဲယကြီးရေ၊ သူအိပ်နေတုန်းဆိုလဲ နှိုးလိုက်တော့ဗျာ စကားစမြည်ပြောရအောင်"

ကပွဲယကြီးက ခေါင်းယမ်းကာ သက်ပြင်းချလိုက်ရင်း…

"ထိုင်ပါဦးဗျာ…ဖြေးဖြေးပေါ့၊ ဘာတွေများ လောကြီးနေရတာလဲ၊ ခင်ဗျား…ဟံမင်းညိုနဲ့ တွေ့ချင်တယ်ဆိုရင်တော့ မန္တလေးက ကျောက်တော်ကြီး ဘုရားပွဲကိုသာ လိုက်သွားတော့ဗျာ"

ဦးဘဒင်က အံ့အားသင့်သွားပြီး…

"ဗျာ…ဟံမင်းညို မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ်…ဦးဘဒင်၊ ညကတည်းက ခရီးထွက်သွားပြီ၊ ဒါကြောင့် ဟိုကောင်တွေလဲ ပစ္စည်းတွေ သိမ်းဆည်းနေတာပေါ့၊ သူ့ဟိုဘဝကတော့ ဒီလိုပါပဲ၊ တစ်နယ်ပြီးတစ်နယ် ပြောင်းနေရတာ ပဲလေ"

ဦးဘဒင်က တက်ပုတို့လူသိုက်အား လှမ်းကြည့်အကဲခတ် လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သိချင်တာလေးတွေ မေးမလို့လာခဲ့တာဗျ… ခုတော့"

စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သော ဦးဘဒင် အမူအရာကြောင့် ကပ္ပိယကြီးက…

"ဘာတွေများ ဒီလောက်တောင် သိချင်နေရတာလဲ ဦးဘဒင်ရယ် သိပ်သိချင်နေရင်လဲ ဘာမဆိုသိတဲ့ သူ့ကိုမေးမှပေါ့"

"ဘာမဆိုသိတာ ဘယ်သူလဲ"

"ကျုပ်လေ…ကျုပ်ပဲမပေါ့၊ ကဲ…မေးချင်ရာမေး"

ဦးဘဒင်လည်း မအံ့သြတော့ဘဲ ခေါင်းငြိမ့်ရင်း…

"အင်း…ခင်ဗျားက ဟံမင်းညိုရဲ့ ခေါင်းကိုင်အဖေဆိုလဲ ဟုတ်နေတော့ ဟံမင်းညို လှည့်ကွက်မှန်သမျှ သိနေမှာပါပဲလေ၊ ကဲ…ကျုပ် ရှည်ရှည်ဝေးဝေး အပိုတွေပြောမနေတော့ဘူး၊ သိချင်တာကိုပဲ မေးတော့မယ်၊ ယွန်းခင်ခင် တကယ်မသေဘူး မဟုတ်လား"

ဦးဘဒင်၏ မေးခွန်းကြောင့် ကပ္ပိယကြီး မျက်ခုံးများ မြင့်တက်သွား ကာ အံ့သြသွားဟန်နှင့် သူ၏ကတုံးပြောင်ကြီးကို ပွတ်သပ်နေလိုက်သည်။ ထို့နောက် ရယ်ကျဲကျဲနှင့်

"ဘာဖြစ်လို့ မေးတာလဲ ဦးဘဒင်"

"ကျုပ်စိတ်ထဲ သေချာနေတာ တစ်ခုရှိတယ်ဗျ၊





ဝိညာဉ်လောကတို့ နာနာဘာဝတို့ ကျုပ်သိပ်မစိမ်းပါဘူး၊ ဘယ်ဝိညာဉ်မှ ပစ္စည်းပစ္စယတွေကို ဆုပ်ကိုင်နိုင်စွမ်း မရှိဘူး၊ ထိတွေ့လို့လဲ မရဘူး၊ အဲ့ ရှင်းရှင်းပြောရရင် ဝိညာဉ်ဆိုတာ ပိတ်ထားတဲ့ တံခါးကိုမဖွင့်လဲဘဲ ဖြတ်ဝင်လို့ရတယ့်

အကောင်အထည်မရှိတဲ့သဘောပဲ၊ ဘာကိုပဲဖြစ်ဖြစ် သူက ထိတွေ့ လို့မရသလို သူ့ကိုလဲ ထိတွေ့လို့မရဘူး၊ ဒါကြောင့် ညက ပြကွက်ဟာ ဝိညာဉ်မဟုတ်ဘူး၊ လူစစ်စစ်ဆိုတာ ကျုပ်သိတယ် ဦးဖြူသီး"

"အင်း မဆိုးပါဘူး ဦးဘဒင်၊ ခင်ဗျား ဗဟုသုတ ကြွယ်သားပဲ၊ သိနေပြီဆိုမှတော့ ကျုပ်လဲ ကွယ်ဝှက်မနေတော့ပါဘူး၊ ဟုတ်တယ် ယွန်းခင်ခင် မသေဘူး"

"ဒါဆို သူ့အလောင်းကို ခိုးသွားတာလဲ ခင်ဗျားတို့ပဲပေါ့"

"အင်း ဒါလဲဟုတ်တယ်လို့ ပြောရမှာဘဲ"

"ကျုပ်မရှင်းတာ အဲဒါပဲ၊ ယွန်းခင်ခင် အလောင်းကို ရှာတွေ့တော့ ကျုပ်ကိုယ်တိုင် စစ်ဆေးခဲ့တာပဲ နှလုံးမခုန်တော့ဘူး၊ အသက်လဲမရှူဘူး၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် သေပြီလို့ မှတ်ချက်ရေးအတည်ပြုခဲ့တာပေါ့"

ကပ္ပိယကြီးမှာလဲ ခေသူမဟုတ်သဖြင့် ဦးဘဒင်တို့ အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်း ပြောဆိုကြသည့် လေသံနှင့်...

"အိုင်ဆေး...ဦးဘဒင်...ခင်ဗျားလဲ လောကဓာတ်ကျောင်း ထွက်ပဲ ရှိတ်စပီးယားရဲ့ ရိုမီယို ဂျူးလီးယက် ပြဇာတ်ဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးရုံဘယ်ကမလဲ ပြဋ္ဌာန်းစာအုပ်အဖြစ် သင်ခဲ့ရတာ လေ"

"ဒါဆို ဘာလို့ ဒုန်းဝေးနေရတာလဲ ဦးဘဒင်ရယ်၊ ဂျူးလီး ယက်လေး သေပါပြီဆိုပြီး ရိုမီယို ကိုယ့်ကိုယ်ကို သတ်သေတော့မှ ဂျူးလီးယက် ပြန်နိုးထလာတာ မဟုတ်လား"

"ဟင်...ဒါ...ဒါဆို ခင်ဗျားတို့ ယွန်းခင်ခင်ကို ဆေးနဲ့ နှလုံးခုန်ရပ်ပြီး မြောသွားအောင် လုပ်ခဲ့ကြတာပေါ့"

"မှန်ပါတယ် ဦးဘဒင်...ဒီကိစ္စ ကျုပ် အသေးစိတ် ရှင်း ပြပါ့မယ်၊ အဖြစ်က ဒီလိုဗျ......"

▲ ▲ ▲

ထိုနေ့ညက လွတ်ထွက်ပြေးသွားသော ယုန်လေးကို လိုက် ဖမ်းသော ဟံမင်းညို ပြန်လာတော့ ယုန်အစား ဒဏ်ရာများနှင့် ယွန်းခင်ခင်ကို ပွေ့ချီခေါ်ယူလာသဖြင့် ကပ္ပိယကြီးနှင့်အတူ အဖွဲ့သား





အားလုံး အံ့သြထိတ်လန့် စိုးရိမ်သွားကြသည်။

ကပ္ပိယကြီးက ပူပန်စွာဖြင့်...

"ဟံမင်းညို မင်းစိတ်မထိန်းနိုင်ဘဲ အမှားအယွင်းတစ်ခုခု များ လုပ်လာခဲ့သလားကွာ၊ ပြောစမ်းပါဦး"

ဟံမင်းညိုလည်း ယွန်းခင်ခင်ကို သက်တောင့်သက်သာ ဖြစ်အောင် နေရာချထားလိုက်ရင်း...

"အဘသီးကလဲဗျာ...ကျွန်တော့်အကြောင်း မသိတာလဲ မဟုတ်ဘူး၊ ဒီလို မဟုတ်တရုတ် ဘယ်တုန်းကများ လုပ်ဖူးလို့လဲ၊ အဲဒါတွေ အသာထားပြီး ယွန်းခင်ခင် ဒဏ်ရာသွေးထွက်များနေပြီ၊ အရင်ဆုံး ကုသပေးပါဦး"

အခြေအနေက အချိန်လုမှ ရတော့မည်မို့ ကပ္ပိယကြီး ပျာယာခတ်သွားပြီး သွားလေရာပါတတ်သော ဆေးလွယ်အိတ်ကြီး ကို ထုတ်၍ ဒဏ်ရာကို သန့်စင်ပေးပြီး သွေးတိတ်ဆေး၊ အနာ ကျက်ဆေးတို့ကိုဖြူး၍ သိပ်ပေးကာ ဒဏ်ရာကို ပတ်တီးစီး ကုသ ပေးခဲ့သည်။

ဟံမင်းညိုလည်း လွန်စွာသောက ရောက်နေရပြီး ယွန်းခင်ခင်အား ယုယစွာ ပြုစုနေရှာလေသည်။ ပိတ်စိမ်းပါကို ရေဆွတ်၍ ချွေးသုတ်ကာ နဖူးကိုအုပ်ပေးခြင်း၊ ဂွမ်းစကိုရေဆွတ်၍



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကြားထဲသို့ ညှစ်ထည့်ပေးခြင်းတို့ဖြင့် မအားလပ်အောင် ဖြစ်နေရှာလေ၏။

ယွန်းခင်ခင် ကသိုလ်ကံက ကောင်းလွန်းလှ၍ သေကံ မရောက် သက်မပျောက်ဆိုသလို သတိရကာ လူပ်ရှားလူးလွန့် လာသည်။ ကပ္ပိယကြီးနှင့် ဟံမင်းညိုလည်း လွန်စွာအားတက် သွားပြီး ဂွမ်းစနှင့် ရေအနည်းငယ် ညှစ်ထည့်တိုက်ကျွေးကာ ပွေ့ထူးထားပြီး အဖြစ်အပျက်ကို မေးရလေ၏။

ယွန်းခင်ခင်က လွန်စွာဖျော့တော့ အားနည်းသောအသံ နှင့်···

''ဟံမင်းညို···ငါ···ငါ့ကိုသတ်···သတ်တာ··· ကိုစောဖေ့သူ···သူဟာ ဓားပြခေါင်းဆောင်၊ နှင့်ဆီက ငါ့ရဲ့ဆွဲကြိုးကို ဓားပြတိုက်သွားတာလဲ သူပဲ၊ အဲဒီကြိုးကို သူက ငါ့အတွက် လက် လက်ဆောင်ပြန်ပေးခဲ့တာ၊ လော့ကက်ပြားက ဓာတ်ပုံကိုပြပြီး သက်သေထူတော့ သူ့ဇာတိ ရုပ်ပေါ်ပြီး ဘာမှမငြင်းနိုင်တော့ဘူးလေ၊ အဲဒါတွေ အားလုံးအတွက် ငါ့ကို နှုတ်ပိတ်ခဲ့တာ''

ဟု တိုးညှင်းစွာ ပြန်ပြောင်းရှင်းပြ ပြောဆိုခဲ့သည်။

''တောက်···ယုတ်မာလိုက်တဲ့ စောဖေ၊ တွေ့ကြ သေးတာပေါ့''





ဟု ဟံမင်းညို ကြိမ်းဝါးမိရ၏။ ကပ္ပိယကြီးက ဟံမင်းညို အား နှစ်သိမ့်ဖြောင်းဖျပြီး ယွန်းခင်ခင်ကို အဟာရတစ်ခုခု တိုက်ကျွေးခိုင်းသည်။ သို့နှင့် ဟံမင်းညိုလည်း အရေးပေါ် ဆောင် ထားသော ဘီးဟိုက်ဘရန်ဒီပုလင်းကိုထုတ်ကာ ဘရန်ဒီတစ်ပက်နှင့် ကြက်ဥတစ်လုံး ဖျော်စပ်ရန် တက်ပုအား ခိုင်းစေပြီး ဆေးအဖြစ်နှင့် ယွန်းခင်ခင်အား တိုက်ကျွေးရလေသည်။

ထိုဆေး တိုက်ပြီးနောက် အနာသက်သာသွားဟန်နှင့် ယွန်းခင်ခင် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့သည်။

ထိုအခါမှ ဟံမင်းညိုနှင့် ကပ္ပိယကြီးကို ဘာဆက်လုပ်သင့် သလဲဟု တိုင်ပင်ညှိနှိုင်းဆွေးနွေးကြရလေ၏။

ကပ္ပိယကြီးက···

''လုပ်သင့်တာကတော့ စောဖေရဲ့ ယုတ်မာပက်စက်မှုကို ဖော်ထုတ်ပြီး ယွန်းခင်ခင်ကို ကယ်တင်ဘို့ပဲ''

''ဟုတ်တယ်···အဘသီး···အဲဒီကိစ္စကို ဘယ်လိုဆက်ပြီး အကောင်အထည် ဖော်ကြမလဲ''

ကပ္ပိယကြီးက အတန်ကြာ စဉ်းစားလိုက်ရင်း···

''မင်း···ယွန်းခင်ခင်အပေါ် ဘယ်လိုသဘောထားသေးလဲ ကောင်လေး''



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဟံမင်းညိုက လွန်စွာတောက်ပြောင် ရွှန်းလဲ့နေသော မျက်ဝန်းများနှင့် ယွန်းခင်ခင်ကို စောင်းငဲ့ကြည့်ရှုရင်း…

"ငယ်စဉ်ထဲက အသည်းပေါက်မတတ် ချစ်ခဲ့ရတဲ့ ချစ်ဦးသခင်ပါ အဘသီး၊ ဒီအချိန်မှာ ယွန်းအပေါ် ပိုပြီးမြတ်နိုးရတဲ့အပြင် သနားလဲ သနားတယ်၊ ကျွန်တော့်မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူး၊ လုံးဝအဆုံးရှုံး မခံနိုင်တော့ဘူး အဘသီး"

"အင်း…ဟုတ်ပြီလေ ဒါဆို အဘစဉ်းစားမိတာ တစ်ခုရှိတယ်၊ တစ်ချက်ခုတ် နှစ်ဖက်ပြတ်လည်းဖြစ်အောင် မင်းအပေါ်လဲ အမှုမပတ်အောင် လုပ်မှဖြစ်မှာ"

"ဘာကိစ္စ အမှုပတ်ရမှာလဲ အဘသီးရဲ"

"ဟ…ယွန်းခင်ခင်က ဒဏ်ရာနဲ့လေ၊ မတော် သူတို့လိုက်ရှာလို့ ဒီမှာတွေ့သွားရင် အမှန်ကိုရှင်းပြတာက နောက်မှပြဿနာတက်မှာက အရင်ကွ၊ ပြီးတော့…ဟိုကောင် စောဖေရဲ့အကွက်ထဲဝင်သွားလိမ့်မယ်၊ မင်းဆီမှာ ယွန်းကိုဒဏ်ရာနဲ့ တွေ့ရလို့ကတော့ ကလိမ်ကကျစ်ဉာဏ်နဲ့ အပြစ်တွေ မင်းအပေါ် ပုံချလိမ့်မယ်၊ ပြီးတော့လဲ သူက ဝန်ထောက်မင်းရဲ့သား လုပ်ပိုင်ခွင့်ကအပြည့်ဘဲ"

"အင်း…အဘပြောတာလဲ ဟုတ်တာပဲ"

"ကဲကွာ…အချိန်ဆွဲမနေနဲ့တော့၊ ယွန်း အခြေအနေက





စိတ်ချရပါပြီ၊ အသက်အန္တရာယ် မရှိတော့ပါဘူး၊ ဒီတော့ ငါဖော်စပ်ထားတဲ့ ဆေးတစ်မျိုးတိုက်ပြီး ယွန်းကိုတောထဲမှာ သွားပြန်ထားရမယ်"

"အဲဒီလိုလုပ်ရင်"

"ယွန်းကို ပြန်ရှာတွေ့တဲ့အချိန်မှာ အားလုံးက သေပြီလို့ယူဆကြလိမ့်မယ်"

"တကယ် သေသွားရင်ကော အဘသီး"

"မသေပါဘူးကွာ၊ အလွန်ဆုံးသုံးရက်လောက်ပဲ မျောနေမှာအဲဒီအချိန်မှာ နှလုံးခုန်တာလဲ အရမ်းနှေးသွားလိမ့်မယ်၊ အသက်ရှူတာလဲ ခပ်မြှင်းမြှင်းပဲ အပေါ်ယံစမ်းလို့ကတော့ သေပြီလို့တွက်မှာပဲ"

"ပြီးတော့ကော"

"ပြီးရင် သူတို့အသုဘချဖို့ ပြင်ဆင်ရတော့မှာပေါ့၊ ဒီတော့မှ ယွန်းရဲ့အလောင်းကိုခိုးပြီး တို့ဆီခေါ်ထားမှာပေါ့"

"အဲဒီအချိန်မှာ သူအသက်ရှင်မှာ သေချာလား"

"သေချာပါတယ်ဆိုကွာ"

"ကောင်းတယ်ဗျာ၊ ဒီတော့မှ ကျွန်တော်လဲ မျက်လှည့်ပညာနဲ့ ရောပြီး ယွန်းခင်ခင်ရဲ့ ဝိညာဉ်ကို ဖိတ်ခေါ်လို့ တရားခံကိုမေးမြန်းပေးမယ်လို့ ကြေငြာပြီး ပြကွက်ဆန်းထွင်မယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



**ထိုအခါ အဘသီးက・・・**

"ဒါကတော့ မင်းအပိုင်းပဲ ငါမှမကျွမ်းတာ၊ ကဲ・・・အဲ
မရှိဘူး၊ ယွန်းကိုဆေးတိုက်ပြီး တောထဲသွားထားရဦးမှာ၊ ပစ်ထား
ပြီးရင်လဲ ရှာတဲ့လူတွေလာတဲ့အထိ ငါတို့က ပုန်းပြီးစောင့်ရှောက်
ပေးထားမှာပါ"

"ကောင်းတယ် အဘသီး・・・ကောင်းတယ်・・・ဒီအတိုင်း
ပဲလုပ်ကြမယ်"

ထို့နောက် အဘသီးနှင့် ဟံမင်းညိုက အဘသီးဖော်စပ်
ထားသော ဒဏ်ရာအကြီးအကျယ်ရပြီး ကယောင်ကတမ်း ဖြစ်နေ
သည့် လူနာများကို ကုသရာတွင်သုံးသော မေ့ဆေးကိုဂရုတစိုက်
တိုက်ကျွေးကြရလေ၏။

ဆေးတိုက်ပြီးစီးသွားသောအခါ ယွန်းခင်ခင်ကို စောင်ပုခက်
နှင့် ထည့်၍ထမ်းပြီး တောနက်ထဲသို့ ခေါ်ဆောင်လာခဲ့ကြသည်။
လောရှည်၊ ရန်ကနားနှင့် ဟံမင်းညိုတို့ တလှည့်စီထမ်းပြီး ယော
ချောင်းလက်တက် အရောက် ချီတက်လာခဲ့ကြ၏။

ချောင်းစပ်ရောက်သောအခါ ကိုယ်ခန္ဓာ အအေးဓာတ်ရ
စေရန် ရေစိုနေသော သံမြေပေါ်တွင် ယွန်းခင်ခင်အား နေရာချကာ
ဒဏ်ရာကို စည်းထားသော ပက်တီးကိုပြန်ဖြုတ်ပြီး ဒဏ်ရာပေါ်သို့





အနီရောင် ဖျော်ရည်တစ်မျိုး လောင်း၍ သွေးအဖြစ်ဖန်တီးကြရ
ပြန်သည်။

အားလုံး အစီအစဉ်တကျ ဟာကွက်မရှိအောင် ပြုလုပ်ပြီး
နောက် အဘသီးနှင့်ရန်ကနားအား အစောင့်ထားခဲ့ကာ ဟံမင်းညို
တို့ ဟန်မပျက်ပြန်လာပြီး မျက်လှည့်ရုံသို့ ပြန်ခဲ့ကြသည်။

ပွဲခင်းထဲပြန်ရောက်ပြီး မကြာမီမှာပင် အင်စပက်တာ ဦးဘ
ဒင် ရောက်လာပြီး ယွန်းခင်ခင် ပျောက်နေကြောင်း တိုင်ချက်ဖွင့်ထား
၍ ရှာဖွေလိုပါသည်ဟု ဝရမ်းစာထုတ်ပြလေ၏။

ဟံမင်းညိုက အသာတကြည် ရှာခွင့်ပြုသောအခါ ပုလိပ်
အဖွဲ့ မျက်လှည့်ရုံထဲ ပိုက်စိတ်တိုက် စိတ်တိုင်းကျ လှန်လှောမွှေ
နှောက်ရှာကြသော်လည်း ဘာဆိုဘာမှ မသင်္ကာစရာ မတွေ့ခဲ့ကြ။

ဦးဘဒင်က တောင်းပန်ပြီး တောနင်းရှာဖွေဦးမည်ဟု ပြော
လာသဖြင့် ဟံမင်းညိုလည်း လိုက်ခဲ့ပါရစေဟု ခွင့်တောင်းကာ ပုလိပ်
အဖွဲ့နှင့်အတူ လိုက်ပါသွားခြင်းဖြစ်သည်။

ထို့နောက်မှာတော့ ယွန်းခင်ခင် အလောင်းကို ရှာတွေ့ပြီး
အိမ်သို့သယ်ကာ အသုဘချရန် ပြင်ဆင်ခဲ့ကြသည်။ ထိုညမှာပင်
ဟံမင်းညိုတို့အဖွဲ့ မြို့လူထု၏ ကြောက်ရွံ့မှုနှင့် လမိုက်ခြင်းကို
အခွင့်ကောင်းယူကာ ဝတ်စုံနက် (မျက်လှည့်ပြရာတွင်ဝတ်ဆင်သော)



www.burmeseclassic.com

www.burmeseclassic.com



များခြံ၍ အလောင်းကိုခိုးယူခဲ့ကြခြင်း ဖြစ်လေသည်။

▲ ▲ ▲

ကပ္ပိယကြီးက ရှည်လျားထွေပြားစွာ ရှင်းပြလိုက်ရ၍ မောပြီး အာခေါင်ခြောက်သွားဟန်နှင့် အဖန်ရည်တစ်ခွက်ငှဲ့ကာ သောက်လိုက်တော့သည်။

"ဇာတ်လမ်းကတော့ ဒါပဲ၊ ကျန်တာတွေကတော့ ခင်ဗျား မျက်မြင်ဘဲ မဟုတ်လား ဦးဘဒင်"

ထိုအခါ ဦးဘဒင်က…

"တော်တော်အကြံကြီးတဲ့ သူတွေပဲ၊ ပုလိပ်တောင် မျက်စိ လည်တယ်ဗျာ"

"ကျုပ်တို့က အမှုမှန်ပေါ်ဖို့နဲ့ ချစ်သူချင်းပေါင်းဖို့ကလွဲပြီး ဘာ ရည်ရွယ်ချက်မှ မရှိပါဘူး"

"အပြောပိုင်လှချည်လား ဦးဖြူသီးရာ၊ အင်း…ဒါနဲ့ ယွန်းခင်ခင်ရဲ့ဒဏ်ရာ လုံးဝသက်သာသွားပြီလား၊ နေထိုင်ရော ကောင်းရဲ့လား"

"ဒဏ်ရာက သက်သာသွားပါပြီ၊ နေကောင်း မကောင်း





ဆိုတာတော့ ဟံမင်းညီမှ သေချာပြောနိုင်မှာလေ၊ ကျုပ်မြင်တာ ကတော့ ဟံမင်းညီ ရင်ခွင်ထဲမှာ ကြည်ရွှင်ပြီးပြုံးနေတဲ့ ယွန်းခင်ခင် ပဲဗျ"

"ဟား…ဟား…ဟား…ကောင်းပါပြီဗျာ…ကောင်းပါ ပြီ ကျုပ်လဲ ဟံမင်းညီလို လူတော်တစ်ယောက်ကို လေးစားပါတယ်၊ ချစ်သူချင်း ကွေကွင်းအောင်လုပ်ရင် ကျုပ်ဝင်မွှေလိုက်နေပါဦးမယ်ဗျာ၊ ဟား…ဟား…ဟား…ကဲ…သွားပြီဗျို့"

"တစ်ခုပြောစရာရှိသေးတယ် ဦးဘဒင်"

"ဘာများလဲဗျ"

ပြန်ရန်ဟန်ပြင်ပြီးမှ ဆက်လာသော ကပ္ပိယကြီး၏ စကား ကြောင့် ဦးဘဒင်ဦးထုပ်ကို မဆောင်းသေးပဲ စောင့်နေလိုက်၏။

"အခြေအနေ အေးဆေးသွားမှ ဟံမင်းညီတို့လင်မယား ယွန်းတို့မိဘတွေဆီ လာကန်တော့ကြလိမ့်မယ်၊ အခုဆိုရင် ဒီကိစ္စ မပေါက်ကြားပါစေနဲ့ဗျာ၊ သူတို့ကိုခွင့်မှာစုံးလို့ပါ"

"သြော်…ဒီလိုလား၊ ဒါဖြင့် ကျုပ်ကပြန်ပြီးအကြံပေးခဲ့ ပါရစေ၊ သူတို့လင်မယား အဖိုးအဖွားအတွက် မြေးရမှသာ လာခဲ့ ကြလို့…ဟား…ဟား…ဟား"

ပြောဆိုရယ်မောရင်း ဦးဘဒင် ထွက်ခွာသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



**ထိုအခါမှ စိတ်သောက** အလုံးကြီးကျသွားဟန်နှင့် ကပ္ပိယကြီး
သက်ပြင်းချလိုက်ပြီး . . .

''ကိုင်း . . . ငါ့ကောင်တွေ . . . ငါလဲ လူအမှုတွေ ဝင်ရှုပ်
တာနဲ့ ကျောင်းကိုတောင် ပြန်မရောက်တာကြာပြီ ပြန်တော့မယ်ကွာ
မင်းတို့နဲ့ ဟံမင်းညို ပြန်ဆုံရင် လူကြုံကောင်းတဲ့အခါ အခြေအနေကို
စာလေးဘာလေးပို့ပြီး အကြောင်းကြားဦးလို့ ပြောလိုက်ကြားလား''

ထိုအခါ အဖွဲ့သားများက အလုပ်လုပ်နေရာမှ မြို့င်တူခေါင်း
ငြိမ့်ပြသော်လည်း လူပုလေးကမူ . . .

''ဗျို့ . . . အဘသီး . . . အခုဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုလုံး အဘသီး
အကြံအစည်တွေချည်းပဲနော်၊ မုသာဝါဒကံကို ချိုးဖောက်တာလဲ
အကြိမ်ကြိမ်ပဲ၊ ကျောင်းရောက်ရင် ကိုရင်တွေလို အာပတ်ဖြေပြီး
ဥပုသ်စောင့်လိုက်ဦး''

ဟု လှမ်းပြောလိုက်လေတော့သတည်း။

▲ ▲ ▲

ကျေးငှက်သာရကာတို့ တီတီတျာတျာ ဟစ်ကြွေး၍ နံနက်
ခင်းဝေးကို သီကျူးလို့နေကြလေပြီ။ နေမင်းကို မမြင်ရသေး





သော်လည်း လောကဓာတ်တစ်ခွင်လုံး အလင်းရောင်ကို သောက်သုံး
ခွင့်ရကြပြီဖြစ်၏။

အအိပ်ဆတ်သော ဟံမင်းညိုတစ်ယောက် ကျေးငှက်တို့၏
စီစီညံညံ အံသံကြောင့် ဖြတ်ကနဲ နိုးလာခဲ့သည်။ အဦးဆုံး ယွန်း
ခင်ခင်ကို သတိတရ လှည့်ကြည့်မိ၏။

တစ်ညလုံး မြင်းနှင့်ခရီးနှင် လာခဲ့ကြသော်လည်း ဒဏ်ရာ
အကင်းသေစ ယွန်းကိုညှာရသဖြင့် ခရီးသိပ်မတွင်ခဲ့။ အုန်းမောင်း
ခေါက်ချိန်ရောက်မှ ဤဇရပ်တွင် နားခိုမှေးစက်ခဲ့ကြရသည်မို့
နာလန်ထစ ယွန်းခင်ခင်မှာ ခရီးပန်းသည့်ဒဏ်နှင့် နှစ်ခြိုက်စွာ
အိပ်ပျော်နေဆဲပင် ဖြစ်သည်။

ခဏနေတော့ လက်ရှိဘဝကိုသတိရ အသိဝင်လာဟန်နှင့်
လူးလဲ၍ ထလိုက်သည်။ ဟံမင်းညိုက ဖေးမတွဲထူလိုက်၏။

''ဟံမင်းညို နင် . . . ငါ့အနားမှာရှိနေတယ်နော်''

''ရှိနေတာပေါ့ ယွန်းရယ်၊ ငါကနင့်ကိုပစ်ပြီး ဘယ်ကို
သွားမှာမို့လဲ''

ယွန်းက ရင်ဘတ်လေးဖို့ရင်း သက်ပြင်းလေးချကာ . . .

''ဟူး . . . တော်သေးတာပေါ့ ဟံမင်းညိုရယ်၊ ငါလေ
အိပ်မက်ဆိုးတွေ မက်နေတာ၊ နင်နဲ့ငါ ထွက်ပြေးတဲ့နောက် စောဖေ
ဆိုတဲ့ လူယုတ်မာ လိုက်လာပြီး နင့်ကိုဓားနဲ့ထိုးတယ်၊ တော်သေး



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ တကယ်မဟုတ်လို့"

"ယွန်းရယ်…တို့တွေအိပ်မက်ဆိုးက လွန်မြောက်ခဲ့ပြီ ဧရှ့လျှောက် ကိုယ့်ရဲ့မေတ္တာနဲ့ လွှမ်းခြုံထားတဲ့ အမိုးအကာ အောက်မှာ ယွန်းလေး စိတ်အေးချမ်းသာစွာနဲ့ မှေးစက်နိုင်ပါပြီ"

"တကယ် ဟုတ်ပါတယ်နော်…ဟံမင်းညို"

"ဘာလို့မဟုတ်ရမှာလဲ ယွန်းရယ်၊ ဒီကနေ နေ့ဝင် လောက်သွားရင် ပြည်မြို့ကိုရောက်ပြီလေ၊ ပြည်ကိုရောက်ရင် ဆိပ်ကမ်းကစောင့်ပြီး အညာဆန်မီးသင်္ဘောကြီးနဲ့ မန္တလေးကို တက်ကြမယ်၊ မန္တလေးရောက်တာနဲ့ အားလုံးအေးချမ်းသွားပြီလေ၊ အဲဒီအခါကျရင် ကိုယ်တို့လင်မယား အေးအေး ဆေးဆေး နေလို့ရပြီ ပေါ့"

"အံမယ်…ဘာ ကိုယ်တို့လင်မယားလဲ၊ စီးစီးပိုးပိုးနဲ့ ဟင်းနော်"

လွန်စွာချစ်ဖွယ်ကောင်းသော အမူအရာလေးနှင့် ပြောလိုက်သောကြောင့် မချင့်မရဲ ဖြစ်သွားသော ဟံမင်းညိုက ယွန်းကို ရင်ခွင်ထဲဆွဲသွင်းပြီး အနမ်းမိုးရွာလိုက်တော့၏။

"လွှတ်ပါဦး…အသက်ရှူကြပ်တယ်"

"တောင်းပန်ပါတယ် ယွန်းရယ်၊ ကိုယ်စိတ်မထိန်းနိုင်လွန်းလို့ပါ၊ ယွန်းက သိပ်နေလို့ကောင်းသေးတာမှ မဟုတ်တာ၊ ခွင့်လွှတ်





နော်၊ ကိုယ်လေ…ဟို…ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်က ပါဆို မိုးသည်းညလေးကို တမ်းတသတိရ သွားမိလို့ပါ"

ထိုသို့ပြောလိုက်မှ ယွန်းလဲအတိတ်ဟောင်းမှ အချစ် အကြောင်းကို အမှတ်ရသွားပြီး ရှက်စိတ်နှင့် ပါးလေး[illegible] နီမြန်းလို့သွားရရှာလေ၏။

"ဟွန်း…အဲဒီညက နင်သိပ်ဆိုးတာပဲ ငါကမိုးမြိမ်းတာ ကြောက်လို့ဟာကို"

"ကိုယ်တော့ အဲဒီလို ညမျိုးပြန်ကြုံချင်တယ် ယွန်းရယ်"

"စိတ်ထိန်းဆရာကြီး စိတ်ထိန်း"

"ကောင်းပါပြီ အလှကလေးရယ်၊ ဒါဆိုလဲ မန္တလေးရောက်မှပေါ့နော် ဟုတ်ပြီလား၊ ကဲ…ထ…ထ…ခရီးဆက်ရအောင် မိန်းမရေ"

"ပြောလေ…ကဲလေပါလား…ဟံမင်းညိုရယ် ရှက်ပါတယ်ဆို"

ယွန်းတစ်ယောက် တကယ်ရှက်နေမှန်းသိ၍ ဟံမင်းညိုက မစမနောက်တော့ဘဲ ဇရပ်ခြေရင်းတွင် လှန်ထားသော မြင်းကို ကောက်၍ ကုန်းနှီးတင်ကာ ဝန်စည်စလယ်များ သိမ်းဆည်းရင်း မြင်း၏တင်ပါးနှစ်ဖက်ကို ဆွဲထားသော အိတ်ထဲသို့ ထည့်သိမ်းလိုက်၏။ အားလုံးအဆင်သင့် ဖြစ်သောအခါ…



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း…လာလေ"

ဟံမင်းညို ခေါ်လိုက်သောအခါ ယွန်းက ဇရပ်ပေါ်မှ ကြုကြုရွရွလေး ဆင်းလို့လာသည်။ အနားသို့ရောက်သောအခါ ယွန်း၏ ခါးကျင်ကျင်လေးကိုမပြီး မြင်းကုန်းနှီးထက်သို့ မြှောက်ချီ၍ တင်ပလ္လင်ထိုင်နိုင်ရန် တင်ပေးလိုက်သည်။

ပြီးတော့ ဟံမင်းညိုက မြင်းဇက်ကိုဆွဲကာ စတင်ထွက်ခွာလာခဲ့ကြသည်။ နေမင်းကြီးကလည်း နံနက်ခင်းအတွက် နုးညံ့ဖျော့တော့သော ရောင်ခြည်ကို ပို့လွှတ်နေပေပြီ။ မပူပြင်းသော အလင်းအောက်တွင် ချစ်ရသူ နှစ်ဦး အတူယှဉ်တွဲသွားလာရခြင်း ရသကို ဟံမင်းညိုနှင့် ယွန်းခင်ခင်ပါ အပြည့်အဝ ခံစားနေကြရသဖြင့် လန်းရွှင်တက်ကြွလျက်ရှိကြလေသည်။

ယင်းသို့ ကြည်နူးဖွယ်မြင်ကွင်းအတွင်းသို့ မြင်းနှစ်ကောင် ဒုန်းစိုင်း၍ ပြေးဝင်လာနေ၏။ ပထမတော့ ဟံမင်းညိုတို့ သတိမပြုမိသေး။ တဖြေးဖြေး နီးလာ၍ မြင်းခွာသံများ ကြားလိုက်ရမှ ဟံမင်းညို နောက်လှည့်ကြည့်ဖြစ်သည်။

ခရီးသွားဖော်ရပြီ ဟူသောအသိနှင့် မြင်းဇက်ကိုတုန့်၍ ခေတ္တမျှ လှမ်းမျှော် စောင့်ကြည့်နေလိုက်သည်။ တဖြေးဖြေး ပို၍ နီးလာသဖြင့် လူလုံးပီသ သဲကွဲစပြုသည့် အခိုက်မှာပင် ရှေ့မြင်း ပေါ်မှလူက အသံနက်ကြီးဖြင့် လှမ်းအော်လိုက်လေ၏။





"ဟံမင်းညိုနဲ့ ယွန်းခင်ခင် မင်းတို့ငါ့လက်က မလွတ်ပါဘူး။ ငါ သတ်လို့သေပြီဆိုတဲ့ကောင်မ၊ အခုမှ ဇိဇိနှပ်နှပ်ရတော့မယ်၊ ငါ လာပြီ…စောဖေလာပြီ"

အန္တရာယ်အငွေ့အသက်တို့ လွှမ်းခြုံလာပြီမို့ ဟံမင်းညိုက ယွန်းကို မြင်းပေါ်မှ ချီ၍ချလိုက်ပြီး ကုန်းနှီးတွင် ချိတ်ဆွဲထားသော ဆောင်ဓားကို အလျှင်စလို နှုတ်ယူလိုက်၏။

စောဖေထံတွင် သေနတ်ပါမလာသဖြင့် ကံကောင်းသည် ဟုဆိုရမည် ဖြစ်လေသည်။ ဟံမင်းညိုမှာ လူနှစ်ယောက် မြင်းနှစ်ကောင်ကို မမှုသော်လည်း ယွန်းရှိနေသဖြင့် နောက်ဆံတင်းနေရ၏။

အနားရောက်သည်နှင့် စောဖေက မြင်းပေါ်မှ လွှားကနဲ ခုန်ဆင်းကာ ဒလကြမ်း ခုတ်ထစ်တော့၏။ နောက်မြင်းတစ်စီးပေါ်မှ လူလဲ အောက်ဆင်းလာပြီး ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ကြသဖြင့် ဟံမင်းညို အလူးအလဲ ခုခံနေရသည်။

ယွန်းမှာလည်း ရုတ်တရက် ကြုံလိုက်ရသော အဖြစ်အပျက် အပေါ် အံ့အားသင့်ပြီး စောဖေကို ကြောက်လွန်းသဖြင့် အခြေအနေမှောင် မထွက်ရဲအောင် ဆတ်ဆတ်တုန်နေရှာ၏။

မနားတမ်း ခုတ်ပိုင်းထိုးသတ်နေရင်းမှ ဒေါသမီးလောင်နေသော စောဖေက…

"အောက်လမ်းဆရာစုတ်၊ ငါကတော့ ညကြောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုံပြီး ငါ့လုပ်ရပ်ကိုတောင် နောင်တရမိတယ်၊ အခုတော့ မင်းတို့က ထွက်ပြေးပြီး နှစ်ပါးသွား ကကြမလို့ပေါ့လေ ဟုတ်လား။ အေး နှစ်ပါးသွားကချင်ရင် ငရဲရောက်မှက"

"ချွင်"

"ချွင်"

"ခွမ်း"

"ရွမ်း"

"အ"

နှစ်ယောက် ပိုင်းခုတ်နေကြသဖြင့် သတိတစ်ချက်အလစ်မှာ ဟံမင်းညိုပခုံးသို့ ဓားထိသွားရ၏။ ထိုအဖြစ်ကြောင့် လွန်စွာ အားရသွားသော စောဖေ ဟက်ကနဲ ရယ်လိုက်ပြီး . . .

"ဒါ အစပဲရှိသေးတယ်၊ အစပဲရှိသေးတယ်၊ သေစမ်း ကွာ . . . သေစမ်း . . . သေစမ်း"

ဒဏ်ရာရသွားခိုက် ဖိတိုက်၍ အနိုင်ယူရန် ဆုံးဖြတ်ထား ဟန်တူသည်။ ဓားချက်တို့ပိုပြင်းလာ၏။ ပို၍အားပါလာ၏။ ထိုအဖြစ် ကို မကြည့်ရက်သော ယွန်းထံမှ အသံထွက်လာသည်။

"တော်ကြပါတော့ . . . တော်ကြပါတော့ . . . တောင်းပန်ပါ တယ် ကိုစောဖေ၊ ဟံမင်းညိုကို မသတ်ပါနဲ့ရှင့် ကျွန်မတောင်းပန် ပါတယ်"





စောဖေက အသံကြားသွားမှ သတိရသွားသည့်ထင်၏။ အတူတိုက်ခိုက်နေသော တပည့်အား . . .

"မှုံကြီး ဟိုကောင်မကို ဖမ်းထားလိုက် ထွက်ပြေးသွား ဦးမယ်၊ ဒီကောင့်ကို ငါရှင်းလိုက်မယ်"

"ကောင်းပြီ . . . အာစရိ"

စောဖေ၏ လုပ်ရပ်ကြောင့် ယွန်းအပေါ် နောက်ဆံတင်းမှု ပိုသွားရပြီး ဓားကွက်တို့ပျောက်ကာ ခြေလှမ်းများပင် မှားလာရသည်။ အဆုတ်အတက် မမှန်တော့။

"တပည့်တွေ အချုပ်ဖောက်ပေးလို့ လွတ်ရာပြေးလာတာ ကံကောင်းချင်တော့ လူလိမ်စုံတွဲကိုပါ လမ်းမှာတွေ့ရတယ်၊ ဟန်ကျ လိုက်တာကွာ၊ မင်းကိုအသေသတ်ပြီး ဟိုကောင်မကို အရှင် နှိပ်စက်ရမှ ငါကျေနပ်မှာ . . . ကဲ . . . ကဲ . . . ကဲကွာ"

"ချွမ်း . . . ချွမ်း . . . ချွန်း"

အားအပြည့်ထည့်ကာ မရပ်မနား ခုတ်လိုက်သည်တွင် ဟံမင်းညို လက်ထဲမှဓားပါ ပြုတ်ကျလွင့်စင်သွားရ၏။ စောဖေမှာ သဘောအကျကြီး ကျသွားပြီး ကြွက်ကိုကြောင်ကစားသလို ချက်ချင်း မတာခုတ်ရင်း တဟားဟား ရယ်နေလေတော့၏။

"ဟား . . . ဟား . . . ဟား . . . ဘယ်လိုလဲ အောက်လမ်းဆရာ မသေခင် ဘာဆုတောင်းမလဲ၊ နောင်ဘဝကျမှ ယွန်းခင်ခင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းရပါစေလို့ ဆုတောင်းရင် ကောင်းမယ်ထင်တယ်. . .ဟား. . .ဟား. . .ဟား. . .သွားစမ်း ငရဲကို''

လျှောင်ပြောင်ရင်း ဒလစပ်လိုက်ခုတ်နေသဖြင့် တဆုတ်ထဲဆုတ်နေရသော ဟံမင်းညို ကမူတစ်ခုကို ခလုပ်တိုက်ပြီး နောက်ပြန်လဲကျသွားရ၏။

ထိုအခိုက်တွင် မြင်းတစ်အုပ် ဒုန်းစိုင်းလာသံ ကြားလိုက်ရသဖြင့် စောဖေ ပြာသွားသလို ဟံမင်းညို အားတက်သွားရသည်။

''ဆရာ. . .ဆရာ. . .ပုလိပ်တွေလိုက်လာပြီ''

စောဖေလဲ ထိတ်လန့်သွားကာ. . .

''ဟေ့ကောင်. . .ဟိုကောင်မကို မြင်းပေါ်တင် ဒီကောင့်ကိုရှင်းမယ်''

ရုတ်ရုတ်သဲသဲအဖြစ်တွင် ဆီးမိုး၍ခုတ်လိုက်သော ဓားချက်ကို ရှောင်ရန် မျက်ခြေမပြတ် ကြည့်နေခိုက် သေနတ်သံတစ်ချက် ထွက်ပေါ်လာ၏။

''ဒိုင်း. . .''

သူတော်ကောင်း နတ်ကောင်းမသည်ပဲလား။ လောကပါလတရားတို့ အားကောင်းနေခြင်းလား မပြောတတ်တော့ သေနတ်မှန်၍ လူရောဓားပါ ပြုတ်ကျလာသော စောဖေကိုယ်ကြီး မပိမိအောင် လှိမ့်၍ ဟံမင်းညို ရှောင်လိုက်ရသည်။





''ဝုန်း. . .''

ထိုအခါ ယင်သားဓားပြမှာလည်း အခြေအနေ မဟန်ကြောင်းရိပ်မိပြီး ယွန်းခင်ခင်ကို အရေးမစိုက်တော့ပဲ မြင်းပေါ်တက်ကာ ဒုန်းစိုင်းပြေးတော့၏။ သို့သော် ပုလိပ်သားတို့၏ ပစ်ခတ်မှုကြောင့် မြင်းပေါ်မှ ကားကနဲ ပြုတ်ကျသွားလေတော့၏။ မြင်းခွာသံများလည်း ရပ်ဆိုင်းသွားသလို သေနတ် သံလည်း တိတ်ဆိတ်သွား၏။ ယမ်းငွေ့တို့မူ မပြယ်ချင်သေး။

ယွန်းခင်ခင်လည်း လဲကျနေသော ဟံမင်းညိုထံသို့ အပြေးရောက်လာကာ ပွေ့ထူဖေးမလိုက်၏။

မြင်းပေါ်မှဆင်းလာသူ အင်စပက်တာ ဦးဘဒင်လည်း. . .

''အချိန်မီလို့ တော်သေးတာပေါ့ ကိုဟံမင်းညို၊ နည်းနည်းသာ နောက်ကျရင် မတွေးဝံ့စရာဘဲ''

ဟံမင်းညိုလည်း ဒဏ်ရာကိုလက်နှင့်ဖိရင်း အားယူကာ ထရပ်လိုက်ပြီး. . .

''ဟုတ်ပါတယ်. . .ဦးဘဒင်၊ ကျေးဇူးတင်လိုက်တာဗျာ၊ တကယ်ပါ၊ ကျုပ်မှာ ခင်ဗျားကယ်တဲ့ အသက်ပဲရှိပါတော့တယ်၊ ဒီကျေးဇူးတရားကို တသက်မမေ့ပါဘူးဗျာ''

''ရပါတယ်ဗျာ၊ ဒီလောက်လဲ မလိုပါဘူး၊ ခင်ဗျားပဲ အမှုမှန်ပေါ်ပေါက်ဖို့ ကူညီခဲ့တာပဲ''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယွန်းခင်ခင်က...

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ အင်စပက်တော်ကြီးရယ်၊ ကျွန်မဘဝအတွက် အရေးအကြီးဆုံး ဟံမင်းညိုရဲ့ အသက်ကို ကယ်လိုက်တာဟာ ကျွန်မအသက်ကိုပါ ကယ်တင်လိုက်သလိုပါပဲ၊ ရှင်ဟာ အသက်နှစ်ချောင်းရဲ့ ကျေးဇူးရှင်ပါ"

"အင်း...ကြားရတာ ကြည်နူးစရာ ကောင်းလိုက်တာ၊ ကိုဟံမင်းညို ခင်ဗျားတကယ် ကုသိုလ်ထူးတဲ့လူပဲ၊ ဒီလောက် နူးညံ့သိမ်မွေ့ပြီး အကြင်နာတရားနဲ့ မေတ္တာစိတ်ကြီးမားလွန်းတဲ့ အမျိုးသမီးနဲ့ ပေါင်းဖက်ခွင့်ရတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူးနော်"

"ကျေးဇူးတင်လိုက်တာ ဦးဘဒင်ရယ်၊ လောလောဆယ် ဘာမှ မတုံ့ပြန်နိုင်တဲ့အတွက် လက်အုပ်ချီပြီးတော့သာ ကန်တော့လိုက်ပါရစေတော့ဗျာ"

ပြောပြောဆိုဆို ဟံမင်းညို ဒူးထောက်လိုက်သဖြင့် ယွန်းခင်ခင်ပါ အတူယှဉ်တွဲကာ ဦးဘဒင်အား ကန်တော့လိုက်ကြသည်။

ဦးဘဒင်က မနေတတ်စွာ တားသော်လဲမရ။

"အင်း...ပုလိပ်က ဆုပေးရမှာ ရယ်စရာကြီးဗျာ၊ ဒါပေမဲ့ ရင်ထဲက စကားတစ်ခွန်းတော့ ထားခဲ့ချင်ပါတယ်၊ ဒီလင်ဒီမယား သက်ဆုံးတိုင် ရိုးမြေကျ ပေါင်းဖော်ကြရပါစေဗျာ"

ထိုအခါ ဟံမင်းညိုနှင့် ယွန်းခင်ခင်က သံပြိုင်နှင့်...





"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်"

ဟု ပြောလိုက်ကြတော့ ဦးဘဒင်က...

"ကိုင်း...ကိုင်း...ခင်ဗျားတို့လဲ ခရီးဆက်ရဦးမှာ မဟုတ်လား။ သွားကြပေဦးတော့ဗျာ၊ ကံမကုန်ရင် တချိန်ချိန်မှာ ပြန်ဆုံချင်ပါသေးတယ်"

"ဟုတ်ကဲ့...ဆုံဖြစ်မှာပါ၊ ကဲ...သွားပြီနော်"

ဟံမင်းညိုနှင့် ယွန်းခင်ခင် မြင်းကိုဆွဲပြီး လှည်းအထွက်တွင် ဦးဘဒင်၏ အမိန့်ပေးသံကို ကြားလိုက်ကြရလေ၏။

"ဆာဂျင်စွပ်ပရား...စားပြအလောင်းတွေ မြင်းပေါ်တင် ဂတ်ပြန်မယ်"

"ရက်ဆား"

ဦးဘဒင်တို့ ပုလိပ်အဖွဲ့ ထွက်ခွာသွားမှုကို ဟံမင်းညိုနှင့် ယွန်းခင်ခင်တို့ သမင်လည်ပြန်ကြည့်ရင်း လက်ပြနှုတ်ဆက်မိကြ၏။

တဖြေးဖြေးဝေး၍ လူလုံးပျောက်သွားသောအခါမှာတော့ ဟံမင်းညိုနှင့် ယွန်းခင်ခင် တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး မြင်းကိုဆွဲကာ လှပသစ်လွင်သော အနာဂတ်ရှိရာသို့ ဦးတည်ခဲ့ကြလေတော့၏။

"ကဲ...မိန်းမရေ...အန္တရာယ်တွေရှင်းပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



နေမမြင့်ခင် နားစရာတွေ့အောင် လှမ်းလိုက်ကြရအောင်''

''အမယ် . . . အမယ် . . . ဘာမိန်းမလဲ၊ လာပြန်ပြီလား ကဲဟယ်''

''အား''

ယွန်းက ကျိုးစယ်၍ ထုလိုက်သော်လည်း လက်မောင်းမှ ဒဏ်ရာကို ထုမိသည်မို့ ဟံမင်းညို အော်လိုက်မိတော့၏။ ထိုအခါမှ ယွန်းလည်း သတိရသွားကာ . . .

''အဲ . . . ကန်တော့နော် . . . ကန်တော့ . . . ယောင်ပြီး ထုမိလိုက်တာပါ၊ သိပ်နာသွားသလားဟင်''

ဟု စိုးရိမ်ပူပန်စွာ မေးလိုက်မိသည်။

''နာတာပေါ့ မိန်းမရယ်၊ ကိုယ့်ကိုတွဲပါဦး''

ဟု ထပ်မံပြောဆိုလိုက်သဖြင့် ယွန်းကထုရန် ရွယ်လိုက်ပြန်၏။ ထိုအခါ ဟံမင်းညိုက . . .

''ဒီလောက်တောင် လက်သွက်တဲ့မိန်းကလေး . . . ကဲ''

ဟံမင်းညိုသည် သိုင်းဖက်ပွေ့ချီရင်း နုနယ်လှပတဲ့ ပါးပြင်လေးကို နမ်းလိုက်တော့သည်။

''အို . . .''

မင်းပုည

အကျွန်ုပ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com